ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်၊ သောကြာနေ့ (8-5-2015) (၈၁၉၄)

သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏၊ မကောင်းသဖြင့် မကျင့်ရာ။ သူတော်ကောင်းတရားကို ကျင့်သောသူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာ နေရ၏။

(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရှမ်းပြည်နယ် ကျိုင်းတုံမြို့ ယဉ်ကျေးမှုပြတိုက် ကြည့်ရှု



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျိုင်းယင်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရအား ဖူးမြော်ကြည်ညိုစဉ်။ *(သတင်း စာမျက်နှာ - ၃)* (ပြန်/ဆက်)

# နိုင်ငံခြားတိုက်ရိုက်ရင်းနီးမြှုပ်နှံမှု၏ ၃၅ ရာခိုင်နှုန်းကျော် ဆွဲဆောင်ထားနိုင်ခဲ့သည့် မြန်မာ့စွမ်းအင်ကဏ္ဍ

သုတ

မြန်မာအစိုးရသည် မြန်မာ့ကမ်းလွန်၌ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ရှာဖွေတူးဖော်ရန် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော် ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားစွမ်းအင်ကုမ္ပဏီနှစ်ခုဖြစ်သော နော်ဝေနိုင်ငံမှ Statoil နှင့် အမေရိကန်ပြည်ထောင်စုမှ Conoco Phillips တို့နှင့် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခြင်းအားဖြင့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ ပို၍ လမ်းဖွင့်ပေးလျက်ရှိသည်။

အဆိုပါကုမ္ပဏီနှစ်ခုမှာ ဘင်္ဂလားပင်လယ်အော်အတွင်း မြန်မာ့ကမ်းလွန်ရှိ AD-10 ဟုခေါ်ဆိုသော ရေနက်လုပ်ကွက်တစ်ခုအတွက် ထုတ်လုပ်မှုအပေါ် အကျိုးအမြတ်ခွဲဝေခံစားရေးစာချုပ် (PSC) ကို လက်မှတ်ရေးထိုးခြင်းဖြစ်သည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ○**

လူမှုကရုဏာ လက်တွဲကူ ကြည်ဖြူ ကြက်ခြေနီ
စာမျက်နှာ - ၂

ညီရင်းအစ်ကိုပေ တို့တစ်တွေ
စာမျက်နှာ - ၆

SMART ဝမ်တ် ရိုလာ ခြင်ဇကာ
ခြင်ဇကာကို မလိုအပ်ချိန်တွင် ဘောင်ထဲသို့လိပ်သိမ်းထားနိုင်၍ မြင်ကွင်းရှင်းသည်။
သံချေးတက်ခြင်း၊ ဆွေးမြေ့ခြင်း မရှိသော ဖိုင်ဘာ ဂလတ်(စ်) ခြင်ဇကာသား
အလူမီနီယံ နှင့် U-PVC တပ်ဆင်ရေးလုပ်ငန်းရှင်များ လက်ကားဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ခြင် မကိုက်အောင် ကာကွယ်ပို့
ရန်ကုန် - 01 450 962
09 431 44178
09 79222 8860
မန္တလေး - 09 2506 38611
ပြတင်း/တံခါးဆိုဒ် ချိန်ကို အိမ်အရောက်တပ်ဆင်ပေးသည်။

ကားမှန် မှန်စပေါ် နှင့် အက်ကြောင်းရှည် များကို အပိုင်၊ အပီ ဆေးထိုးပေးတဲ့
မှန်ဒေါက်တာ
ရန်ကုန် 09 4211 51119 09 4500 54449
မန္တလေး 09 2506 38611 09 7987 97917

ကြံ့ခိုင်အောင် မျက်နှာကျက်
၁၀ ပေပတ်လည် (တစ်ကျင်း) အပြီးအစီး ၇၀၀၀၀ ကျပ် (ပစ္စည်းဖိုး၊ တပ်ဆင်ခ၊ သယ်ယူစရိတ် အားလုံးပါဝင်ပြီး)
အရည်အသွေးကောင်း မျက်နှာကျက်ပြား (2' x 2') T-Bar, L-Bar များကိုသာ သုံးစွဲတပ်ဆင်ပေးသည်။
အပူဒဏ် နှင့် ဆူညံသံ လျော့ပါးစေပြီး ဆေးသုတ်ရန်မလိုပါ။
Ph: 09 730 20031, 09 730 20032

## ကြေးမုံ စာ တည်း ရှု ထောင့် ၈-၅-၂၀၁၅၊ သောကြာနေ့

# လူမှုကရုဏာ လက်တွဲကူ ကြည်ဖြူ ကြက်ခြေနီ

၁၈၂၈ ခုနှစ် မေလ ၈ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ၌ လူသားချင်း စာနာထောက်ထားတတ်သော ကလေးငယ်တစ်ဦး မွေးဖွားခဲ့သည်။ သူသည် ဟင်နရီဒူးနန့်ဟု ကမ္ဘာတွင်အမည်တွင်သည့် ကြက်ခြေနီဖခင်ကြီးဟု အမည်တွင်မည့်သူဖြစ်သည်။ ထို့နောက် ဟင်နရီဒူးနန့်ကို ဂုဏ်ပြုသောအားဖြင့် ၎င်းမွေးဖွားခဲ့သည့် မေလ ၈ ရက်နေ့ကို ကမ္ဘာ့ကြက်ခြေနီနေ့ဟု ဂုဏ်ပြုသတ်မှတ်ခဲ့သည်။

ဟင်နရီဒူးနန့် တည်ထောင်ခဲ့သည့် ကမ္ဘာ့ကြက်ခြေနီအဖွဲ့အစည်းသည် ယနေ့ထက်တိုင် ကမ္ဘာ့လူသားများအားလုံးအကျိုးအတွက် ကိုယ်ကျိုးမဖက်ဆောင်ရွက်ပေးလျက်ရှိသည်။ ရှေးဦးသူနာပြုစုနည်းဖြင့် လူသားတို့၏ အသက်အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ရေးဟူသော ရည်မှန်းချက်ဖြင့် မေတ္တာ၊ ကရုဏာရှေ့ထားကာ စွမ်းဆောင်ပေးလျက်ရှိသည်။

လူမှုအကျိုးပြု လုပ်ငန်းရပ်များတွင် ပါဝင်ဆောင်ရွက်နေသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် အခကြေးငွေ မယူသည့် စေတနာ့ဝန်ထမ်းများသာ ဖြစ်ပေသည်။ လူမျိုးခွဲခြားမှုမရှိဘဲ ကြားနေအဖွဲ့အစည်းအဖြစ် လွတ်လပ်၍ တက်ကြွစွာဆောင်ရွက်နေသော ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကြီးသည် ယနေ့ကာလတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၈၆ နိုင်ငံမှ စေတနာ့ဝန်ထမ်း ၉၇ သန်းကျော်ဖြင့် လူမှုရေးအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည်။

ပြည်သူလူထု၏အကျိုးကို ရှေးရှုဖော်ဆောင်ခဲ့သော ကြက်ခြေနီအဖွဲ့အစည်းကို မြန်မာနိုင်ငံ၌ ၁၉၂၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် အိန္ဒိယနိုင်ငံ ကြက်ခြေနီအသင်း၏ အဖွဲ့ခွဲတစ်ခုသာ ဖြစ်ခဲ့သည်။ ယင်းနောက် ၁၉၃၇ ခုနှစ်တွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအဖြစ် တရားဝင် ရပ်တည်နိုင်ခဲ့သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည် အစဉ်အလာကောင်းများဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းရပ်များကို နှစ်ပေါင်းများစွာ အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ "ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်" ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သည်။ ယင်းရည်ရွယ်ချက်တွင် ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါဘေးတားဆီးရန်၊ ဘေးဒုက္ခကျရောက်သူများကို ကူညီရန်ဟူသည် လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ပေးသည်။

မြန်မာနိုင်ငံ ကြက်ခြေနီသမိုင်းကြောင်းတွင် တိုင်းပြည်နှင့်လူမျိုးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ပေးခဲ့သော ကြက်ခြေနီတပ်ဖွဲ့ဝင်များ အမြောက်အမြားရှိသည်။ ထင်ရှားသည့်စွမ်းဆောင်နိုင်မှုများကြောင့် ၁၉၆၃ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ဂျီနီဗာမြို့ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ချုပ်က မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ဗိုလ်မှူးဒေါ်ခင်အုန်းမြအား ဖလောရင့်နိုက်တင်ဂေးဆုကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ယခုအခါ ပြည်နယ်နှင့်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီများနှင့် မြို့နယ်ကြက်ခြေနီအသင်း၊ တက္ကသိုလ်၊ ကောလိပ်ကြက်ခြေနီအသင်းများ ဖွဲ့စည်းထားသည်။ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် တိုင်းပြည်၏ အရန်အင်အားများဖြစ်သည်။ တစ်မြို့နယ်လျှင် ကြက်ခြေနီသူနာပြုတပ်ရင်း တစ်ရင်းစီဖြင့်ဖွဲ့စည်းထားပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ လစာရိက္ခာမစားဘဲ ပြည်သူအတွက် ဘေးဒုက္ခအရေးကြုံလျှင် ရှေ့တန်းမှပါဝင်ဆောင်ရွက်ပေးသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ဂုဏ်ပြုထိုက်သောသူများပင်ဖြစ်သည်။

ထို့ကြောင့် ရှေးဦးသူနာပြုစုနည်းဖြင့် လူသားတို့၏ အသက်အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ပေးနေသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ "လူမှုကရုဏာစာနာရေး ဝိုင်းဝန်းလက်တွဲဖော်ဆောင်ပေး" ဆောင်ပုဒ်များနှင့်အညီ လူမှုအကျိုးပြုလုပ်ငန်းများ၊ ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆထက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေရန် မေ ၈ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကြက်ခြေနီနေ့တွင် ဆုမွန်ကောင်းတောင်း ဂုဏ်ပြုလိုက်ပါသည်။ ။

# မြန်မာနိုင်ငံရှိ SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**နေပြည်တော် မေ ၇**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား မလေးရှားနိုင်ငံ International Council of SME & Entrepreneurship (ICSMEE)၏ President Elect Mr. Yap Mew Sang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရုံးခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံရှိ SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ASEAN နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ASEAN Council of Small Business (ACSB) နှင့် International Council of SME & Entrepreneurship (ICSMEE) Myanmar ဖွဲ့စည်းတည်ထောင်ရန်ကိစ္စရပ်များ၊ မြန်မာ SMEs များနှင့် ASEAN SMEs များအကြား ပိုမိုကောင်းမွန်သည့် Platform တစ်ရပ် တည်ဆောက်နိုင်ရေးအတွက် မလေးရှားနိုင်ငံတွင် အောက်တိုဘာ ၂၆ မှ ၂၉ ရက်အထိ ကျင်းပမည့် တတိယအကြိမ်မြောက် ASEAN Council of Small Business (ACSB) Conference သို့ စက်မှုဝန်ကြီးဌာနမှ ပါဝင်တက်ရောက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၇**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၉၀၂၀၀ | - | ၆၉၁၀၀၀ |
| မန္တလေး | ရွှေဈေး | ၆၈၉၉၀၀ | - | ၆၉၀၇၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၇၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၉၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၀၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၃၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၈၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၂၄. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၄. ၁၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၂. ၄၆၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၂. ၃၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၉၅၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၀၄. ၆၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၉. ၉၁၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၆၀. ၀၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၁၅. ၃၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

# ဒီမိုကရေစီ အနှစ်သာရ ခံစားလိုက အခွင့်ပေးကြ

# ကျေးလက်ဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျန်းမာရေးဌာန ၁၆၉၆ ခုနှင့် ကျန်းမာရေးဌာနခွဲ ၈၆၀၀ ကျော်အထိ ဖွင့်လှစ်ခဲ့ပြီးဖြစ်

**နေပြည်တော် မေ ၇**

ကျေးလက်ဒေသနေပြည်သူများ၏ လိုအပ်ချက်နှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် ကျန်းမာရေးဌာနခွဲများ တိုးချဲ့ဖွင့်လှစ်ခြင်းများ ဖြည့်ဆည်းပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ကျေးလက်ဒေသတွင် တိုက်နယ်ဆေးရုံ၊ တိုက်နယ်ကျန်းမာရေးဌာန၊ ဌာနခွဲများနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ကျေးလက်ကျန်းမာရေးဌာန ၁၅၀၈ ခုရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ကျေးလက်ကျန်းမာရေးဌာန ၁၆၉၆ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၈၆၀၀ ကျော်ထိ တိုးချဲ့ဖွင့်လှစ်၍ ကျေးလက်ဒေသနေပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အပြင် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံမှု တိုးမြှင့်နိုင်ရေးအတွက် ၂၀၁၅ ခုနှစ် မတ်လအတွင်း ကျေးလက်ကျန်းမာရေးဌာန ၁၆၈၄ ခုနှင့် တိုက်နယ်ဆေးရုံ ၅၆၁ ရုံတို့ကို ဖွဲ့စည်းပုံ တိုးမြှင့်ဖွဲ့စည်းခွင့်ရရှိခဲ့၍ ကျန်းမာရေးကြီးကြပ်(၁)၊ ကျန်းမာရေးကြီးကြပ် (၂)၊ သားဖွားဆရာမများ တိုးမြှင့်ခန့်ထားနိုင်မည်ဖြစ်သည်။ အရန်သားဖွားဆရာမများ တစ်ရွာလျှင် တစ်ယောက်ရရှိနိုင်ရေးအတွက် လိုအပ်သောအင်အားရရှိရန် သင်တန်းပေးမွေးထုတ်ပေးလျက်ရှိသည်။ ကျေးရွာတိုင်းတွင် အရန်သားဖွားဆရာမများရှိလာမည်ဖြစ်သဖြင့် မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှုအား ပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

ထို့အပြင် ငါးနှစ်အောက်ကလေး ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုနှုန်းလျှော့ချနိုင်ရေးအတွက် ငါးနှစ်အောက်ကလေး ဆေးခန်းများအား ကျေးလက်ကျန်းမာရေးဌာနခွဲများအထိဖွင့်လှစ်၍ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**

## ပြည်ထဲရေးဝန်ကြီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများတွင် အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသား၊ ပုဂ္ဂလိက ကုမ္ပဏီလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။
 (က) မြန်မာနိုင်ငံရဲတပ်ဖွဲ့
 (ခ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
 (ဂ) အကျဉ်းဦးစီးဌာန
 (ဃ) မီးသတ်ဦးစီးဌာန

၂။ အထက်ပါဦးစီး/ဌာနများတွင် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် "အဆိုပြုတင်ဒါ" အဆိုပြုလွှာ၊ ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံနှင့် အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များအား ၆-၄-၂၀၁၅ ရက်မှ ၃၀-၄-၂၀၁၅ ရက်အတွင်း ရောင်းချခဲ့ပြီးဖြစ်ပါသည်။

၃။ "အဆိုပြုတင်ဒါ" အဆိုပြုလွှာတင်သွင်းထားသော လုပ်ငန်းရှင်များ၏ "ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံ"များနှင့်ပတ်သက်၍ ၇-၅-၂၀၁၅ ရက်မှ ၁၀-၅-၂၀၁၅ ရက်အထိ ပြည်ထဲရေးဝန်ကြီးရုံး (ရုံးအမှတ်-၁၀)ရှေ့ရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ မူလတန်းကြိုကျောင်းတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၄။ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံတင်သွင်းရမည့်ကုမ္ပဏီများအနေဖြင့် တပ်ဖွဲ့/ဦးစီးဌာနများ၏ လုပ်ငန်းအုပ်စု အမှတ်စဉ်အလိုက် ၁၃-၅-၂၀၁၅ ရက်တွင် ၉း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်(ရုံးအမှတ်-၈)၊ အရိန္ဒမာခန်းမတွင် တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသော ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်းမပြုပါ)

၅။ ကုမ္ပဏီများ၏ ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံများကို တပ်ဖွဲ့/ဦးစီးဌာနများ၏ လုပ်ငန်းအုပ်စုအလိုက် အောက်ပါနေ့ရက်များတွင် ဖွင့်ဖောက်ကြော်ငြာပေးသွားမည်ဖြစ်ပါသည်။
 (က) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန }
 (ခ) အကျဉ်းဦးစီးဌာန } ၁၄-၅-၂၀၁၅ ရက်
 (ဂ) မီးသတ်ဦးစီးဌာန
 (ဃ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၁၅-၅-၂၀၁၅ ရက်

၆။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| (က) | ပြည်ထဲရေးဝန်ကြီးရုံး | ဖုန်း | ၀၆၇-၄၁၂၄၃၆၊ ၀၆၇-၄၁၂၄၃၇ |
| (ခ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း | ၀၆၇-၄၁၂၁၃၈၊ ၀၆၇-၄၁၂၂၅၈ |
| (ဂ) | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဖုန်း | ၀၆၇-၄၁၂၅၂၈၊ ၀၆၇-၄၁၂၀၇၄ |
| (ဃ) | အကျဉ်းဦးစီးဌာန | ဖုန်း | ၀၆၇-၄၃၁၄၁၆၊ ၀၆၇-၄၃၁၄၂၀ |
| (င) | မီးသတ်ဦးစီးဌာန | ဖုန်း | ၀၁-၆၆၁၅၄၄၊ ၀၁-၆၆၄၇၅၄ |

**တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မသက်ထားဦး[၁၄/သပန(နိုင်)၁၀၈၅၁၀]၏ ပတ်စပို့(NO-MA 563359) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း- ၀၉-၄၂၂၄၆၃၆၀၆**

ဦးရဲမင်းဗိုင်(သချာ)
● ၁၀တန်းဘာသာစုံဝိုင်း(သင်-ကျက်-စစ်)
● မေလ(၉)ရက်စမည်၊ ကျောင်းချိန်လွတ် ● ၀၉ ၇၃၁၆၁၁၄၀
၁၆၅၊ဆိပ်ကမ်းသာလမ်း(လယ်)ပထမထပ်၊ကျောက်တံတားမြို့နယ်။

ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရှမ်းပြည်နယ် ကျိုင်းတုံမြို့ ယဉ်ကျေးမှုပြတိုက်ကြည့်ရှု

နေပြည်တော် မေ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဦးဝဏ္ဏမောင်လွင်၊ ဦးရဲထွဋ်၊ ဦးမြင့်လှိုင်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးခင်မောင်စိုး၊ ဦးခင်ရီ၊ ဦးဝင်းမြင့်၊ ဦးဝင်းရှိန်၊ ဦးသန်းဌေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ မြန်မာအမျိုးသားလေကြောင်းဖြင့် ထွက်ခွာခဲ့ကြရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့သို့ ရောက်ရှိကြသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကျိုင်းတုံလေဆိပ်၌ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (ပြန်/ဆက်)

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သန်းထွန်းဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ကျိုင်းတုံမြို့ သာသနာ့ဗိမာန်တော်ကြီးသို့ ရောက်ရှိပြီး ဗိမာန်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ဓမ္မောဒယပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာဇေယျနှင့် ကျိုင်းယင်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမာစာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မဟာမြတ်မုနိရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ပြီး ရွှေသင်္ကန်းဆက်ကပ်ကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ခေမာရဋ္ဌဗျာဒိတ်တော်ပေးရုပ်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ကျိုင်းတုံမြို့ ယဉ်ကျေးမှုပြတိုက်အတွင်း ပြသထားသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ တိုင်းရင်းသားလူမျိုးများ၏ ဝတ်စားဆင်ယင်မှုပြခန်း၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုပြခန်း၊ တိုင်းရင်းသား တိုင်းရင်းသူများ၏ ရိုးရာအသုံးအဆောင်ပစ္စည်းများပြခန်းတို့ကို ကြည့်ရှုသည်။

အဆိုပါ ယဉ်ကျေးမှုပြတိုက်ကို ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလတွင် စတင်တည်ဆောက်ခဲ့ပြီး ပြခန်းများ၌ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ စေတီပုထိုးရုပ်ပွားတော်များ၊ ပါဠိဘာသာ၊ ဂုံရှမ်းဘာသာ၊ မြန်မာဘာသာတို့ဖြင့် ရေးသားထားသည့် ပိဋကတ်သုံးပုံ၊ တိုင်းနေ၊ တိုင်းလျှံ၊ တိုင်းလုံ၊ ဂုံရှမ်း၊ အာခါ၊ လားဟူ၊ ဝ ၊ အင်၊ ဗမာ စသည့် တိုင်းရင်းသားများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံများ၊ ရိုးရာအသုံးအဆောင်ပစ္စည်းများနှင့် လယ်ယာလုပ်ငန်းခွင်သုံးပစ္စည်းများကို ပြသထားသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ လွိုင်မွေတောင်စခန်းမြို့သို့ မော်တော်ယာဉ်များဖြင့် သွားရောက်၍ ကျိုင်းတုံ-လွိုင်မွေကားလမ်းတိုးတက်ပြင်ဆင်ထားရှိမှုအခြေအနေနှင့် လွိုင်မွေတောင်စခန်းမြို့၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နိုင်မည့် အလားအလာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လွိုင်မွေ စတုရဋ္ဌ သုမင်္ဂလစေတီတော်ကို ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကာ အလှူငွေများပေးအပ်လှူဒါန်းသည်။

ယင်းနောက် ၁၉၁၈ ခုနှစ်က တည်ဆောက်ခဲ့သည့် ကာလ်နယ်ရှုဘယ်၏ ရှေးဟောင်းနေအိမ်ကို ကြည့်ရှုရာ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းက အဆိုပါ အဆောက်အအုံကို ထိန်းသိမ်းထားရှိမှု၊ ကျိုင်းတုံ-လွိုင်မွေလမ်းပိုင်းပြုပြင်ဆောင်ရွက်ထားမှုနှင့် ခရီးသွားလုပ်ငန်းဆောင်ရွက်နိုင်မည့် အလားအလာများကို ရှင်းလင်းတင်ပြခဲ့သည်။

**(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျိုင်းတုံမြို့ ယဉ်ကျေးမှုပြတိုက်အတွင်း ရှိ ပြခန်းများကို ကြည့်ရှုစဉ်။**

(ပြန်/ဆက်)





**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ ၁၉၁၈ ခုနှစ်က တည်ဆောက်ခဲ့သည့် ကာလ်နယ်ရှုဘယ်၏ ရှေးဟောင်းနေအိမ်ကို ကြည့်ရှုစဉ်။**

(ပြန်/ဆက်)

## မြန်မာ့အသံ(ရေဒီယို)သတင်းများကို Mobile Phone တွင် အလွယ်တကူနားဆင်နိုင်တော့မည်

**နေပြည်တော် မေ ၇**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် Blue Ocean Operating Management Company Limited တို့ပူးပေါင်း၍ မြန်မာ့အသံ(ရေဒီယို)သတင်းများကို Mobile Phone များတွင် အလွယ်တကူနားဆင်နိုင်မည့် Mobile Radio အစီအစဉ်ကို ၂၀၁၅ ခုနှစ် မေ(၁၅)ရက်တွင် စတင်တော့မည်ဖြစ်သည်။

ပြည်သူများအနေဖြင့် ဖုန်း-၀၁-၂၃၉၉၁၀၃ ကိုနှိပ်၍ Subscribe လုပ်လိုက်ရုံဖြင့် စက္ကန့် ၉၀ စာ မြန်မာ့အသံရေဒီယိုသတင်းများကို နံနက် ၈ နာရီ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီ တစ်ကြိမ်၊ ည ၇ နာရီ တစ်ကြိမ် စုစုပေါင်းတစ်နေ့ သုံးကြိမ်နားဆင်နိုင်ကြမည်ဖြစ်သည်။

မြန်မာ့အသံရေဒီယိုသတင်းများကို ဖုန်းပေါ်မှနားဆင်နိုင်သည့် အဆိုပါ Mobile Radio အစီအစဉ်တွင် နောက်ဆုံးရပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ အားကစားသတင်းနှင့် ယဉ်ကျေးမှု၊ အနုပညာဆိုင်ရာ စိတ်ဝင်စားဖွယ်သတင်းများကို နားဆင်ကြရမည်ဖြစ်သည်။ **(သတင်းစဉ်)**

# လူကုန်ကူးမှုပြဿနာတွင် ပတ်သက်သော ထိုင်းရဲအရာရှိ ၅၀ ကျော်ကို အရေးယူ

**ဗန်ကောက် မေ ၇**

မလေးရှား နယ်စပ်အနီးတွင် လူကုန်ကူးစခန်းများကို ရှာဖွေတွေ့ရှိရခြင်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် ဝန်ကြီးချုပ်က အမိန့်ထုတ်ပြန်ပြီးနောက် လူကုန်ကူးကွန်ရက်များနှင့် အဆက်အသွယ်ရှိကြသည်ဟု သံသယရှိသည့် ရဲအရာရှိ ၅၀ ကျော်ကို အရေးယူလိုက်ပြီဖြစ်ကြောင်း ထိုင်းရဲချုပ်က ယနေ့ ပြောကြားသည်။



ထိုင်းနိုင်ငံတောင်ပိုင်း ဆောင်ခလာပြည်နယ်တွင် လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း၌ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ရွှေ့ပြောင်းနေထိုင်သူများဟု ယုံကြည်ရသူတို့၏ အလောင်းများကို တူးဖော်နေစဉ်။

ထိုင်းနိုင်ငံတောင်ပိုင်း ဆောင်ခလာပြည်နယ်တွင် လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း၌ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ရွှေ့ပြောင်းနေထိုင်သူများဟု ယုံကြည်ရသူတို့၏ အလောင်း ၃၂ လောင်းကို တွေ့ရှိခဲ့သည်။ အလောင်းအချို့ကို တောနက်အတွင်း လျှို့ဝှက်ဆောက်ထားသော လူကုန်ကူးရေးစခန်းဟု ယူဆရသည့် စခန်းများတွင် တွေ့ရှိခဲ့ရသည်။

တရားမဝင် ကုန်သွယ်မှုများကို နှိမ်နင်းရေးအတွက် ဆွေးနွေးကြမည့် ဗန်ကောက်အစည်းအဝေးမတိုင်မီ တော်ဝင် ရဲတပ်ဖွဲ့အကြီးအကဲ ရဲချုပ်ဆွန်ယွတ်ပွန်ပန်မောင်းက ရဲအရာရှိ ၅၀ ကျော်ကို နေရာဌာန ပြောင်းရွှေ့ခဲ့ကြောင်း၊ ဒေသဆိုင်ရာ ရဲမှူးများက ယင်းပြဿနာတွင် မည်သူတို့ ပါဝင်သည်ကို သိရှိကြောင်း သတင်းထောက်များအား ပြောကြားခဲ့သည်။

ယင်းကာလများ၌ ဤကဲ့သို့သော ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် ရိုးသားမှုမရှိခဲ့ဟု ဆိုသည်။

ထိုင်းအာဏာပိုင်များက တစ်ခါတစ်ရံတွင် ပုံစံအမျိုးမျိုးဖြင့် ပူးပေါင်းပါဝင်သဖြင့် လူကုန်ကူးမှုပြဿနာကြီးထွားလာခဲ့ကြောင်း ထိုင်းတာဝန်ရှိသူအချို့က ပြောသည်။

ကုလသမဂ္ဂက ထိုင်းနိုင်ငံကို လူကုန်ကူးမှု အဆုံးသတ်ရေးအတွက် ကြိုးစားပါရန် တောင်းဆိုနေစဉ် ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက နိုင်ငံတစ်ဝန်းလုံးရှိ သံသယရှိသည့် လူကုန်ကူးစခန်းအားလုံးကို ၁၀ ရက်အတွင်း ရှင်းလင်းရန် အမိန့်ထုတ်ခဲ့သည်။

လူကုန်ကူးမှုတွင် စစ်ဘက်ဝန်ထမ်းများ ပါဝင်ပတ်သက်မှုကိုလည်း စုံစမ်းစစ်ဆေး ဖော်ထုတ်ရန် လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့မှ ဆူနိုင်းဖာဆွတ်က တောင်းဆိုခဲ့သည်။

**ရိုက်တာ။**

## နိုင်ငံတကာသတင်းအတိုအထွာ

➤ နီပေါနိုင်ငံတွင် ဧပြီ ၂၅ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် သေဆုံးသူများ တစ်နေ့တခြား များပြားလျက်ရှိပြီး မေ ၆ ရက်အထိ သေဆုံးသူအရေအတွက်မှာ ၈၄၁၃ ဦးထိရှိပြီဖြစ်သည်။ **ဆင်ဟွာ။**

➤ အီရန်နိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး သင်္ဘောတစ်စင်းကို စစ်ဖြစ်ပွားနေသည့် ယီမင်နိုင်ငံသို့စေလွှတ်မည်ဖြစ်ကြောင်း အီရန်နိုင်ငံ၏ လခြမ်းနီလူမှုအဖွဲ့အစည်းအကြီးအကဲ အလီအက်စ်ဂါအာမစ် က မေ ၇ ရက်တွင် ပြောကြားသည်။ အဆိုပါသင်္ဘောတွင် အစားအစာနှင့်ဆေးဝါး ၂ ဒသမ ၅ တန် တင်ဆောင်ပြီး အီရန်နိုင်ငံတောင်ပိုင်း ဘန်ဒါအဘတ်စ်ဆိပ်ကမ်းမြို့မှ စနေနေ့တွင် စတင်ထွက်ခွာရန်စီစဉ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ။**

➤ ဆီးရီးယားသမ္မတ ဘာရှား အယ်လ်အာဆတ်က နိုင်ငံမြောက်ပိုင်းရှိ အကြမ်းဖက်အဖွဲ့များကို တိုက်ခိုက်နှိမ်နင်းရန် ထိုးစစ်မြှင့်တင်သည့်အနေဖြင့် တပ်ဖွဲ့ဝင်များစေလွှတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ အာဆတ်က အဆိုပါထုတ်ပြန်ချက်ကို စစ်ဘက်ဆိုင်ရာစာသင်ကျောင်းတစ်ခုတွင် ပြောကြားသည့် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း ဆီးရီးယားနိုင်ငံပိုင် ရုပ်သံလိုင်းက မေ ၆ ရက်တွင် ထုတ်လွှင့်သွားခဲ့သည်။ **အင်န်အိတ်ချ်ကေ။**

➤ ရုပ်ရှင်သရုပ်ဆောင် ဂျက်ကီချန်းကို စင်ကာပူနိုင်ငံ၏ ပထမဆုံးသော မူးယစ်ဆေးဝါးတိုက်ဖျက်ရေးသံတမန်အဖြစ် ခန့်အပ်လိုက်ကြောင်း စင်ကာပူဝန်ကြီးချုပ်ရုံးဝန်ကြီး၊ ပြည်ထဲရေးနှင့် နိုင်ငံခြားရေး ဒုတိယဝန်ကြီး မာဆာဂိုးစ် ဇူလ်ခီဖလီက မေ ၇ ရက်တွင်ပြုလုပ်သည့် မူးယစ်ဆေးဝါးတိုက်ဖျက်မှုအရှိန်မြှင့်တင်ရေး အစီအစဉ်သစ်အခမ်းအနားတွင် ထုတ်ပြန်ကြေညာလိုက်သည်။ ဂျက်ကီချန်းအနေဖြင့် အနုပညာအလုပ်များ များပြားနေသော်လည်း စင်ကာပူနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကြိုးပမ်းမှုများကို ထောက်ခံအားပေးရန် ချက်ချင်းလက်ခံသဘောတူခဲ့ကြောင်း၊ စင်ကာပူလူငယ်များ မူးယစ်ဆေးဝါးမသုံးစွဲအောင် ဂျက်ကီချန်းက လှုံ့ဆော်တိုက်တွန်းနိုင်မည်ဟု မျှော်လင့်ကြောင်း မာဆာဂိုးစ်က ပြောကြားသည်။ **ဆင်ဟွာ။**




# ဖမ်းဆီးထားသော ဒိန်းမတ်ကုန်တင်သင်္ဘောတစ်စင်းကို အီရန်နိုင်ငံက ပြန်လည်ထွက်ခွာခွင့်ပြု

**တီဟီရန် မေ ၇**

လွန်ခဲ့သော ရက်သတ္တပတ်က ဟော်မုဇ်ရေလက်ကြားတွင် အီရန်ရေတပ်က ဖမ်းဆီးခဲ့သည့် ဒိန်းမတ်ကုန်တင်သင်္ဘောတစ်စင်းကို ပြန်လည်ထွက်ခွာခွင့်ပေးလိုက်ပြီဖြစ်ကြောင်း သတင်းများအရသိရသည်။

'မာရက်စ် တီဂရစ်' ကုန်တင်သင်္ဘော၏ သင်္ဘောသား၂၄ ဦးတို့မှာ ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိသည်ဟု ရစ်က်မာစ် ရေကြောင်းစီမံခန့်ခွဲရေးဌာနက ပြောသည်။ အီရန်အာဏာပိုင်များက ဥပဒေလိုက်နာရန် အာမခံချက်ရရှိခဲ့ပြီးနောက် 'မာရက်စ် တီဂရစ်' ကုန်တင်သင်္ဘောကို ပြန်လည်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။

ဧပြီ ၂၈ ရက်က မာရှယ်အိုင်းလန်းစ်နိုင်ငံတော်အလံလွှင့်ထူထားသည့်'မာရက်စ် တီဂရစ်' ကုန်တင်သင်္ဘောကို အီရန်ရေကြောင်းကင်းလှည့်တပ်ဖွဲ့များက ရေကြောင်းပိုင်နက်ဖြတ်ကျော်မှုဖြင့် ဖမ်းဆီးခဲ့သည်။

ဒိန်းမတ်ရေကြောင်းလုပ်ငန်း မာရက်စ်နှင့် အီရန် ပုဂ္ဂလိကရေကြောင်းလုပ်ငန်းတို့အကြား ကာလရှည်ကြာ အငြင်းပွားမှုတစ်ခုရှိနေသည့်အတွက် အဆိုပါသင်္ဘောကို အီရန်ရေကြောင်း အာဏာပိုင်များက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ဒိန်းမတ်ရေကြောင်းလုပ်ငန်းမာရက်စ်သည် ကမ္ဘာ့အကြီးဆုံးကုန်တင်သင်္ဘော ကုမ္ပဏီတစ်ခုဖြစ်သည်။ မကြာသေးမီက မာရက်စ်ကုမ္ပဏီပိုင်ကုန်တင်သင်္ဘောတစ်စင်းသည် တရားဝင်ဖြန့်ဖြူးခြင်းမရှိသေးသော ကုန်ပစ္စည်းများကို တင်ဆောင်ခဲ့သည့်အတွက် 'ပါးစ်'ရေနံထုတ်လုပ်ရေးလုပ်ငန်းကို ဒေါ်လာ ၃ ဒသမ ၆ သန်းခန့် လျော်ကြေးပေးဆောင်ရန် အီရန်တရားရုံးတစ်ခုက အမိန့်ချမှတ်ခဲ့သည်။

အီရန်ရေတပ်က ကမ္ဘာ့အဓိကရေလမ်းကြောင်းတစ်ခုတွင် 'မာရက်စ် တီဂရစ်' ကုန်တင်သင်္ဘောကို ဖမ်းဆီးလိုက်ခြင်းသည် နိုင်ငံတကာပဋိပက္ခအသွင်ကူးပြောင်းသွားရန် ခြိမ်းခြောက်လျက်ရှိသည်။

အဆိုပါသင်္ဘောကို ဖမ်းဆီးပြီးမကြာမီအချိန်တွင် အမေရိကန်နိုင်ငံက ယူအက်စ်အက်စ် ဖာရာဂတ်ဒုံးကျည်ဖျက်သင်္ဘောတစ်စင်းကို ယင်းရေလက်ကြားသို့ စေလွှတ်ခဲ့သည်။

ယင်းသင်္ဘောသည် ဖမ်းဆီးခြင်းခံခဲ့ရသည့် အချိန်တွင် နိုင်ငံတကာရေပိုင်နက်အတွင်းရှိခဲ့သည်ဟု မာရက်စ်ကုမ္ပဏီကဆိုသော်လည်း အီရန်ရေတပ်က သင်္ဘောသည် ၎င်းတို့၏ ရေပိုင်နက်ထဲသို့ ရောက်ရှိခဲ့သည်ဟု ဆိုသည်။

**ရိုက်တာ။**

# တာလီဘန်ရန်မှ ကွန်ဒတ်(ဇ်)ပြည်နယ်ကိုကာကွယ်ရန် အာဖဂန်တပ်မတော်က ထိုးစစ်ဆင်နွှဲ

**ကဘူး မေ ၇**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့မြောက်ပိုင်း ပြည်နယ်မြို့တော် ကွန်ဒတ်(ဇ်)အနီးတွင် တာလီဘန်တပ်ဖွဲ့များကို အာဖဂန်အစိုးရတပ်များက အဓိက ထိုးစစ်ကြီးတစ်ရပ် ဆင်နွှဲခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

မကြာသေးမီက ဖြစ်ပွားခဲ့သော တိုက်ပွဲများတွင် တာလီဘန်များက မြို့တော်အနီးသို့ ချဉ်းကပ်လာခဲ့ရာ ထောင်ပေါင်းများစွာသော ပြည်သူများ ထွက်ပြေးခဲ့ကြရသည်။

အိုင်အက်(စ်)အုပ်စုက လေ့ကျင့်ပေးထားသော နိုင်ငံခြားသားတိုက်ခိုက်ရေးသမားများသည် တာလီဘန်တို့နှင့်အတူ တိုက်ပွဲဝင်လျက်ရှိကြောင်း အာဖဂန်တာဝန်ရှိသူများက ပြောသည်။

နိုင်ငံခြားသား တိုက်ခိုက်ရေးသမား ၁၈ ဦး၏ အလောင်းများနှင့် အမျိုးသမီးနှစ်ဦး၏ အလောင်းများကို တွေ့ရှိခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

ဧပြီလကုန်တွင် သောင်းကျန်းသူများသည် ကွန်ဒတ်(ဇ်)ပြည်နယ်ကို ကာကွယ်ရန် စတင်ထိုးစစ်ဆင်ခဲ့ပြီးနောက် အစိုးရလုံခြုံရေးတပ်များနှင့် တာလီဘန်တို့ တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

အာဖဂန်တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့သည် လက်တွဲ၍ တိုက်ခိုက်ခဲ့ကြပြီး နိုင်ငံခြားတပ်ဖွဲ့များထံမှ ထိရောက်သော အကူအညီများမရရှိခဲ့ဟု ဆိုသည်။

နေတိုးတပ်ဖွဲ့သည် အာဖဂန်နစ္စတန်တွင် တိုက်ခိုက်ရေး တာဝန်ပြီးဆုံးသွားပြီးနောက် အာဖဂန်တပ်များကို လေ့ကျင့်ပေးရန် ထောင်ဂဏန်းမျှသော နေတိုးတပ်ဖွဲ့များသာ ကျန်ရှိတော့သည်။

တိုက်ပွဲများကြောင့် ထွက်ပြေးကြရသူများသည် မြို့တော်နှင့် ကျေးလက်တို့တွင် ခိုအောင်းနေကြရသည်ဟု ဆိုသည်။ **ရိုက်တာ။**

# ချီလီ၌ ဝန်ကြီးအားလုံး နုတ်ထွက်ရန် သမ္မတညွှန်ကြား

**ဆန်တီယေဂို မေ ၇**

ချီလီသမ္မတ မီရှဲလီဘာချီလက်သည် သူ၏ ဝန်ကြီးအားလုံးကို နုတ်ထွက်ကြစေရန် ညွှန်ကြားခဲ့ပြီး မကြာမီရက်များအတွင်း အစိုးရအဖွဲ့သစ် ဖွဲ့စည်းမည်ဖြစ်ကြောင်း ယနေ့ ပြောကြားခဲ့သည်။

ရုပ်သံလိုင်းတစ်ခုနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြုပြင်ပြောင်းလဲမှုများ တိုးတက်မှုရှိစေရန် အပြောင်းအလဲ လုပ်ရန်လိုအပ်ကြောင်း မစ္စဘာချီလက်က ပြောခဲ့သည်။

နိုင်ငံရေးအရှုပ်အရှင်းများ အဆက်မပြတ် ပေါ်ပေါက်လာနေစဉ် လူထုအတွင်း သူ၏ရေပန်းစားမှုမှာ မကြာသေးမီက ရုတ်တရက် ကျဆင်းခဲ့သည်။

လွန်ခဲ့သော ဖေဖော်ဝါရီလအတွင်း ၎င်း၏သားသည် အရှိန်အဝါသုံး၍ ခြယ်လှယ်စွက်ဖက်သည်ဟု စွပ်စွဲခံရသဖြင့် အစိုးရစောင့်ရှောက်ရေးအဖွဲ့အစည်းတစ်ခု၏ အကြီးအကဲအဖြစ်မှ နုတ်ထွက်ခဲ့ရသည်။

ရက်အနည်းငယ် အတွင်းမှာ ဝန်ကြီးအားလုံးကို နုတ်ထွက်ကြရန် မေတ္တာရပ်ခံခဲ့ပြီး ၇၂ နာရီအတွင်းမှာ မည်သူတို့ ဆက်လက်ရှိစေမည်ဖြစ်ပြီး မည်သူတို့ ထွက်ခွာစေမည်ကို ဆုံးဖြတ်မည်ဖြစ်ကြောင်း မေ ၆ ရက် ညနေပိုင်းတွင် ပြောခဲ့ခြင်းဖြစ်သည်။

သမ္မတ၏သား ဆီဆတ်စ်တီယန် ဒါဗာလို့(စ်)ကို ၎င်း၏ဇနီးအား ဘဏ်ချေးငွေ ဒေါ်လာ ၁၀ သန်းရရှိစေရန် အရှိန်အဝါ အလွဲသုံးစား ပြုခဲ့သည်ဟု အတိုက်အခံများက စွပ်စွဲခဲ့ကြသည်။

**ရိုက်တာ။**





# မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပါကစ္စတန်နိုင်ငံသို့ရောက်ရှိ

**နေပြည်တော် မေ ၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံတပ်မတော်ပူးတွဲစစ်ဦးစီးချုပ်များ ကော်မတီဥက္ကဋ္ဌ General Rashad Mahmood ၏ ဖိတ်ကြားချက်အရ မေ ၆ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့ကြရာ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၀ မိနစ်တွင် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ အစ္စလာမ်မာဘတ်မြို့ရှိ ဘနာဇီယာဘူတို အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပါကစ္စတန်တပ်မတော်ပူးတွဲစစ်ဦးစီးချုပ်များကော်မတီ ဥက္ကဋ္ဌရုံးမှ Lt. Gen. Najib Ullah Khan, HI(M)၊ Brig.Gen.Anas Asad၊ Senior Liaison Officer ဖြစ်သူ Brig.Gen.Rehan၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်စစ်သံမှူး Col.Azhar Yasin၊ ပါကစ္စတန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဝင်းနိုင်နှင့် ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)ဗိုလ်မှူးချုပ် ဆန်းဦးလှိုင်နှင့် ဇနီးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**(မြဝတီ)**

# နိုင်ငံ့သူ နိုင်ငံသားများ၏ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၇**

လူငယ်လူရွယ်များသည် နုပျိုလန်းဆန်းခြင်း၊ တက်ကြွဖျတ်လတ်ခြင်း၊ ခွန်အားပြည့်ဝ၍ ကြံ့ခိုင်ခြင်း၊ စူးစမ်းလေ့လာတတ်ခြင်း၊ စွန့်စားလိုခြင်း၊ အသိပညာ၊ အတတ်ပညာတို့ကို စူးစမ်းလေ့လာတတ်သဖြင့် အသိဉာဏ်ပညာအားကောင်းခြင်း စသည့်ပင်ကိုအရည်အသွေးနှင့် ပြည့်စုံသည့်သူများဖြစ်ကြောင်း ထိုကဲ့သို့အရည်အသွေးများနှင့် ပြည့်စုံသည့်လူငယ်လူရွယ်များကို အနာဂတ်နိုင်ငံတော်၏ ခေါင်းဆောင်ကောင်းများ၊ ပညာရှင်လောင်းများအဖြစ် နိုင်ငံတော်က အားထားရစမြဲဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ယနေ့မွန်းလွဲ ပိုင်းတွင် ဇေယျာသီရိဗိမာန်၌ ၂၀၁၅ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်မောင်မယ်များအား တွေ့ဆုံဂုဏ်ပြု နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ၂၀၁၅ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်မောင်မယ်များ၊ အုပ်ချုပ်သူနည်းပြများတက်ရောက်ကြသည်။

ရှေးဦးစွာ ဘက်စုံပညာထူးချွန်လူငယ်မောင်မယ်များသည် ဇေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသော မြန်မာ့တပ်မတော်က ထုတ်လုပ်သည့် လက်နက်များ၊ ဆက်သွယ်ရေးစက်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဝတ်စုံအမျိုးမျိုး၊ တပ်မတော်(ရေ)က ထုတ်လုပ်သည့် ရေယာဉ်များ၏ ပုံစံငယ်များ၊ ရေတပ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်(လေ)တွင် အသုံးပြုနေသည့် လေယာဉ်ပုံစံငယ်များ၊ လေသူရဲများ၏ ဝတ်စုံများနှင့် အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူအသီးသီးက ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် ယနေ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ခေတ်ပြောင်း၊ စနစ်ပြောင်းပြီး ချီတက်နေချိန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် သဘာဝသယံဇာတအရင်းအမြစ်များ၊ ပထဝီအနေအထားအရ တည်နေရာအနေအထားကောင်းများ ပိုင်ဆိုင်ထားသဖြင့် အားတက်စရာ အနာဂတ်ကို မျှော်မှန်းနိုင်သည့် နိုင်ငံလည်းဖြစ်ကြောင်း၊ ယခုလို တစ်ဖက်ကအခြေအနေကောင်းများ ပိုင်ဆိုင်မှုနှင့်အတူ အခြားတစ်ဖက်တွင်လည်း စိန်ခေါ်မှုများစွာရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၏အဓိကအကြောင်းတရားဖြစ်သော နိုင်ငံ့သူနိုင်ငံသားများ၏ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း မေ ၅ ရက်တွင် ဘက်စုံပညာထူးချွန်အပန်းဖြေစခန်း ဧည့်ခံပွဲ ဘက်စုံပညာထူးချွန်လူငယ်မောင်မယ်များနှင့် တွေ့ဆုံရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် ပြည်သူ့ဆန္ဒနှစ်ရပ်ကို အကောင်အထည်ဖော်ကြိုးပမ်းရာ၌ အစိုးရ၊ လွှတ်တော်၊ တပ်မတော်သာမက ပြည်သူများ၏ စုစည်းစွမ်းအားဖြင့် ဝိုင်းဝန်းကြိုးပမ်းလျက်ရှိကြောင်း၊ ပြည်သူ့စွမ်းအားတွင် မောင်တို့မယ်တို့ လူငယ်များ၏ အခန်းကဏ္ဍသည် ပိုမိုကြီးမားသည့် အနာဂတ်နိုင်ငံတော်၏ လူ့စွမ်းအား အရင်းအမြစ်များအဖြစ် ပါဝင်ကြောင်း မိန့်ကြားသည်ကိုလည်း မှတ်သားနာယူ ဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဘက်စုံပညာထူးချွန်လူငယ်မောင်မယ်များအတွက် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ရွှေဖီဦးအသင့်ဖျော်လက်ဖက်ရည်ထုပ်များနှင့်စားသောက်ဖွယ်ရာများအား လက်ဆောင်ပေးအပ်သည်။**(အပေါ်ပုံ)**

ထို့နောက် ဘက်စုံပညာထူးချွန်လူငယ်မောင်မယ်များအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပြီး မြဝတီတေးဂီတအဖွဲ့ကလည်း တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက ဘက်စုံပညာထူးချွန်လူငယ်မောင်မယ်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ယနေ့တွေ့ဆုံသည့် ဘက်စုံပညာထူးချွန်လူငယ်မောင်မယ်များတွင် သုံးနှစ်ဆက်တိုက် ရွေးချယ်ခံရသူ ၃၉ ဦး၊ နှစ်နှစ်ဆက်တိုက် ရွေးချယ်ခံရသူ ၁၁၄ ဦး၊ ယခုနှစ် ရွေးချယ်ခံရသူ ၃၇၅ဦးတို့ အပါအဝင် ဘက်စုံပညာထူးချွန်လူငယ်မောင်မယ် စုစုပေါင်း ၅၂၈ ဦးနှင့် အုပ်ချုပ်သူနည်းပြ ၇၈ ဦးတို့ တက်ရောက်ကြသည်။

**(မြဝတီ)**



○ **ရှေ့ဖုံးမှ**

ထိုလုပ်ကွက်မှာ ဧရိယာအားဖြင့် စတုရန်း ကီလိုမီတာ ၉၀၀၀နှင့် အနက်မီတာ ၂၀၀၀ ရှိသည်။ Statoil နှင့် ConocoPhillips ကုမ္ပဏီတို့သည် AD-10 လုပ်ကွက်၌ အမေရိကန်ဒေါ်လာ ၃၂၃ ဒသမ၆၅ သန်း ရင်းနှီးမြှုပ်နှံရန် သန္နိဋ္ဌာန်ချထားသည့်အပြင် Signature bonus အဖြစ် အမေရိကန်ဒေါ်လာ ငါးသန်းနှင့် Data Fee အမေရိကန်ဒေါ်လာ နှစ်သိန်းရရှိမည်ဖြစ်သည်။ Statoil ကုမ္ပဏီမှာ နိုင်ငံပေါင်း ၃၀ ကျော်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့များ ရှာဖွေတူးဖော်လျက်ရှိသလို ConocoPhillips မှာလည်း ကမ္ဘာ့အကြီးဆုံး အမှီအခိုကင်းသော ရေနံနှင့်သဘာဝဓာတ်ငွေ့ စူးစမ်းရှာဖွေရေးနှင့် ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည်။ ယင်းသဘောတူညီချက်တွင် တိုက်ရိုက်ပါဝင်သောကုမ္ပဏီများမှာ စင်ကာပူနိုင်ငံ၌ မှတ်ပုံတင်ထားသည့် Statoil Myanmar Private Ltd နှင့် ConocoPhillips Myanmar E&P Pte Ltd တို့ဖြစ်သည်။

Statoil နှင့် ConocoPhillips တို့မှာ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ရှာဖွေရန် လုပ်ကိုင်ခွင့် ခြောက်နှစ်ရရှိထားသော်လည်း စူးစမ်းလေ့လာမှုများကို နှစ်နှစ်အတွင်းပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ယင်း၏ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက် ၃၀ အနက် လုပ်ကွက် ၂၀ ၌ စူးစမ်းရှာဖွေရေးနှင့် ထုတ်လုပ်ခွင့်များအတွက် ၂၀၁၃ ခုနှစ်က လေလံကမ်းလှမ်းမှုများ ဆောင်ရွက်ခဲ့သည်။ ထိုအချက်က PSCs ၁၉ ခု လက်မှတ်ရေးထိုးမှု ဖြစ်လာစေသည်။ နောက်ဆုံးအတည်ပြုရန် ကျန်ရှိနေသေးသည့်ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ကွက်မှာ ဩစတြေးလျကုမ္ပဏီများဖြစ်သော ROC Oil နှင့် Tap Oil တို့၏ လေလံအောင်မြင်ထားသည့် ရေတိမ်လုပ်ကွက် M-7 ဖြစ်သည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က မြန်မာနိုင်ငံသည် ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံကျော် ဆွဲဆောင်နိုင်ခဲ့ပြီး ၎င်းတို့အနက် ၃၅ ရာခိုင်နှုန်းကျော်မှာ စွမ်းအင်ကဏ္ဍမှဖြစ်သည်ဟုဆိုသည်။ မြန်မာနိုင်ငံသည် လက်ရှိဘဏ္ဍာရေးနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံကျော် ဝင်ရောက်လာရန် မျှော်လင့်ထားသည်။ မြန်မာနိုင်ငံအတွင်း လက်ရှိအနောက်တိုင်းစီမံကိန်းများမှာ အမေရိကန်ကုမ္ပဏီ APR Energyနှင့် မြန်မာနိုင်ငံ၌ ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့သို့မဟုတ် ရေနံများအသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် ကျောက်ဖြစ်လောင်စာသုံးဓာတ်အားပေးစက်ရုံ တည်ဆောက်ရန်ရည်ရွယ်ထားသည့် စင်ကာပူနိုင်ငံမှ Asiatech Energy တို့၏ စီမံကိန်းများဖြစ်သည်။

**Oilprice.com ပါ ဆောင်းပါးရှင် Andy Tully ၏ Myanmar: The Next Frontier for Offshore Oil ကို ဆီလျော်အောင် ဘာသာပြန်ဆိုသည်။**

# မောင်တောမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၀၀၀ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၇**

နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ(၃) လှုပ်ရှားတပ်ခွဲမှ တပ်ဖွဲ့ဝင်များသည် မေ ၅ ရက်က နှစ်နိုင်ငံမြေတိုင်းစစ်ဆေးရေး ကိုယ်စားလှယ်အဖွဲ့များ၏ လုံခြုံရေးလှည့်ကင်းဆောင်ရွက်နေစဉ် ဒေသ(၂) နယ်မြေ(၆) ရွှေဇားကျေးရွာ ရွှေဇား-ကညင်ချောင်းသွားကားလမ်း ရွှေဇားအမက(မူလွန်)ကျောင်းရှေ့တွင် ယာဉ်မောင်း စောရွှေထွန်း(ခ)မျိုးဝေထွန်း မောင်းနှင်ပြီး မိုက်ကယ်ထွန်း(ခ)မိုက်ကယ် လိုက်ပါလာသည့် ယာဉ်အမှတ် YGN-7G--- Isuzu အမျိုးအစား အနက်ရောင်ယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ ၎င်းတို့ထိုင်သည့် ထိုင်ခုံနောက်ဘက် ပီနံအိတ်အတွင်းရှိ စိတ်ကြွရူးသွပ်ဆေးပြားအထုပ်ကြီး ၄၉ ထုပ် အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၆၅၅၀၀နှင့် ပန်းရောင်လက်ဆွဲအိတ်အတွင်းရှိ စိတ်ကြွရူးသွပ်ဆေးပြားအထုပ်ကြီး ၁၁ ထုပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၄၅၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် စောရွှေထွန်း(ခ) မျိုးဝေထွန်း(၂၅) နှစ်နှင့် မိုက်ကယ်ထွန်း(ခ) မိုက်ကယ် (၂၉)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**



**စောရွှေထွန်း(ခ)မျိုးဝေထွန်းနှင့်မိုက်ကယ်ထွန်း(ခ)မိုက်ကယ်တို့ နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

# ညီရင်းအစ်ကိုပေ တို့တစ်တွေ

**အောင်ကျော်ညို(ဆင်ချဆိပ်)**


ဓာတ်ပုံ-သက်ဦး(သထုံ)

လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်က အီတလီနိုင်ငံမြောက်ပိုင်း ဆိုလ်ဖာရီနိုမြို့လေးအနီးတစ်ဝိုက်မှာ စစ်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ ညမိုးချုပ်မိုးသည်းထန်စွာရွာလိုက်မှုကြောင့် နှစ်ဖက်စစ်သည်များ ဆုတ်ခွာ၍ တိုက်ပွဲပြီးသွားခဲ့သည်။ စစ်ပွဲကို တောင်ကုန်းအမြင့်ပေါ်မှ လှမ်းမျှော်ကြည့်နေခဲ့ကြသူ ဒေသခံများကြားတွင် ဧည့်သည်တစ်ဦးလည်း အတူရှိနေခဲ့သည်။ သူ့အမည်ကား ဆွစ်ဇာလန်နိုင်ငံသား ဟင်နရီဒူးနန့်။ နိုက်ဂျီးရီးယားတွင် လွန်းပျံစက်တည်ထောင်မည့်ကိစ္စတတိယမြောက် နပိုလီယံနှင့်တွေ့ရန် အသွားလမ်းခရီး ဆိုလ်ဖာရီနိုမြို့မှာ စစ်ပွဲကြောင့် တစ်ထောက်နား၍ စစ်ပွဲအနိဋ္ဌာရုံနှင့် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည်။

နံနက်စောစော စစ်မြေပြင်အရပ်သို့ ဟင်နရီဒူးနန့်ရောက်သွားချိန် ကူပါကယ်ပါနှင့် တစာစာအော်အကူအညီတောင်းခံနေကြသော လူနာစစ်သားများ၏ သနားစဖွယ် ကရုဏာအသံတွေက စီးပွားရေးသမားကြီးအား ဦးတည်ချက်လမ်းကြောင်းပြောင်းသွားစေခဲ့သည်။ မသေမရှင်လူနာစစ်သားများအား အနီးအနားက မိုးလုံလေလုံ ဘုရားရှိခိုးကျောင်းသို့ ပြောင်းရွှေ့ပေးခဲ့သည်။ သူတစ်ဦးတည်းမတတ်နိုင်ခဲ့ပါ။ ဒေသခံအီတလီကျေးတောသူလေးများ အကူအညီကိုရယူခဲ့ရသည်။ ထိုအချိန်တချို့ အီတလီသူလေးများက ဒဏ်ရာရ နှစ်ဖက်စစ်သားများအပေါ် ရန်သူ၊ မိတ်ဆွေခွဲခြားဆက်ဆံပြုလာမှုကြောင့် နောင်တစ်ချိန်ကမ္ဘာ့ကြက်ခြေနီအသင်းကြီး၏ ဆောင်ပုဒ်ဖြစ်လာခဲ့သည့် စကားနှင့် ယဉ်ပါးစေခဲ့ရသည်။ "We are all brother" ဟု ဆိုလ်ဖာရီနိုစစ်မြေပြင်မှာ မိန့်ကြားခဲ့သည်။ ဟင်နရီဒူးနန့်၏နှလုံးသားမှလာသည့် ကရုဏာစကားမှာ "ကျွန်ုပ်တို့အားလုံး ညီအစ်ကိုမောင်နှမတွေပါ"ဟူ၏။ မြန်မာမှုပြုလိုက်သောအခါ "ညီရင်းအစ်ကိုပေ တို့တစ်တွေ"ဟူ၍ မြန်မာ့ကြက်ခြေနီအသင်းဆောင်ပုဒ်ဖြစ်လာခဲ့သည်။

စစ်မြေပြင်အရပ်မှာ သန္ဓေတည်မွေးဖွားသန့်စင်လူလားမြောက်လာခဲ့သော ကြက်ခြေနီအသင်းကြီးသည် တစ်ကမ္ဘာလုံး လွှမ်းခြုံလျက် လူသားများ၏ အကျိုးအတွက် သယ်ပိုးမပျက်ရှိနေဆဲ။ နေပူမိုးရွာမရှောင် တာဝန်ထမ်းဆောင်နေကြသလို စစ်မက်ဖြစ်ပွားရာ ဒေသများတွင်လည်း သက်စွန့်ဆံဖျားသွားလာလှုပ်ရှားကာ အန္တရာယ်ကြားမှာ ဝတ္တရားမပျက်ယွင်းခဲ့ကြပါ။ တချို့ကြက်ခြေနီမောင်မယ်များ ထိုအန္တရာယ်ကြားတွင် တာဝန်ထမ်းဆောင်ရင်း ကိုယ်လက်အင်္ဂါချို့ယွင်း၊ တချို့ကိုယ့်အသက်ကိုပါရင်းခဲ့ကြရသည်။ အများအကျိုးငှာ ကိုယ်ကျိုးစွန့်ကြသူများ။ ယင်းတို့အနက်တစ်ဦးတွင် ကွမ်းလုံမြို့နယ် ကြက်ခြေနီအသင်းမှ ဒုတိယအရာခံဗိုလ်အဆင့်ရှိသူ ဦးမိုးကျော်သန်းလည်း တစ်ဦးအပါအဝင်ဖြစ်သည်။ စစ်ပွဲကြားမှာ ပေါက်ဖွားလာသော ကြက်ခြေနီအသင်းကြီးအတွက် စစ်ပွဲကြားမှာပင် သားကောင်းရတနာတစ်ဦးအား စွန့်လွှတ်လိုက်ရသည်ကို အားလုံးသိပြီးဖြစ်သည်။ မိမိတို့နိုင်ငံ၏ မိသားစုကြားမှ ပြည်တွင်းစစ်ပွဲဆင်နွှဲနေရာ လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင်ပြည်သူများကိုကယ်တင်ရန် ကြက်ခြေနီအလံလွှင့်တင်ထားသည့်ယာဉ်တန်းနှင့် သွားရောက်စဉ် ဦးမိုးကျော်သန်းတစ်ယောက် ဒဏ်ရာရရှိခဲ့ပြီး ထိုဒဏ်ရာနှင့်ပင် ကရုဏာရှင်တစ်ဦးကြွေလွင့်သွားခဲ့ရသည်။ မိမိတို့နိုင်ငံ၏ ပြည်တွင်းစစ်ဘေးဒဏ်ကို အပြစ်မဲ့ ပြည်သူများနှင့်အတူ အသက်ပေးလှူသွားခဲ့ရခြင်း။

မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှေ့တောင်အာရှမှာ အနိမ့်ဆုံးအဆင့်သို့ ဆွဲချပေးခဲ့သည့် အနိဋ္ဌာရုံ ပြည်တွင်းစစ်ကြီး နှစ်ပေါင်းခြောက်ဆယ်ကျော် သက်ဆိုးရှည်လာခဲ့ပါပြီ။ လွတ်လပ်ရေးနှင့်အတူ ဆိုးမွေရလာခဲ့သော ပြည်တွင်းစစ်မီးသည် ယနေ့ထိတိုင် မငြိမ်းနိုင်သေး။ ယခုနောက်ဆုံးဖြစ်စဉ်တွင် ကရုဏာရှင်တစ်ဦး အသက်ပေးလှူရင်း၊ ဒေသခံပြည်သူများလည်း ဒုက္ခပင်လယ်ဝေကြရသည်။ သို့သော် ဤဖြစ်စဉ်သည် မိမိတို့နိုင်ငံသားများအတွက် နောက်ဆုံးအနိဋ္ဌာရုံဖြစ်ပါလိမ့်မည်။ တိုက်တိုက်ဆိုင်ဆိုင် မိမိတို့နိုင်ငံ၏ အထင်ကရ "တပ်မတော်နေ့"တွင် တိမ်းပါးသွားခဲ့သော ကြက်ခြေနီ ဦးမိုးကျော်သန်းကွယ်လွန်ခဲ့ပြီး သုံးရက်မြောက်နေ့ ၃၀-၃-၂၀၁၅ ရက်နေ့တွင် မိမိတို့နိုင်ငံ ငြိမ်းချမ်းရေးရောင်ခြည်ကို မြင်တွေ့လာရပါပြီ။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်အတွက် သဘောတူညီမှုရရှိခဲ့သော မင်္ဂလာသတင်းကို ကြားလာရပါပြီ။ ကြက်ခြေနီအသင်း၏ ဆောင်ပုဒ် "ညီရင်းအစ်ကိုပေ တို့တစ်တွေ" ဆိုစကား မိမိတို့နိုင်ငံသား အားလုံး၏ နှလုံးသားမှာ နက်ရှိုင်းစွာ တိုးဝင်အခြေခိုင်မာလာပြီဟု ဆိုနိုင်ပါပြီ။

တိုက်ပွဲကြားမှ ပေါက်ဖွားလာသော ကြက်ခြေနီအသင်းကြီး၏ ဆောင်ပုဒ်သည် နောက်ဆုံးတွင် တိုက်ပွဲများကို ချေဖျက်ပြီး ဒေသအားလုံးကို ငြိမ်းချမ်းစေနိုင်ခဲ့ပါပြီ။ ။

## မိခင်သေနှုန်းကျဆင်းရေးနှင့် ကလေးသေနှုန်းကျဆင်းရေး သူနာပြုနှင့် သားဖွားသင်ကြားရေးဆရာများ မြှင့်တင်ရန် အလုပ်ရုံဆွေးနွေး

**ရန်ကုန် မေ ၇**

မိခင်သေနှုန်းကျဆင်းရေးနှင့် ကလေးသေနှုန်းကျဆင်းရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနနှင့် UNFPA တို့ ပူးပေါင်း၍ သူနာပြုနှင့်သားဖွား ဆရာမများအား ''Training Workshop on Implementation of New Nursing and Midwifery Curriculum'' (Emphasis on BEmOC and ENC) (၆)ကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲနှင့် '' Hands On Training for Faculty Member of Nursing and Midwifery'' လေးလ သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟိုသားဖွားသင်တန်းကျောင်း၌ ကျင်းပခဲ့သည်။

သူနာပြုနှင့် သားဖွားသင်တန်းကျောင်းအသီးသီးမှ သင်ကြားရေးဆရာများ၏ Capacity Building ကို မြှင့်တင်ပေးရန်ရည်ရွယ်၍ သူနာပြု/သားဖွားသင်ရိုးညွှန်းတမ်းတွင် ပါဝင်သော မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုဘာသာရပ်တွင် အဓိကအရေးကြီးသည့် အခန်းကဏ္ဍ၌ ပါဝင်နေသည့်အပေါ် (၆)ကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ဆရာ တော်မှ တပည့် တော်မည် ဆိုတဲ့ ဆိုရိုးစကားအတိုင်း သင်ကြားရေးဆရာများ၏ အရည်အသွေးအစဉ်ပြည့်ဝနေရန်လိုအပ်ပြီး ထိုမှတစ်ဆင့် အရည်အချင်းရှိသည့် သူနာပြု/သားဖွားကောင်းများအား မွေးထုတ်ပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် သင်ကြားရေးဆရာမများအား Up to Date Knowledge များ ရရှိစေရုံသာမက Practice & Skill ရရှိစေရန် ကိုယ်တိုင်လေ့ကျင့်သင်ယူစေပြီး တပည့်သူနာပြု/သားဖွား လောင်းလျာများအား ထိရောက်စွာ ပြန်လည်သင်ကြားပေးဖို့ လိုအပ်ပါတယ်။ ထောင်စုနှစ် ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက် နံပါတ်(၄)နဲ့ (၅)အရ မိခင်နဲ့ကလေးသေနှုန်းများကို သတ်မှတ်စံနှုန်းရောက်အောင် လျှော့ချနိုင်ရေးအတွက် ဆောင်ရွက်နေကြတဲ့ အခြေခံကျန်းမာရေးဝန်ထမ်းများဖြစ်တဲ့ သားဖွားဆရာမများဟာ မြန်မာနိုင်ငံအတွင်း ကိုယ်ဝန်ဆောင်နိုင်သော မိခင်လောင်းများရဲ့ ကျန်းမာရေး၊ ငါးနှစ်အောက် ကလေးငယ်များရဲ့ ကျန်းမာရေး၊ မွေးကင်းစ ကလေးငယ်များရဲ့ ကျန်းမာရေးတို့ကို တာဝန်ယူစောင့်ရှောက်ပေးရန်ဆိုတဲ့ အရေးကြီးတဲ့အခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ မိခင်သေနှုန်း ကျဆင်းရေးအတွက် Basic Emergency Obstetric Care ဖြင့် လျှော့ချနိုင်သကဲ့သို့ ကလေးသေနှုန်းကို Essential Newborn Care ဖြင့် လျှော့ချနိုင်မယ်ဆိုတာပြောကြားလိုပါတယ်"ဟု ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်လေးက အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာတစ်နိုင်ငံလုံးရှိ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများတွင် တာဝန်ထမ်းဆောင်နေသော သင်ကြားရေးဆရာ၊ ဆရာမများမှ ဗဟိုသားဖွားသင်တန်းကျောင်း ရန်ကုန်တွင် မေ ၄ ရက်မှ ၈ ရက်အထိ ၅ ရက်ကြာ ကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲတွင် ၃၆ ဦး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)နှင့် သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး မြောက်ဥက္ကလာပတို့တွင် မေ ၄ ရက်မှ ဩဂုတ် ၃၁ ရက်အထိ လေးလကြာ လက်တွေ့သင်ကြားပေးမည့် Hands on Training တွင် သင်တန်းသား ၁၆ ဦး တက်ရောက်ကြကြောင်း သိရသည်။

**(သတင်း-ဝဝ၁ ဓာတ်ပုံ-ခင်မောင်ဝင်း)**



**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**လုပ်ငန်းသုံး၊ ရုံးသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံး၊ ရုံးသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်-

| | ပစ္စည်းအမျိုးအမည် | အရေအတွက် | |
|---|---|---|---|
| ၁။ | Lens 18 mm to 200 mm (VR-II) Nikon | 3 | Nos |
| ၂။ | Flash Gun (SB-700)Nikon | 3 | Nos |
| ၃။ | Rode Video MIC Directional Video Condenser Microphone W/Mount & Shoe Mount Adapter for Sony DLSR Camera | 3 | Nos |
| ၄။ | UPS (Power Tree) 650 VA | 50 | Nos |
| ၅။ | Telephone Set ID (Caller) | 50 | Nos |
| ၆။ | Tele Wide Zoom 80 to 400mm | 2 | Nos |
| ၇။ | Flash Gun HVLF-20 m for Sony Camera ILCE-7 | 40 | Nos |
| ၈။ | Digital Camera D-7100 Body Only Nikon | 3 | Nos |
| ၉။ | Digital Camera Sony ILCE-7,24.3 Megapixel 35mm Full-Frame Exmor | 40 | Nos |
| ၁၀။ | Digital Camera Nikon D-810 Body Lens-28 to 300 VR 2 Flash Gun-910 | 6 | Nos |
| ၁၁။ | Camera Recorder Panasonic HD (AVCHD) Camcorder Box | 20 | Nos |
| ၁၂။ | LCD Projector Shot Throw with Tripod Screen (90"x 90") Lumens 4000 Panasonic | 9 | Nos |
| ၁၃။ | Conference Mic System Meeting Room (TOA) | 1 | No |
| ၁၄။ | Post Production Work Station | 2 | Nos |
| ၁၅။ | Dolby Digital Sound System (7.1) Brand (750) | 1 | No |
| ၁၆။ | Camera HD Sony Cine Alta 4K PMW-F5 | 1 | No |
| ၁၇။ | Digital Recorder Sony ICD SH-1000 | 2 | Nos |
| ၁၈။ | Personal Computer<br>Core i7 3.4, (8MB/1150), H9Z(1150/DDR3),8 GB (DDR3), 2TB, GT 630 (DDR3) 128 bit with DVI/HDMI Output<br>21.5"/22" LED DVI/HDMI, 24xDVD Writer Speaker, Keyboard, Mouse, UPS-Power Tree 650 VA | 79 | Nos |
| ၁၉။ | Digital Multifunction Copier A3 Size (Konica)<br>600x600 dpi, Resolution 32 MB 250 Sheet Paper Tray | 45 | Nos |
| ၂၀။ | Laser Printer (A4) LBP 2900 B Canon | 80 | Nos |
| ၂၁။ | Roll Paper Fax Machine A4 Panasonic | 160 | Nos |
| ၂၂။ | Scanner A4 EPSON | 60 | Nos |
| ၂၃။ | Duplo (Dp-A 100) 300x360 dpi 90 Print Per Minute | 1 | No |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၁-၅-၂၀၁၅ ရက်မှ ၁၀-၆-၂၀၁၅ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁၁-၆-၂၀၁၅ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၃၆၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၃၆၆

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

## ပြည်တွင်းရေးရာ

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပရန် အချိန်ကာလ ခြောက်လခန့်သာလို ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို တစ်ခုပြီးတစ်ခု အချိန်ကာလအလိုက် အဆက်မပြတ်ဆောင်ရွက်



**နေပြည်တော်　　မေ　၇**

ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်း အမှတ်စဉ်(၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့်သင်တန်းသည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပရာတွင် ရွေးကောက်ပွဲကို တာဝန်ယူဆောင်ရွက်ကြမည့်သူများ၊ ပါဝင်ပတ်သက်ကြမည့်သူများအား ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ သိရှိထားရမည့်အချက်များကို ပညာပေးပို့ချမည့် သင်တန်းဖြစ်ကြောင်း၊ သင်တန်း၏ ရည်ရွယ်ချက်အနေဖြင့် ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများသည် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့် အမိန့်ညွှန်ကြားချက်များကို သိရှိနားလည်ပြီး မိမိတာဝန်ယူရမည့် လုပ်ငန်းပိုင်းတွင် ကျွမ်းကျွမ်းကျင်ကျင်၊ ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်နိုင်စေရန်နှင့် ရွေးကောက်ပွဲကို ဥပဒေနှင့်အညီ လွတ်လပ်မျှတပြီး ပွင့်လင်းမြင်သာစွာ ကျင်းပပေးနိုင်ရန်ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် သင်တန်းသားများအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ဝန်ထမ်းများနှင့် မဲရုံအဖွဲ့ဝင်များအထိ ဆင့်ကဲဆင့်ကဲ သင်တန်းများပို့ချသွားရမည်ဖြစ်သဖြင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များကို အနည်းနှင့်အများ သိရှိပြီးဖြစ်သော်လည်း ရှင်းရှင်းလင်းလင်း၊ တိတိကျကျသိရှိနားလည်အောင် မေးမြန်းဆွေးနွေးကြရန်ဖြစ်ကြောင်း။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပရန် အချိန်ကာလ ခြောက်လခန့်သာလိုသဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို တစ်ခုပြီးတစ်ခု အချိန်ကာလအလိုက် အဆက်မပြတ်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် အခြေခံမဲစာရင်းပြုစုခြင်းနှင့် ကြေညာခြင်းတို့ ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ မေးမြန်းချက်များအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ ပြန်လည်ရှင်းလင်း ဖြေကြားပေးရန်ဖြစ်ကြောင်း၊ ပြည်သူလူထုအား နားလည်သဘောပေါက်အောင် ရှင်းပြရန်လိုကြောင်း၊ ပြည်သူလူထုအနေဖြင့် ရွေးကောက်ပွဲအတွေ့အကြုံ ဗဟုသုတနည်းသည့်အတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးရန် လိုအပ်ကြောင်း၊ အသိပညာပေးရာတွင် ကော်မရှင်သာမက နိုင်ငံရေးပါတီများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ပေးရန်လိုကြောင်း။

ရွေးကောက်ပွဲတွင် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ ပြည်တွင်းစောင့်ကြည့်လေ့လာရေး လူမှုအဖွဲ့အစည်းများအား ဖိတ်ခေါ်ထားကြောင်း၊ ယခုကဲ့သို့ ဖိတ်ခေါ်ရခြင်းမှာ ရွေးကောက်ပွဲကို ပွင့်လင်းမြင်သာပြီး လွတ်လပ်မျှတသည့် ရွေးကောက်ပွဲအဖြစ် မှတ်ကျောက်တင်နိုင်ရန်နှင့် စောင့်ကြည့်လေ့လာရေးအဖွဲ့များက တင်ပြလာမည့် အားနည်းချက်၊ အားသာချက်များကို သုံးသပ်ပြီး နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် သင်ခန်းစာယူ ပြင်ဆင်နိုင်ရန်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် ကော်မရှင်၏လုပ်ငန်းဆောင်ရွက်ချက်များ၊ နိုင်ငံရေးပါတီများနှင့် ပြည်သူလူထု၏ အခြေအနေများကိုလေ့လာပြီး လွတ်လပ်မှု ရှိ/မရှိ၊ မျှတမှု ရှိ/မရှိ နှင့်ပွင့်လင်းမြင်သာမှု ရှိ/မရှိတို့ကို အစီရင်ခံစာများ ထုတ်ပြန်ကြမှာဖြစ်ကြောင်း၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ အစီရင်ခံစာများသည် ကမ္ဘာကို အသိပေးကြေညာမှာ ဖြစ်သည့်အတွက် နိုင်ငံ၏ပုံရိပ်ကောင်းမွန်စေရန် ရွေးကောက်ပွဲကို တာဝန်ယူဆောင်ရွက်ကြသူများအားလုံး၊ ပါဝင်ပတ်သက်သူများအားလုံး အလေးအနက်ထား ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ၎င်းတို့၏ Code of Conduct ကိုလည်း သိရှိထားရန်လိုကြောင်း။

ရွေးကောက်ပွဲကို လွတ်လပ်မျှတပြီး ပွင့်လင်းမြင်သာမှုရှိစေရန် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဘက်လိုက်မှုမရှိဘဲ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နည်းဥပဒေနှင့် လုပ်ငန်းလမ်းညွှန်များကို ပွင့်လင်းမြင်သာမှုရှိအောင် ပြင်ဆင်သင့်သည်များကို ပြင်ဆင်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အထူးသဖြင့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အားနည်းချက်ရှိခဲ့သည့် ကြိုတင်မဲကိစ္စအား ပွင့်လင်းမြင်သာမှုရှိအောင်၊ အားလုံးက ယုံကြည်လက်ခံနိုင်အောင် ပြင်ဆင်ထားပြီးဖြစ်ကြောင်း၊ ကြိုတင်မဲလုပ်ငန်းစဉ်များကို နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများအားလုံး လေ့လာထားရန်လိုကြောင်း။

ယခုဖွင့်လှစ်သည့် သင်တန်းသည် ရွေးကောက်ပွဲအတွက် အရေးကြီးသည့်သင်တန်းဖြစ်ပြီး ဆင့်ကဲဆင့်ကဲ ပို့ချနိုင်ရန်နှင့်ရွေးကောက်ပွဲကို လွတ်လပ်မျှတ၍ ပွင့်လင်းမြင်သာမှုရှိရှိ အောင်မြင်စွာ ကျင်းပနိုင်ရန် တက်ရောက်လာသည့် သင်တန်းသားများအနေဖြင့် သင်ခန်းစာပို့ချချက်များအား ရှင်းရှင်းလင်းလင်း သိရှိအောင် အလေးအနက်ထား လေ့လာဆွေးနွေးသွားကြရန် ပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲများ၊ တိုင်းဒေသကြီးများအတွင်းရှိ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် နိုင်ငံရေးပါတီများမှ သင်တန်းသား ၆၅ ဦးတို့ တက်ရောက်ခဲ့ပြီး သင်တန်းအား မေ ၇ ရက်မှ ၈ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ပဲခူး) ဒုတိယပွဲစဉ် ဖွင့်ပွဲကျင်းပ

**ပဲခူး　　မေ　၇**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီး အားကစားသမားများ ပေါ်ထွက်လာစေရေး အတွက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ တိုက်တွန်းအားပေးကူညီမှုဖြင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့မှ ကြီးမှူး၍ မြဝတီဘဏ်လီမိတက်မှ အဓိကကူညီပံ့ပိုးပေးသော ၂၀၁၅ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် (ပဲခူး) ၏ ဖွင့်ပွဲအခမ်းအနားကို မေ ၇ ရက် နံနက်ပိုင်းတွင် ပဲခူးရှိ ဟံသာဝတီဂေါက်ကလပ်၌ ကျင်းပသည်။

ရှေးဦးစွာ ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁) တီခုံ၌ နေရာယူကြပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ကျော်ဇော၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်ဇာနည်ဝင်းနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲအား ဖွင့်လှစ်ပေးကာ ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပြိုင်ပွဲတွင် Professional အဆင့် ၃၄ ဦး၊ အပျော်တမ်းအဆင့် အမျိုးသား ၇၆ ဦး၊ အပျော်တမ်းအဆင့် အမျိုးသမီး ၁၄ ဦး၊ စုစုပေါင်း အားကစားသမား ၁၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပထမနေ့ (၁၈)ကျင်းအပြီးတွင် Professional အဆင့်ပြိုင်ပွဲတွင် မျိုးဝင်းအောင်(P.R.G.R)၊ သိန်းဇော်မြင့် (Mizuno)တို့ က ရိုက်ချက် (၆၉) ချက်ဖြင့်ပထမ၊ ရန်မျိုးအေး (CEO Group)၊ ဇော်ဇော်လတ် (HAN Golf Academy)နှင့် လှမျိုး (Mizuno) တို့က ရိုက်ချက် (၇၀)ဖြင့် ဒုတိယလိုက်နေပြီး၊ အပျော်တမ်းအဆင့်ပြိုင်ပွဲတွင် ဇင်မင်းသူက ရိုက်ချက် (၆၈)ချက်ဖြင့် ပထမ၊ ထွန်းအောင်ခိုင်က ရိုက်ချက် (၇၁) ချက်ဖြင့် ဒုတိယ၊ ဇော်ဇော်ထွန်းက (၇၂)ချက်ဖြင့် တတိယလိုက်နေကြောင်း သိရသည်။ **(ဖိုးသော်ဇင်)**

# မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၂၅) ကြိမ်မြောက်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော်　　မေ　၇**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၂၅) ကြိမ်မြောက် ငွေရတုနှစ်ပတ်လည်အစည်းအဝေးကို တတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ သဘာပတိများအဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ နာယက ဒေါ်ခင်သန်းဝင်း၊ နာယက ဒေါ်ထွေးထွေးညွန့်၊ နာယကပါမောက္ခ ဒေါက်တာဝင်းဝင်းမြနှင့် ဥက္ကဋ္ဌ ဒေါ်သဇင်နွယ်တို့က ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးတွင် လူငယ်ဆွေးနွေးပွဲမှ ရလဒ်များကို လူငယ်ကိုယ်စားလှယ်တစ်ဦးက တင်ပြခဲ့သည်။ ထို့နောက် နာယက ဒေါ်ခင်သန်းဝင်းက အမှာစကားပြောကြားခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ နာယကများ၊ ဥက္ကဋ္ဌများ၊ အကြံပေးပုဂ္ဂိုလ်များနှင့် တက်ရောက်လာသူများက အထွေထွေဆွေးနွေးခြင်း၊ အကြံပြုခြင်းများ တင်ပြခဲ့ရာ သဘာပတိအဖွဲ့မှ ဆွေးနွေးဖြေကြားခဲ့သည်။

အစည်းအဝေးကို ဆက်လက်ကျင်းပရာ အတွင်းရေးမှူးက (၂၅) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးမှ ချမှတ်သော ဆုံးဖြတ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားရာ အစည်းအဝေး တက်ရောက်လာကြသူများက အကြံပြုချက်များကို ဆွေးနွေးပေးခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်ပေါ် မူတည်၍ သဘာပတိအဖွဲ့မှ ဆုံးဖြတ်ချက်ငါးရပ်နှင့် ရှေ့လုပ်ငန်းစဉ် ၁၅ ရပ်တို့ကို ချမှတ်အတည်ပြုခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက်လည်းကောင်း၊ စေတနာ့ဝန်ထမ်းစွမ်းဆောင်ရှင်ဆုပေးအပ်ရန် အကောင်းဆုံးသားဖွားခန်းဆုနှင့် မူကြိုကျောင်းဆုချီးမြှင့်ရန်တို့အတွက်လည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးဗဟိုမှ ထောက်ပံ့ငွေများပေးအပ်ခဲ့ရာ စုစုပေါင်းငွေကျပ် ၅၉၁ သိန်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။ **(ကြေးမုံ)**




# ၂၀၁၅ ခုနှစ် ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများ နေပြည်တော်အတွင်း ဆက်လက်လေ့လာ

**နေပြည်တော်　　မေ　၇**

၂၀၁၅ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်စုပေါင်းစခန်း (နေပြည်တော်)သို့ ရောက်ရှိနေကြသော ၂၀၁၅ ခုနှစ် ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများသည် ကြီးကြပ်အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သတ္တသတ္တာဟ ဗုဒ္ဓဂယာ၌ မဟာဗောဓိစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြကာ မြတ်ဗုဒ္ဓ၏ မဇ္ဈိမခရီးစဉ် ဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် လွှတ်တော်သို့သွားရောက်၍ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ ဇမ္ဗူသီရိခန်းမဆောင်ရှိ လွှတ်တော်စာကြည့်တိုက်၊ e-Library နှင့် Learning Centre များကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အာဆီယံအဆင့်မီ၊ ကမ္ဘာ့အဆင့်မီ ထူးချွန်သူများ၊ အောင်နိုင်သူများဖြစ်လာစေရန် စွမ်းဆောင်ကြိုးပမ်း

နေပြည်တော်  မေ  ၇

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပသည့် ၂၀၁၅ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်စုပေါင်းစခန်း ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၅ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ် စုပေါင်းစခန်း ဂုဏ်ပြုညစာစားပွဲတွင် ဘက်စုံပညာ ထူးချွန်လူငယ်များအား အမှတ်တရလက်ဆောင်များ ပေးအပ်စဉ်။**

(သတင်းစဉ်)

ညစာစားပွဲ၌ ဒုတိယသမ္မတက အမှာစကား ပြောကြားရာတွင် ဘက်စုံပညာ ထူးချွန်သူ လူငယ်မောင်မယ်တို့ကို ပညာရေးဝန်ကြီးဌာနက စိစစ်ရွေးချယ်ပြီး ချီးမြှောက်ဂုဏ်ပြုသည့်အနေဖြင့် နွေရာသီကျောင်းပိတ်ရက်များအတွင်း ပုဂံ၊ အင်းလေး၊ ငွေဆောင်စသည့် လူငယ်စခန်းအသီးသီးတွင် သွားရောက်အပန်းဖြေ အနားယူစေခဲ့ပါကြောင်း၊ ယင်းလူငယ်စခန်းများမှာပင် လူငယ်မောင်မယ်များ တတ်သင့်တတ်ထိုက်၊ သိသင့်သိထိုက်သည့် ဗဟုသုတဆိုင်ရာ လက်တွေ့စာတွေ့ပညာရပ်များကို သင်ကြားပြသလုပ်ဆောင်စေခဲ့ပါကြောင်း။

ထို့အပြင် ဒေသအတွင်းမှာရှိသည့် စီးပွားရေးလုပ်ငန်းကြီး၊ လုပ်ငန်းငယ်များနှင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝအကြောင်း သိရှိရစေရန် ကွင်းဆင်းလေ့လာစေခဲ့ပြီးသည့်နောက် ယခု နေပြည်တော်တွင် ကျင်းပသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနား တက်ရောက်နိုင်ရန် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ဘက်စုံပညာ ထူးချွန်မောင်မယ်များအား ဂုဏ်ပြုချီးမြှင့်ရသည့် နိုင်ငံတော်၏ ရည်ရွယ်ချက်များစွာရှိပါကြောင်း၊ လူငယ်မောင်မယ်တို့ကို ရွေးချယ်ပြီး လူငယ်စခန်းများတွင် အတူတကွ သွားရောက်အပန်းဖြေ နားနေလေ့လာစေခြင်းအားဖြင့် ကျန်းမာသန်စွမ်းပြီး အကျင့်စာရိတ္တ ကောင်းမွန်သည့် ပညာထူးချွန်သူများ ဖြစ်လာစေရန် ၊ လက်တွေ့အသုံးချ ပညာရပ်များနှင့်အတူ နိုင်ငံတော်ကို အကျိုးပြုနိုင်သူများ ပေါ်ပေါက်လာစေရန်၊ မှန်ကန်သော ယှဉ်ပြိုင်မှုများဖြင့် ပညာအရည်အသွေးမြှင့်တင်နိုင်ရန်၊ ဒေသန္တရဗဟုသုတရရှိပြီး အများနှင့် စုပေါင်းနေထိုင်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ၊ ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်လူရွယ်များ ဖြစ်လာကြစေရန် စသည့် ရည်ရွယ်ချက်များ ဖြစ်ပါကြောင်း။

တစ်နည်းအားဖြင့် ကျန်းမာသန်စွမ်းသည့်၊ ပညာထူးချွန်သည့်၊ ဗဟုသုတပြည့်စုံသည့် လူတော်လူကောင်းများအဖြစ်နှင့် တစ်နေ့နေ့တစ်ချိန်ချိန်တွင် တိုင်းပြည်ကို အလုပ်အကျွေးပြုနိုင်သူများ ဖြစ်လာကြစေရန် ရည်ရွယ်ပါကြောင်း၊ ယနေ့ ကမ္ဘာတွင် အေးချမ်းသာယာပြီး နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ကြရာတွင် Infrastructure များ အားကောင်းရန် လိုအပ်ခြင်းကို အားလုံးက လက်ခံနေကြပြီဖြစ်ပါကြောင်း။

Hard Infrastructure ဖြစ်သည့် လမ်းများ၊ တံတားများ၊ လျှပ်စစ်မီး၊ ရေ၊ ပို့ဆောင်ရေး ၊ ဆက်သွယ်ရေး၊ စသည်များ၊ Soft Infrastructure ဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ ငွေရေးကြေးရေး၊ အုပ်ချုပ်ရေးစနစ်များနှင့် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ ငြိမ်းချမ်းရေး စသည်များနှင့် ပြည့်စုံပါမှ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ယင်းအခြေခံအဆောက်အအုံယန္တရားများကို ကျွမ်းကျွမ်းကျင်ကျင် နိုင်နိုင်နင်းနင်းဖြင့် ထိန်းသိမ်းကိုင်တွယ်လည်ပတ်နိုင်စေရန် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များစွာလိုအပ်ပါကြောင်း။

ထို့အပြင် ပခုံးပြောင်းတာဝန်ယူသူ အသိပညာရှင် အတတ်ပညာရှင် လူကြီးများ ဖြစ်လာကြမည့် ယခု ထူးချွန်လူငယ်မောင်မယ်တို့၏ အစွမ်းအစ၊ စေတနာ၊ အကျင့်စာရိတ္တနှင့် ကြိုးစားအားထုတ်မှုများပေါ်တွင်လည်း များစွာမူတည်နေပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအဆက်ဆက်က လူငယ်မောင်မယ်တို့ကို လူရည်ချွန် လူရည်မွန် လူတော်လူကောင်းများ ဖြစ်လာစေရန် အစဉ်တစိုက် ပြုစုပျိုးထောင်ပေးခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ထူးချွန်လူငယ်စီမံကိန်းကို ယခင် တော်လှန်ရေးကောင်စီအစိုးရလက်ထက် ၁၉၆၄ ခုနှစ်မှ စတင်ပြီး ၁၉၈၈ ခုနှစ်အထိ ပထမမျိုးဆက် လူရည်ချွန်များကို ချီးမြှောက်အကောင်အထည်ဖော်ခဲ့ပြီးဖြစ်ကြောင်း။

အကောင်အထည်ဖော်ခဲ့သည့် ၂၄ နှစ်တာကာလအတွင်း လူရည်ချွန်ပေါင်း ၇၉၀၈ ဦးကို မွေးထုတ်နိုင်ခဲ့ပြီး ၎င်းလူရည်ချွန်များအနေဖြင့် စစ်ဘက်နယ်ဘက်ဆိုင်ရာ အဆင့်မြင့်နိုင်ငံ့တာဝန်များကို ထမ်းဆောင်ပြီး၊ ထမ်းဆောင်ဆဲ ပုဂ္ဂိုလ်များအဖြစ် ပါဝင်ခဲ့ကြပါကြောင်း၊ ယခုတစ်ဖန် အစိုးရသစ်ကာလ ၂၀၁၃ ခုနှစ်က စတင်ခဲ့သည့် ဘက်စုံပညာထူးချွန် လူငယ်စီမံကိန်းအနေဖြင့် ၂၀၁၅ ခုနှစ်အထိ မွေးထုတ်ပေးခဲ့သည့် ထူးချွန်လူငယ်ပေါင်း ၁၅၆၃ ဦး ရှိပြီဖြစ်ပါကြောင်း၊ အနာဂတ် မြန်မာနိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအလားအလာသည်လည်း ဒုတိယမျိုးဆက် လူရည်ချွန် လူရည်မွန် မောင်မယ်တို့၏ စွမ်းဆောင်ကြိုးပမ်းမှုအပေါ် မူတည်သွားမည်ဖြစ်ကြောင်း။

ထူးချွန်လူငယ်တစ်ဦးချင်းစီ၏စွမ်းရည်၊ တစ်ဦးချင်းစီ၏ စွမ်းဆောင်နိုင်မှုများ မြင့်တက်လာစေရန် လိုအပ်သကဲ့သို့ အနာဂတ်ကာလတွင် ပုဂ္ဂိုလ်ရေးအရ တစ်ဦးနှင့်တစ်ဦး၊ အသင်းအဖွဲ့အရ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အချိတ်အဆက်မိမိဖြင့် အရည်အသွေးနှင့် အရေအတွက် ပြည့်စုံသည့် အဖွဲ့အစည်းများအဖြစ် ပူးပေါင်းလုပ်ဆောင်နိုင်ကြရန် အရေးကြီးလိုအပ်ချက်ဖြစ်ပါကြောင်း၊ နိဂုံးချုပ်အားဖြင့် နိုင်ငံတော်အစိုးရက မိမိတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ရည်မှန်းပြီး ရေရှည်အကောင်အထည်ဖော်နေသည့် အစီအစဉ်တွင် ယခု ဘက်စုံပညာထူးချွန်လူငယ်မောင်မယ်များအနေဖြင့် အာဆီယံအဆင့်မီ၊ ကမ္ဘာ့အဆင့်မီ ထူးချွန်သူများ၊ အောင်နိုင်သူများဖြစ်လာစေရန် စွမ်းဆောင်ကြိုးပမ်းသွားကြပါဟု တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပုဂံအပန်းဖြေစခန်းမှ ဘက်စုံပညာထူးချွန်လူငယ်တစ်ဦး၊ အင်းလေးအပန်းဖြေစခန်းမှ ဘက်စုံပညာထူးချွန်လူငယ်တစ်ဦးနှင့် ငွေဆောင် အပန်းဖြေစခန်းမှ ဘက်စုံပညာထူးချွန် လူငယ်တစ်ဦးတို့က မိမိတို့၏ စခန်းအတွေ့အကြုံများကို အသီးသီးရှင်းလင်းပြောကြားပြီး ကျေးဇူးတင်စကားပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများအား ဘက်စုံပညာ ထူးချွန်လူငယ်များက အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဘက်စုံပညာထူးချွန် လူငယ်မောင်မယ်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲ ကျင်းပစဉ် နေပြည်တော် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူလေးများက **"ရည်မှန်းချက်ပန်းတိုင်"** သီချင်းဖြင့် လည်းကောင်း၊ ပုဂံ အပန်းဖြေစခန်းမှ ဘက်စုံပညာထူးချွန် လူငယ်များက **"စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်"** တေးသီချင်းဖြင့်လည်းကောင်း၊ အင်းလေးအပန်းဖြေစခန်းမှ ဘက်စုံပညာထူးချွန်လူငယ်များက **"နောင်အင်းလေး"** တေးသီချင်းဖြင့် လည်းကောင်း၊ ငွေဆောင်အပန်းဖြေစခန်းမှ ဘက်စုံပညာထူးချွန် လူငယ်များက **"ရောဝတီအလှ"** တေးသီချင်းဖြင့်လည်းကောင်း၊ တေးသရုပ်ဖော်အကများဖြင့်လည်းကောင်း ဖျော်ဖြေကြသည်။

အလားတူ ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက တေးသီချင်းနှင့် ယိမ်းအကများဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဘက်စုံပညာထူးချွန်လူငယ် မောင်မယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**(သတင်းစဉ်)**

## ❒ ထိုင်းနိုင်ငံမှ

ထိုင်းနိုင်ငံ၏ အကြီးဆုံးနေရောင်ခြည်စွမ်းအင်ကုမ္ပဏီ SPCG အနေဖြင့် မြန်မာနိုင်ငံ၌ ယခုကဲ့သို့ နေရောင်ခြည်စွမ်းအင်အသုံးပြုလျှပ်စစ်ကွန်ရက်စနစ်ကို စတင်အကောင်အထည်ဖော်ရန် စီစဉ်နေခြင်းသည် မြန်မာနိုင်ငံအတွင်း၌ စက်မှုဘက်ဆိုင်ရာလုပ်ငန်းများ များပြားလာခြင်းကြောင့် မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် မြင့်မားလာခဲ့ခြင်းကြောင့်ဖြစ်ကြောင်း အမှုဆောင်အရာရှိချုပ် Wandee Khunchornyakong က ပြောကြားခဲ့သည်။

အဆိုပါလျှပ်စစ်ကွန်ရက်စနစ် အကောင်အထည်ဖော်မှုတွင် ကွန်ရက်စနစ်တစ်ခုလျှင် အမေရိကန်ဒေါ်လာနှစ်သန်းကုန်ကျမည်ဖြစ်ပြီး ယင်းစီမံကိန်းတွင် SPCG ကုမ္ပဏီအပြင် ကမ္ဘာ့ဘဏ်အုပ်စုနှင့် ဂျပန်နိုင်ငံမှ Kyocera တို့ကလည်း ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ၏ အကြီးဆုံးနေရောင်ခြည်စွမ်းအင်ကုမ္ပဏီ SPCG သည် ထိုင်းနိုင်ငံတွင် နေရောင်ခြည်စွမ်းအင်အသုံးပြုလုပ်ငန်းပေါင်း ၃၆ ခုရှိသည်။ အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)သည်လည်း အာဆီယံစီးပွားရေးအသိုက်အဝန်းကိုအကောင်အထည်ဖော်ရန်စီစဉ်ထားသည်နှင့်အညီ SPCG ကုမ္ပဏီအနေဖြင့် နေရောင်ခြည်စွမ်းအင်ကို အောင်မြင်စွာအသုံးချနိုင်ကာ အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် ဦးဆောင်သွားနိုင်ရန် မျှော်လင့်ထားကြောင်းလည်း Nikkei Asian Review တွင် ဖော်ပြထားသည်။ **(နိုင်လင်းကြည်)**

**SPCG ကုမ္ပဏီက ထိုင်းနိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိသည့် နေရောင်ခြည်စွမ်းအင်အသုံးပြု လျှပ်စစ်ကွန်ရက်တစ်ခုကို တွေ့ရစဉ်။**



## ❍ ဆီမီးဖိုင်နယ်မှ

သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဖိလစ်ပိုင်အသင်းကို လေးဂိုး-တစ်ဂိုး၊ မလေးရှားအသင်းကို လေးဂိုးပြတ်တို့ဖြင့် အနိုင်ရရှိကာ ရမှတ်ခြောက်မှတ်ဖြင့် ဆီမီးတက်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တွင် အာရှထိပ်သီး ဩစတြေးလျအသင်းနှင့် တွေ့ဆုံနေရာ ခက်ခက်ခဲခဲ ကစားရမည်ဖြစ်ပြီး အနိုင်ရရှိရေး ရုန်းကန်ရဖွယ်ရှိနေသည်။ မြန်မာအသင်းနှင့် ဩစတြေးလျအသင်းတို့သည် အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ သက်တမ်းတစ်လျှောက် ဆီမီးဖိုင်နယ်တွင် သုံးကြိမ်မြောက်တွေ့ဆုံခြင်း ဖြစ်သည်။ မြန်မာအသင်းသည် ၂၀၀၈ ပြိုင်ပွဲတွင် ငါးဂိုး-တစ်ဂိုး၊ ၂၀၁၃ ပြိုင်ပွဲတွင် နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် ဩစတြေးလျအသင်းကို နှစ်ပွဲစလုံး ရှုံးနိမ့်ထားသည်။ မြန်မာအသင်းသည် ဆီမီးပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မလေးရှားနှင့် နောက်ဆုံးပွဲ၌ အမာခံအချို့ကို အနားပေးထားခဲ့ပြီး မေ ၇ ရက်တွင်လည်း ဆီမီးပွဲအတွက် ပြင်ဆင်လျက်ရှိပါကြောင်း။

# မတူညီသည့် ယဉ်ကျေးမှုစံနှုန်းများကို ဇွတ်အတင်းပေါင်းစပ်ခြင်း၊ နှိုင်းယှဉ်ခြင်းပြု၍မရ ကိုယ့်ရိုးရာကို မထိန်းသိမ်းနိုင်သည့်နိုင်ငံတွင် ယဉ်ကျေးမှုပွန်းစားခြင်း ခံနေရ

**နေပြည်တော် မေ ၇**

တစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ် ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝရ ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားတို့၏ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရာတွင် အနုသုခုမပညာဖြင့် ပါဝင်ဆောင်ရွက်ရေးဟူသည့် ဦးတည်ချက်များဖြင့် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညွန့်ထွန်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ ဆပ်ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် ပြည်သူများတက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန မျက်နှာစာ၌ ကျင်းပရာ ရှေးဦးစွာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ပြိုင်ပွဲကျင်းပရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညွန့်ထွန်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတဦးညွန့်ထွန်းက မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို လူအား၊ ငွေအား၊ အချိန်အား စိုက်ထုတ်ပြီး နှစ်စဉ်မပျက် ကျင်းပနေကြခြင်းသည် မိမိအမျိုးအနွယ် ဇာတိ၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုများကို နိုင်ငံတော်တည်တံ့ခိုင်မြဲမှုနှင့်အတူ ယှဉ်တွဲတည်ရှိနေရမည့် ဂုဏ်ဒြပ်များအဖြစ် နှလုံးသွင်းခံယူထား၍ ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် တိုင်းရင်းသား မျိုးနွယ်စုပေါင်းများစွာတို့သည် ရှေးယခင်ကတည်းက နှစ်ကာလရှည်ကြာစွာ အတူတကွ အေးချမ်းပျော်ရွှင်စွာ ယှဉ်တွဲနေထိုင်ခဲ့ကြပြီး ရေကိုသားလို့အကြားမထင်သည့် သွေးစည်းမှုနှင့် ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲစေရန် စည်းလုံးညီညွတ်စွာ တည်ဆောက်ခဲ့ပါကြောင်း၊ ယခုလို တည်ဆောက်နိုင်ရန်အတွက် အပြန်အလှန် နားလည်မှု၊ စာနာမှုများနှင့် ရင်းနှီးဖော်ဆောင်ခဲ့ကြခြင်းပင်ဖြစ်ပါကြောင်း၊ "စိုတဲ့လက် မခြောက်စေနဲ့" ဆိုသကဲ့သို့ မိမိတို့၏ အေးချမ်းစိုပြည်နေသည့် တွဲလက်များသည် မည်သည့်အခါကမျှ မခြောက်သွေ့ခဲ့ပါကြောင်း၊ ယခုလိုဖြစ်စေသည့် အဓိကအကြောင်းရင်းသည် မိမိတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမများ တစ်ဦး၏ ရိုးရာဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ အနုသုခုမများကို တစ်ဦးက အပြန်အလှန်လေးစားခြင်း၊ မျှယူခံစားခြင်းဆိုသည့် စိတ်ဓာတ်ကြောင့်ပင် ဖြစ်ပါကြောင်း၊ ရေမြေဒေသ အနေအထားအရ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှု အနုသုခုမဖော်ဆောင်မှုဟန်ပန်များ အနည်းငယ်ကွဲပြားသော်လည်း တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီခြင်း၊ စာနာထောက်ထားခြင်း၊ ဟိရိဩတ္တပ္ပတရားထားရှိခြင်း၊ တစ်စိတ်တစ်ဝမ်းတည်း စုစည်းနေထိုင်တတ်ခြင်းဆိုသည့် အခြေခံဥပဒေများ တူညီခဲ့ကြပါကြောင်း၊ ယနေ့အချိန်ထိတိုင် စည်းလုံးညီညွတ်ခြင်း၏ တန်ဖိုးကို လက်ခံယုံကြည်ပြီး ဥမကွဲသိုက်မပျက် ပြည်ထောင်စုစိတ်ဓာတ်ကို ဆက်လက်ရှင်သန်ခိုင်မာစေခဲ့ပါကြောင်း။

ယနေ့မျက်မှောက်တွင် ယဉ်ကျေးမှုဆိုသည့် စကားရပ်ကို ရိုးရာဓလေ့ထုံးစံနှင့် အနုသုခုမနယ်ပယ်သာမက နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုဆက်ဆံရေး စသည့် နယ်ပယ်များမှာပါ ကျယ်ပြန့်စွာ ယှဉ်တွဲအသုံးပြုလျက်ရှိပါကြောင်း၊ မွေးဖွားသည်မှ သက်တမ်းကုန်ဆုံးသည့်တိုင် လူ့ဘဝတွင်နေ့စဉ်ကြုံရသည့် လူမှုကိစ္စအဝဝတိုင်းသည် ယဉ်ကျေးမှုအလေ့အထများ၊ ကျင့်ဝတ်ကျင့်ထုံးများနှင့် ကင်းလွတ်မှုမရှိပါကြောင်း၊ လူမျိုးတစ်မျိုး၏ စားသောက်ခြင်း၊ ဝတ်စားဆင်ယင်ခြင်း၊ ပြုမူပြောဆိုနေထိုင်ခြင်းစသည့် ဓလေ့ထုံးတမ်းများသည် အဆိုပါလူမျိုး၏ ယဉ်ကျေးမှုစံပင် ဖြစ်ပါကြောင်း။

ထို့အပြင် နိုင်ငံနယ်နိမိတ်အပိုင်းအခြား၊ ကိုးကွယ်ယုံကြည်မှုရေမြေသဘာဝရာသီဥတုကိုလိုက်၍ နိုင်ငံ တစ်နိုင်ငံချင်းစီ၏ ယဉ်ကျေးမှုစံနှုန်းများ ထပ်တူညီမှုမရှိနိုင်ပါကြောင်း၊ မတူညီသည့် ယဉ်ကျေးမှုစံနှုန်းများကို ဇွတ်အတင်းပေါင်းစပ်ခြင်း၊ နှိုင်းယှဉ်ခြင်းလည်း ပြု၍မရပါကြောင်း၊ ရေမြေဒေသ သဘောသဘာဝ မတူသည့် ယဉ်ကျေးမှုစံနှုန်းများကို ဇွတ်အတင်း ပေါင်းစပ်၊ နှိုင်းယှဉ်ခြင်းများ ပြုမိလျှင် ယဉ်ကျေးမှုချင်း ပွတ်တိုက်မှုများကြောင့် ကိုယ်ခံအားနည်းသူများအတွက် ယဉ်ကျေးမှုပွန်းစားခံရသူများ ကြုံတွေ့ရတတ်ပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံသူနိုင်ငံသားများသည် အခြားတစ်ပါးသော ယဉ်ကျေးမှုများကို အသိအမှတ်ပြု လေးစားတန်ဖိုးထားသကဲ့သို့ ကိုယ့်ရိုးရာ၊ ကိုယ့်ယဉ်ကျေးမှုဓလေ့ထုံးစံများကိုလည်း အသက်နှင့်အမျှ မြတ်နိုးချစ်ခင်ကြပါကြောင်း၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၏ ဂုဏ်ယူဖွယ်ရာ ကောင်းလှသည့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်း၊ မြှင့်တင်ခြင်းများကို ဘိုးစဉ်ဘောင်ဆက် သားစဉ်မြေးမြစ် ပြောထုံးဖြစ်အောင် စွမ်းဆောင်ခဲ့ကြပါကြောင်း။

မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကိုလည်း ယဉ်ကျေးမှုထိန်းသိမ်းကာကွယ်မြှင့်တင်ရန် ရည်ရွယ်ချက် မြင့်မားစွာထားရှိ၍ နှစ်စဉ်မပျက် အဓိပ္ပာယ်ရှိစွာ ကျင်းပနေခြင်းဖြစ်ပါကြောင်း၊ ယခုပြိုင်ပွဲကြီးသည် တစ်ဖက်ကကြည့်လျှင် အနုပညာဆိုင်ရာပြိုင်ပွဲတစ်ခုဖြစ်သကဲ့သို့ အခြားတစ်ဖက်က ရှုမြင်လျှင်လည်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှုကို အခြေခံပြီး ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ဖော်ထုတ်ထိန်းသိမ်းသည့်ပွဲ၊ မျိုးဆက်ဟောင်း အနုပညာရှင်ကြီးများနှင့် မျိုးဆက်သစ်အနုပညာရှင်မောင်နှမများ ပေါင်းကူးယှက်နွယ်သည့်ပွဲ၊ တစ်နည်းအားဖြင့်တိုင်းရင်းသား ညီအစ်ကိုများ ယဉ်ကျေးမှုပေါင်းစည်းသည့်ပွဲလည်းဖြစ်ပါကြောင်း။

မြန်မာတိုင်းရင်းသားတို့၏ ကိုယ်ပိုင်မူဟန်ဖြစ်သည့် ခေါင်း၊ ခါး၊ ခြေ၊ လက် အကအခြေခံက မလွတ်သော ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ် တူရိယာအခြေခံနှင့် မကင်းကွာသည့် ရိုးရာယဉ်ကျေးမှုအဆို၊ အကများအပြင် ယခုနှစ်တွင် မြန်မာနိုင်ငံသားတို့၏ အကအခြေခံဖြစ်သည့် ကဗျာလွတ်ပြိုင်ပွဲကို ထည့်သွင်းထားသကဲ့သို့ နိုင်ငံတစ်နံတစ်လျားတွင်ရှိနေသည့် တိုင်းရင်းသား ရိုးရာအကနှင့် ကျေးလက်ရိုးရာအကများကိုလည်း အလေးအနက်ထားပြီး ဖိတ်ခေါ်ဖော်ထုတ်တင်ဆက်သွားမည်ဖြစ်ပါကြောင်း။



ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညွန့်ထွန်း တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယနေ့ကမ္ဘာကြီးတွင် မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းသယ်ဆောင်ထိန်းသိမ်းခဲ့ကြသည့် ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များနှင့် သတင်းအချက်အလက် နည်းပညာပံ့ပိုးမှုကိုအခြေခံသည့် အမြင်ဆန်း၊ အကြားဆန်းသည့် ခေတ်ပေါ်အနုပညာရပ်များသည် အပြန်အလှန် လွန်ဆွဲနေကြပါကြောင်း၊ ကိုယ့်ရိုးရာကို မထိန်းသိမ်းနိုင်သည့် နိုင်ငံတွင် ယဉ်ကျေးမှုပွန်းစားခြင်းခံနေရပါကြောင်း။

ယနေ့မိမိတို့နိုင်ငံတွင် မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းသယ်ဆောင်ထိန်းသိမ်းခဲ့သည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ကွယ်ပျောက်မသွားခြင်းသည် ခေတ်စနစ်ပေါင်းများစွာတွင် အခြေအနေပေါင်းများစွာကို ကြံ့ကြံ့ခံ၍ ရိုးရာဓလေ့ထုံးစံများ၊ အနုသုခုမပညာရပ်များကို ဇောင်းပေး၊ ဇမ်းတင်ခဲ့ကြသည့် တာဝန်ရှိခဲ့ကြသူအသီးသီး၏ ကြိုးပမ်းအားထုတ်မှုနှင့် မြတ်နိုးခုံမင်စွာ ဖက်တွယ်ခဲ့ကြသည့် မျိုးဆက်ဟောင်းအနုပညာရှင်ကြီးများ၊ လေးစားစွာ ဆက်ခံသင်ယူပွားများခဲ့ကြသည့် မျိုးဆက်သစ်အနုပညာရှင်များ၏ စွမ်းအားကြောင့်ဖြစ်သည်ကို အသိအမှတ်ပြုဂုဏ်ယူပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဂီတစာဆိုဦးမောင်မောင်လတ် ရေးစပ်သီကုံးသော **"ထိန်းသိမ်းစို့လေ တို့အမွေ"**တေးသီချင်းဖြင့် အနုပညာရှင်များက ဂုဏ်ပြုသီဆို ဖျော်ဖြေတင်ဆက်ကြသည်။

ယခုနှစ် ကျင်းပသည့်ပြိုင်ပွဲကို ဝါသနာရှင်(ပထမတန်း)အဆင့်၊ ဝါသနာရှင်(ဒုတိယတန်း)အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ(အသက် ၁၅နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်၊ အခြေခံပညာ(အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း)အဆင့်၊ အဆင့်ငါးဆင့် သတ်မှတ်ကျင်းပသွားမည်ဖြစ်သည်။

ထို့အတူ အဆိုဘာသာရပ်ပြိုင်ပွဲ၌ မဟာဂီတ၊ ခေတ်ဟောင်းကာလပေါ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးပြိုင်ပွဲတို့ကို လည်းကောင်း၊ အကဘာသာရပ်ပြိုင်ပွဲ၌ တစ်ဦးချင်းအကပြိုင်ပွဲ၊ တိုင်းရင်းသားရိုးရာအက/ကျေးလက်ရိုးရာအကပြိုင်ပွဲ၊ ရုပ်သေးနှင့် ကွက်စိပ်တို့ကိုလည်းကောင်း၊ အရေးဘာသာရပ်ပြိုင်ပွဲ၌ ဝါသနာရှင် (ပထမတန်း)အဆင့်၊ ဝါသနာရှင်(ဒုတိယတန်း)အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအသက်(၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်တို့ကိုလည်းကောင်း၊ အတီးဘာသာရပ်ပြိုင်ပွဲ၌ အတီးတူရိယာ ၁၂ မျိုးတို့ကိုလည်းကောင်း ပြိုင်ပွဲများကျင်းပသွားမည်ဖြစ်သည်။

ထို့အပြင် ယခုနှစ်ပြိုင်ပွဲ၌ နိုင်ငံတော်အတွင်း မြန်မာအက အခြေခံ ကဗျာလွတ်အကများ ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့စေရန် ရည်ရွယ်ချက်ဖြင့် ကဗျာလွတ်အကပြိုင်ပွဲကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပဲခူးမြို့၌ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ပဲခူး မေ ၇**

ရပ်ကွက်အခြေပြု လူကုန်ကူးမှုဆိုင်ရာ စောင့်ကြည့်အဖွဲ့ စွမ်းရည်မြှင့်သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို မေ ၇ ရက် နံနက် ၉ နာရီက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးမင်းထိုက်၊ အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(ပဲခူး)မှ ရဲမှူး မြင့်ဝင်း၊ ကမ္ဘာ့ကုလသမဂ္ဂ လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံချက် UN-ACT မှအဖွဲ့ဝင်များနှင့် ပဲခူးမြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးမှ ရပ်/ကျေးစောင့်ကြည့်ရေးအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေး အဖွဲ့ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးမင်းထိုက်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး တပ်ဖွဲ့စု(ပဲခူး)မှ ရဲမှူးမြင့်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့၍ အဆိုပါသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို မေ ၈ ရက်အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(၀၇၅)**

# ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်းလုပ်ငန်းသဘောတူစာချုပ် ၂၀၁၅ ခုနှစ် ဇွန်လအတွင်း ချုပ်ဆိုနိုင်ရန်ဆောင်ရွက်သွားမည်



**ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်။** (ဓာတ်ပုံ-အငယ်လေး)

အင်တာဗျူး
မြတ်သန္တာမောင်

မြန်မာနိုင်ငံ၏ ပထမဆုံးသော အထူးစီးပွားရေးဇုန်အဖြစ် ၂၀၀၈ ခုနှစ်တွင် ထားဝယ်အထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်ရန် စတင်ခဲ့ကြပြီး ၂၀၁၀ ခုနှစ် နိုဝင်ဘာလတွင် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်နှင့် အီတာလျံ-ထိုင်းကုမ္ပဏီတို့က မူဘောင်သဘောတူစာချုပ်(Framework Agreement)ကို လက်မှတ်ရေးထိုးပြီး စီမံကိန်းလုပ်ငန်းများကို စတင်ခဲ့သည်။

ထားဝယ်အထူးစီးပွားရေးဇုန်သည် ခန့်မှန်းဧရိယာဧက ငါးသောင်းခန့်ရှိပြီး စီမံကိန်းကြီးမားသောကြောင့် ခန့်မှန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၆ ဘီလီယံခန့်ရှိခဲ့သည်။ အီတာလျံ-ထိုင်းကုမ္ပဏီအနေဖြင့် ဘဏ္ဍာငွေရရှိရန် လုပ်ငန်းများမှာ လျာထားချက်အတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိဘဲ နှောင့်နှေးကြန့်ကြာခဲ့သည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် ထိုင်းနိုင်ငံ၌ ပြုလုပ်သည့် စတုတ္ထအကြိမ် ပူးတွဲလုပ်ငန်းကော်မတီ(JCC) အစည်းအဝေးတွင် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်နှင့် အီတာလျံ-ထိုင်းကုမ္ပဏီလီမိတက်တို့ ချုပ်ဆိုခဲ့သည့် မူဘောင်သဘောတူစာချုပ်ကိုရုပ်သိမ်းမည့် စာချုပ်အား လက်မှတ်ရေးထိုးခဲ့သည်။ ယင်းအစည်းအဝေး၌ပင် **ထားဝယ်အထူးစီးပွားရေးဇုန်ကို ပုံစံအသစ်နှင့် ဆက်လက်ဆောင်ရွက်ရန် သဘောတူပြီး ကနဦးနှင့် ပင်မစီမံကိန်းအဖြစ် ခွဲခြားဆောင်ရွက်ရန်** စီစဉ်ခဲ့သည်။

ထို့ကြောင့် ပုံစံအသစ်ဖြင့် စီမံကိန်း ပြန်လည်စတင်လျက်ရှိသည့် ထားဝယ်အထူးစီးပွားရေးဇုန်၏ လက်ရှိအခြေအနေအား ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်အား မြန်မာ့သတင်းစဉ်(ပြည်တွင်း)မှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။ မြန်မာနိုင်ငံမှာ ပထမဦးဆုံးသော အထူးစီးပွားရေးဇုန်အဖြစ် လျာထား သတ်မှတ်ခြင်းခံထားရတဲ့ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း ကြန့်ကြာနေရတဲ့ အကြောင်းအရင်းကို ပြောပြပေးစေလိုပါတယ်ရှင့်။**

ဖြေ။ ထားဝယ်အထူးစီးပွားရေးဇုန်က မြန်မာနိုင်ငံရဲ့ ပထမဆုံးသော စီးပွားရေးဇုန်အဖြစ် အကောင်အထည်ဖော်ဖို့ စတင်ခဲ့တဲ့ အထူးစီးပွားရေးဇုန်တစ်ခု ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် မေလ ၁၉ ရက်နေ့မှာ မြန်မာနှင့်ထိုင်း နှစ်ဖက်အစိုးရမှ ထားဝယ်အထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်ဖို့ နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးခဲ့ပါတယ်။

၂၀၀၈ ခုနှစ် ဇွန်လ ၁၂ ရက်နေ့မှာတော့ မြန်မာဘက်က မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နဲ့ ထိုင်းဘက်က အီတာလျံ-ထိုင်းကုမ္ပဏီတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး ဖြစ်နိုင်ခြေရှိမှုလေ့လာခြင်း (Feasibility Study)ကို ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့မှာ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်နှင့် အီတာလျံ-ထိုင်း ကုမ္ပဏီတို့က ထားဝယ်အထူးစီးပွားရေးဇုန်ထဲမှာ စက်မှုနယ်မြေ၊ ရေနက်ဆိပ်ကမ်း၊ မြန်မာ-ထိုင်းနယ်စပ်အထိ ဆက်သွယ်မည့် အဝေးပြေးလမ်း၊ ရထားလမ်းတို့ကို အကောင်အထည်ဖော်တည်ဆောက်သွားဖို့ မူဘောင်သဘောတူစာချုပ် (Framework Agreement)ကို လက်မှတ်ရေးထိုးပြီး စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။



**စီမံကိန်းလုပ်ငန်းခွင်အား တွေ့ရစဉ်။** (ဓာတ်ပုံ-ထားဝယ် SEZ စီမံခန့်ခွဲမှုကော်မတီ)

စီမံကိန်း လျာထားမှုတွေအရ စီမံကိန်းအဆင့်(၁)မှာ ရေနက်ဆိပ်ကမ်းအဆင့် (၁)၊ အဝေးပြေးလမ်းအဆင့် (၁)၊ စက်မှုဇုန်၊ အလုပ်ရုံများ၊ စီးပွားရေးအဆောက်အအုံ၊ လူနေအိမ်ရာ၊ ဆေးရုံ၊ ကျောင်း၊ ဈေး စသည့် လူမှုရေးအဆောက်အအုံများ ပါဝင်ပါတယ်။ အဲဒီကာလအချိန်က တွက်ချက်မှုတွေအရ ကုန်ကျစရိတ် ခန့်မှန်းမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၆ ဘီလီယံခန့်ရှိခဲ့ပါတယ်။ စီမံကိန်းကလုပ်ငန်းပမာဏ ကြီးမားသလို ငွေကြေးရင်းနှီးမြှုပ်နှံမှုလည်းများတော့ အီတာလျံ-ထိုင်းကုမ္ပဏီအနေနဲ့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့အစည်းတွေနဲ့ ဘဏ်တွေကနေ ချေးငွေမရခဲ့သလို နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်မှုမရှိတာကြောင့် ဘဏ္ဍာငွေရရှိဖို့လုပ်ငန်းများမှာ လျာထားချက်အတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိဘဲ နှောင့်နှေးကြန့်ကြာခဲ့ပါတယ်။

နောက်ကျွန်တော်တို့ ပြည်တွင်းက ကုမ္ပဏီအချို့ကလည်း လုပ်ငန်းစတင်အကောင်အထည်ဖော်တုန်းက အီတာလျံ-ထိုင်းကုမ္ပဏီနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပေမယ့် အီတာလျံ-ထိုင်းကုမ္ပဏီအနေနဲ့ အခက်အခဲတွေရှိလာတာကြောင့် ဆက်လက် ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ထွက်ခွာသွားတာတွေလည်းရှိလာတယ်။ ဒီအချက်တွေက ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကို ကြန့်ကြာစေခဲ့တဲ့ အချက်တွေပါပဲ။

**မေး။ ကြန့်ကြာခဲ့ရတဲ့ ထားဝယ်အထူးစီးပွားရေးဇုန်ကို ပိုမိုမြန်ဆန်လာစေဖို့ ထိုင်းနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်မှုတွေရှိပါသလား။**

ဖြေ။ ရှိပါတယ်။ အဲဒီလို ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကြန့်ကြာမှုကြောင့် သမ္မတကြီးရဲ့ ၂၀၁၂ ခုနှစ် ဇူလိုင်လ ထိုင်းနိုင်ငံခရီးစဉ်မှာ ထိုင်းဝန်ကြီးချုပ်နဲ့ တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးတွေ ၂၀၀၈ ခုနှစ် မေလတုန်းက ချုပ်ဆိုခဲ့တဲ့ နားလည်မှုစာချွန်လွှာကို အဆက်အစပ်ပြုပြီး ထားဝယ်အထူးစီးပွားရေးဇုန်နဲ့ ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပါတယ်။

အဲဒီနားလည်မှု စာချွန်လွှာအရ နှစ်နိုင်ငံအစိုးရတွေ ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ကို ဒုတိယသမ္မတ ဦးညဏ်ထွန်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ထားဝယ်အထူးစီးပွားရေးဇုန်နဲ့ ဆက်စပ်စီမံကိန်းများဆိုင်ရာ အဆင့်မြင့်ကော်မတီများနဲ့ ငွေကြေးနဲ့ ရန်ပုံငွေရှာဖွေစုဆောင်းရေးဆိုင်ရာဆပ်ကော်မတီခြောက်ခုကို ၂၀၁၂ ခုနှစ် အောက်တိုဘာလမှာ ဖွဲ့စည်းခဲ့ပါတယ်။

မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက်ကိုတော့ မြန်မာဘက်က ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ထိုင်းဘက်က ဒုတိယ ဝန်ကြီးချုပ်တို့ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ ပူးတွဲအဆင့်မြင့်ကော်မတီ (JHC)၊ မြန်မာဘက်က ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နဲ့ ထိုင်းဘက်က ဝန်ကြီးချုပ်ရုံး ဝန်ကြီးတို့ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ ပူးတွဲလုပ်ငန်းကော်မတီ (JCC)တို့ကိုလည်း ၂၀၁၂ ခုနှစ် အောက်တိုဘာလထဲမှာပဲ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

**မေး။ ထားဝယ်အထူးစီးပွားရေးဇုန် ပြန်လည်စတင်ဆောင်ရွက်မယ့် အခြေအနေတွေကို သိရှိလိုပါတယ်။**

ဖြေ။ ထားဝယ်အထူးစီးပွားရေးဇုန်နဲ့ ဆက်စပ်စီမံကိန်းတွေကို ပုံစံအသစ်နဲ့ ပြောင်းလဲဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့မှာ ထိုင်းနိုင်ငံမှာပြုလုပ်တဲ့ စတုတ္ထအကြိမ် JCC အစည်းအဝေးမှာ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနဲ့ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးလီမိတက်တို့အကြားမှာ မူဘောင်သဘောတူစာချုပ် ချုပ်ဆိုခဲ့ပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးလီမိတက်နဲ့ အီတာလျံ - ထိုင်းကုမ္ပဏီတို့ကြားမှာ သုံးပွင့်ဆိုင် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီးပါပြီ။

နောက်မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နဲ့ အီတာလျံ-ထိုင်း ကုမ္ပဏီလီမိတက်တို့ချုပ်ဆိုခဲ့တဲ့ မူဘောင်သဘောတူစာချုပ်ကိုရုပ်သိမ်းမယ့် မူဘောင်သဘောတူစာချုပ်ကို အဲဒီအစည်းအဝေး(၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့မှာ ထိုင်းနိုင်ငံမှာ ပြုလုပ်တဲ့ စတုတ္ထအကြိမ် JCC အစည်းအဝေး)မှာ လက်မှတ်ရေးထိုးခဲ့ပြီး ပုံစံအသစ်နဲ့ လုပ်ဆောင်သွားဖို့အတွက် ဆောင်ရွက်ခဲ့ပါတယ်။

**မေး။ ထားဝယ်အထူးစီးပွားရေးဇုန်ကို ပုံစံအသစ်နဲ့ ဆက်လက်ဆောင်ရွက်ဖို့ သဘောတူညီချက် ရရှိပြီး နောက်ပိုင်းမှာ ဆောင်ရွက်ခဲ့တဲ့ အခြေအနေကို သိလိုပါတယ်။**

ဖြေ။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့မှာ ထိုင်းနိုင်ငံမှာ ပြုလုပ်တဲ့ စတုတ္ထအကြိမ် JCC အစည်းအဝေးမှာ လက်မှတ်ရေးထိုးပြီးတဲ့ နောက်ပိုင်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနဲ့ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်တို့အကြားမှာ ချုပ်ဆိုခဲ့တဲ့ မူဘောင်သဘောတူစာချုပ်အရ ထားဝယ်အထူးစီးပွားရေးဇုန်ကို ပင်မစီမံကိန်း (Full Phase Project)နဲ့ ကနဦးစီမံကိန်း (Initial Phase Project)ဆိုပြီးတော့ ခွဲခြားလုပ်ကိုင်ဖို့ သဘောတူညီခဲ့ပါတယ်။ ဒီလိုခွဲခြားဆောင်ရွက်ရတာဟာ ပင်မစီမံကိန်းကို ဆောင်ရွက်မယ်ဆိုရင် စီမံကိန်းပမာဏကြီးမားတဲ့အတွက်ကြောင့် အချိန်ကြာမြင့်မှာ စိုးရိမ်တဲ့အတွက် မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်ဖို့အတွက် ကနဦးစီမံကိန်းကို စတင်ဆောင်ရွက်ဖို့ ညှိနှိုင်းသဘောတူခဲ့ခြင်း ဖြစ်ပါတယ်။

**မေး။ ပင်မစီမံကိန်းနဲ့ ကနဦးစီမံကိန်းမှာ ဘယ်လိုမျိုး အခြေခံအဆောက်အအုံတွေနဲ့ စီမံကိန်းတွေပါရှိမလဲ ဆိုတာလည်း သိလိုပါတယ်ရှင့်။**

ဖြေ။ ထားဝယ်အထူးစီးပွားရေးဇုန်ကို ပင်မစီမံကိန်း(Full Phase Project)နဲ့ ကနဦးစီမံကိန်း (Initial Phase Project) ဆိုပြီးတော့ ခွဲခြားလိုက်တဲ့အခါမှာ ပင်မစီမံကိန်းမှာ ရေနက်ဆိပ်ကမ်းပါမယ်။ စက်မှုဇုန်၊ သံမဏိစက်ရုံ၊ ဓာတ်မြေဩဇာစက်ရုံ၊ ရေပေးဝေရေးစနစ်နဲ့ အခြားဝန်ဆောင်မှုလုပ်ငန်းတွေ၊ အထူးစီးပွားရေးဇုန်ကနေ မြန်မာ-ထိုင်း နယ်စပ်ကို ဆက်သွယ်မယ့် အဝေးပြေးကားလမ်း၊ ရထားလမ်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းနဲ့ လျှပ်စစ်ဓာတ်အားလိုင်းတွေ၊ မြို့ပြနဲ့ စီးပွားရေးအချက်အချာအဆောက်အအုံတွေ၊ ခရီးသွားလုပ်ငန်းတွေ၊ အပန်းဖြေနေရာစခန်းတွေပါဝင်မှာဖြစ်ပါတယ်။

စတင်အကောင်အထည်ဖော်မယ့် ကနဦးစီမံကိန်းမှာတော့ နှစ်လမ်းသွားကားလမ်း၊ ဆိပ်ကမ်းငယ်၊ ကနဦးစက်မှုဇုန်၊ ကနဦးလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ကနဦးလူနေအဆောက်အအုံနဲ့ မြို့ပြစီမံကိန်း၊ ကနဦးရေပေးဝေရေး လုပ်ငန်း၊ ဆက်သွယ်ရေးလိုင်း စတဲ့ စီမံကိန်းတွေ ပါဝင်မှာ ဖြစ်ပါတယ်။

**မေး။ ကနဦးစီမံကိန်းကို စတင်လုပ်ဆောင်မယ့်အချိန်နဲ့ လက်ရှိမှာ ဘယ်လောက်ထိ ဆောင်ရွက်ပြီးစီးနေပါပြီလဲ။**

ဖြေ။ ကနဦးလုပ်ငန်းတွေကို စီမံကိန်းဆောင်ရွက်ဖို့အတွက်တော့ တင်ဒါခေါ်ယူတဲ့အခါမှာ နိုင်ငံတကာက တင်ဒါခေါ်ယူခြင်းတွေကို (International Tender) မပြုလုပ်ဘဲ ရွေးချယ်ခေါ်ယူခြင်း (Selective Bidding) စနစ်နဲ့ ပြုလုပ်ဖို့အတွက် အီတာလျံ-ထိုင်းကုမ္ပဏီနဲ့ ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန (MEIT)ကတစ်ဆင့် ဂျပန်ကုမ္ပဏီတွေကို ဖိတ်ခေါ်ဖို့ဆောင်ရွက်ခဲ့ပါတယ်။ ကနဦးစီမံကိန်း လုပ်ငန်းတွေကို ရွေးချယ်ခေါ်ယူခြင်း Selective Bidding စနစ်နဲ့ ခေါ်ယူရတာက ထားဝယ်အထူးစီးပွားရေးဇုန်လုပ်ငန်းတွေကို အချိန်တိုအတွင်းမှာ စတင်နိုင်ပြီး ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိလာစေဖို့အတွက်ရယ်၊ စီမံကိန်းလုပ်ငန်းတွေအကောင်အထည်ဖော်လာနိုင်မှုကြောင့် ဒေသခံပြည်သူတွေနဲ့ ရင်းနှီးမြှုပ်နှံသူတွေ ယုံကြည်မှုရရှိလာစေဖို့ရယ်၊ နောက်အချိန်တိုအတွင်းမှာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မယ်ဆိုရင် လုပ်သားအင်အားအများစုအသုံးပြုရတဲ့ စက်မှုလုပ်ငန်းတွေကို ထူထောင်နိုင်ဖို့အတွက်ပဲ ဖြစ်ပါတယ်။

**မေး။ ဒါဆိုရင် မူလစီမံကိန်း စတင်ခဲ့စဉ်က ပါဝင်ခဲ့တဲ့ အီတာလျံ-ထိုင်းကုမ္ပဏီကို ဆက်လက်ဆောင်ရွက်ဖို့ သဘောတူညီချက်ရရှိပြီး နောက်ပိုင်း စီမံကိန်းဆောင်ရွက်ရာမှာ ပယ်ထုတ်လိုက်တဲ့ သဘောမျိုး ယူဆလို့ရနိုင်မလား။**

ဖြေ။ အီတာလျံ-ထိုင်း ကုမ္ပဏီကို မူလချုပ်ဆိုထားခဲ့တဲ့ မူဘောင်သဘောတူစာချုပ်ကို ဖျက်သိမ်းလိုက်ရတဲ့ အကြောင်းရင်းကတော့ အဓိကအားဖြင့် ကျွန်တော်တို့ မူလချုပ်ဆိုခဲ့တဲ့ စာချုပ်ဟာ စည်းနှောင်မှုအားနည်းတဲ့အတွက်ကြောင့်မို့ စာချုပ်ကို ဖျက်သိမ်းခဲ့တာပဲ ဖြစ်ပါတယ်။ အီတာလျံ-ထိုင်းကုမ္ပဏီကို ဖယ်ထုတ်လိုက်တာမဟုတ်ပါဘူး။ စာချုပ်ကို ရုပ်သိမ်းပြီးတော့ နိုင်ငံတကာ စံနှုန်းများအရ ပိုမိုစနစ်ကျပြီး စည်းနှောင်မှုအားကောင်းတဲ့ ပုံစံကို ပြောင်းလဲဆောင်ရွက်သွားနိုင်ဖို့ ပိုမိုခိုင်မာတဲ့ လမ်းကြောင်းမှန်ပေါ်ကို တင်ပေးလိုက်တာ ဖြစ်ပါတယ်။ အီတာလျံ - ထိုင်းကုမ္ပဏီအနေနဲ့ ၂၀၀၈ ခုနှစ်ကတည်းက စတင်ပြီး စီမံကိန်းမှာ ပါဝင်ခဲ့တယ်။ ၂၀၁၀ နိုဝင်ဘာလကနေ စပြီးတော့ စီမံကိန်းလုပ်ငန်းကြီးကို အကောင်အထည်ဖော်ခဲ့တဲ့အတွက်ကြောင့် ဒီကုမ္ပဏီဟာ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းလုပ်ငန်းနဲ့ပတ်သက်ပြီး အတွေ့အကြုံတွေ အများကြီးရှိပါတယ်။ အခု အီတာလျံ - ထိုင်းကုမ္ပဏီကို ကျွန်တော်တို့က ပြန်လည်ပြီးဖိတ်ခေါ်ခြင်းအားဖြင့် သူ့မှာလုပ်ငန်းအတွေ့အကြုံရှိတဲ့အတွက် စီမံကိန်းလုပ်ငန်းတွေကို ပြန်လည်စတင်တဲ့အခါမှာ လျင်လျင်မြန်မြန်နဲ့ စတင်နိုင်မှာ ဖြစ်ပါတယ်။ ။

(ဆက်လက်ဖော်ပြပါမည်)

# မြန်မာနိုင်ငံအနှံ့ရှိဘုရားများသို့ စက်ဘီးဖြင့်လှည့်လည်ဖူးမြော်သည့် ဇနီးမောင်နှံ ကျောက်ဆည်မြို့သို့ ရောက်ရှိ



**ကျောက်ဆည် မေ ၇**

စက်ဘီးတစ်စီးဖြင့်မြန်မာနိုင်ငံအနှံ့ ဘုရားဖူးထွက်လာခဲ့ကြသည့် ဦးချိုနှင့်ဒေါ်ခင်မြင့်ဝင်းဇနီးမောင်နှံတို့သည် ဘာသာရေး သက်ဝင်ယုံကြည်မှုဖြင့် ၂၀၁၄ ခုနှစ် မေ ၂၉ ရက်မှစ၍ ၎င်းတို့နေထိုင်ရာ တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက်မှ စတင်ထွက်ခွာလာခဲ့ကြပြီး ၂၀၁၅ ခုနှစ် မေ ၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ ရွှေသိမ်တော်ဘုရားသို့ ရောက်ရှိခဲ့ကြောင်းသိရသည်။

"မြန်မာနိုင်ငံမြို့တိုင်းမှာရှိတဲ့ ဘုရားတွေကို ဖူးမြော်ချင်တဲ့ ရည်ရွယ်ချက်နဲ့ မပြည့်စုံသော်လည်းဆန္ဒနဲ့ ဖွဲလုံ့လကိုဦးတည်ကာ ဇနီးမောင်နှံနှစ်ဦးအိပ်ရာလိပ်ကိုယ်စီနဲ့ စိတ်တူကိုယ်တူ ထွက်လာ ခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ဇနီး မောင်နှံနှစ်ဦးစလုံးအသက်တူတူပါပဲ။ ကျွန်တော်က ထီရောင်းပြီး မိန်းမကဈေးရောင်းကာ ဘဝကိုရပ်တည်နေကြတာပါ။ သားသမီး သုံးဦးမွေးဖွားခဲ့ပေမယ့် အခါလည်မှာပဲ အသီးသီးဆုံးပါးသွားပါတယ်။ ငွေရှိတိုင်းလည်း ဘုရားဖူးထွက်ဖို့မလွယ်သလို အချိန်အကန့်အသတ်နဲ့ဖူးမြော်ရတဲ့ ဘုရားဖူးကားတွေနဲ့လည်းဖူးမြော်ရတာအဆင်မပြေပါဘူး။အခုအစီအစဉ်က ရောက်တဲ့ဘုရားတိုင်းမှာ စိတ်ကြိုက်ဖူးပြီး အဓိဋ္ဌာန်ပုတီးတောင်စိတ်လို့ရပါတယ်"ဟု အသက် (၅၈) နှစ်အရွယ်ရှိ ဦးချိုက ပြောသည်။

အဆိုပါဇနီးမောင်နှံ ထွက်ခွာလာသည့်အချိန်တွင် ဆန်လေးဘူး၊ ဆီငါးကျပ်သားနှင့်ငွေကျပ်တစ်သိန်းသာပါပြီး ပုလိပ်မြို့မှ မြွေဘုရား၊ မန္တလေးမြို့ရှိ ဘုရားများ၊ မုံရွာ၊ စစ်ကိုင်း၊ မင်းကွန်း၊ ပုဂံ၊ ပုပ္ပား၊ ပြည်၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ မော်လမြိုင် စသည့်မြို့အသီးသီးရှိဘုရားများကို ဖူးမြော်ခဲ့ပြီး ယခုအခါ မန္တလေးမြို့သို့ ဒုတိယအကြိမ်မြောက် ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"မန္တလေးကိုဆုံမှတ်တစ်ခုအဖြစ်ရောက်လာရတဲ့ ရည်ရွယ်ချက်ကတော့မေမြို့၊ တောင်ကြီး၊ အင်းလေးဘုရားတွေကို ဖူးချင်လို့ပါ။ အခုဖူးမြော်ခဲ့တဲ့ ဘုရားပေါင်း ၁၂၄ဆူရှိပါပြီ။ သွားလာရင်း ကျွန်တော်တို့လိုဘုရားဖူးချင်သူတွေ မြို့အသီးသီးမှာရှိတဲ့ ဘုရားတွေကို လွယ်ကူစွာ ရှာဖွေဖူးမြော်နိုင်ဖို့ လမ်းကြောင်းတွေကိုလည်းမှတ်သားထားပြီး ဒါတွေကို တစ်ချိန်မှာစာအုပ်အဖြစ် ထုတ်ဝေသွားမှာပါ။ ယခုတစ်နှစ်ကျော်ကာလအတွင်း အခက်အခဲတစ်စုံတစ်ရာမရှိသော်လည်း ကျန်းမာရေးကြောင့် တောင်ငူ၊ ပဲခူး၊ လှည်းကူးဆေးရုံတွေမှာ တက်ရောက် ဆေးကုသမှု ခံယူခဲ့ပါတယ်။ စက်ဘီးကိုလည်း ပြုပြင်မှုများပြုလုပ်ခဲ့ရပါတယ်"ဟု ဇနီးဖြစ်သူက ပြောသည်။

"ခရီးစဉ်တစ်လျှောက်မှာပါလာတဲ့ငွေနဲ့ ဆန်၊ဆီကတော့ပုဂံရောက်တဲ့ နှစ်လအတွင်းမှာပဲကုန်သွားခဲ့ပါတယ်။ ဒါပေမယ့် ရောက်တဲ့ဘုရားတိုင်းမှာ သံဃာတော်တွေ၊ ဘုရားဖူးသူတွေရဲ့ လှူဒါန်းမှုများနဲ့ အခက်အခဲမရှိ ဆက်လက်သွားလာနိုင်ခဲ့ပါတယ်။ သက်ဆိုင်ရာ ဘုရားဂေါပကအဖွဲ့တွေနဲ့ ဒေသဆိုင်ရာတာဝန်ရှိသူတွေကလည်းညအိပ်တည်းခိုနိုင်ဖို့ကိုလည်း ထောက်ခံချက်တွေ အသီးသီးပြုလုပ်ပေးခဲ့ပါတယ်။ ဒါကြောင့် ကျွန်မတို့ကို ထောက်ပံ့ကူညီပေးကြသူတွေအားလုံးကို ကျေးဇူးတင်ကြောင်းပြောလိုပါတယ်။ အမျိုးသားက တောင်ငူဆေးရုံမှာအသည်းရောင်၊ အစာအိမ်ရောဂါနဲ့ ၁၂ ရက် တက်ရောက်ကုသရပြီး ပဲခူးနဲ့လှည်းကူးဆေးရုံတွေမှာလည်း ဆေးကုသမှုခံယူခဲ့ရပါတယ်။ ကျွန်မတို့ကလည်း ရောက်ခဲ့တဲ့ဘုရားတွေမှာ တတ်နိုင်သလောက်လှူဒါန်းခဲ့တဲ့အပြင် တည်းခိုခွင့်ပြုတဲ့ ဘုရား၊ ဇရပ်တွေမှာ ဝေယျာဝစ္စတွေကိုလည်း ကုသိုလ်ပြုဆောင်ရွက်ခဲ့ကြပါတယ်။ စီးလာတဲ့ စက်ဘီးကို အခုအချိန်အထိ တာယာ ခြောက်လုံး၊ ကျွတ်ခြောက်လုံး၊ ရှေ့နောက်ဝင်ရိုး လေးချောင်းစီနဲ့ ချိန်းကြိုးလဲလှယ်ခဲ့ရပါတယ်"ဟု ၎င်းကဆိုသည်။

၎င်းတို့ ဇနီးမောင်နှံသည် မေ ၇ ရက်တွင် ကျောက်ဆည်မြို့မှစတင်ထွက်ခွာလာပြီး မန္တလေးမြို့သို့ မေ ၈ရက်တွင် ရောက်ရှိမည်ဖြစ်ကာ ထိုမှတစ်ဆင့် မေမြို့၊ တောင်ကြီးနှင့်အင်းလေးဒေသများသို့ သွားရောက်ပြီး ခရီးစဉ်ကို အဆုံးသတ်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဟိုတယ်စီမံကိန်းများဆောင်ရွက်ရန် Rangoon Excelsior Company အား UOB ဘဏ်က ချေးငွေပေးအပ်မည်

စင်ကာပူအခြေစိုက် United Overseas Bank သည် ပထမဦးဆုံးသော နိုင်ငံခြားဘဏ်အနေဖြင့် ပြင်သစ်- မြန်မာ ဖက်စပ်အကျိုးတူဆောင်ရွက်နေသော Rangoon Excelsior Company အား ချေးငွေထုတ်ချေးမည်ဖြစ်သည်။

၎င်းဘဏ်အနေဖြင့် ပမာဏ အတိအကျဖော်ပြခြင်းမရှိသော ချေးငွေများအား Rangoon Excelsior Company ကို ပေးအပ်မည်ဖြစ်ပြီး ယင်းငွေများကို ရန်ကုန်မြို့လယ်ရှိ ကိုလိုနီခေတ်အဆောက်အအုံတစ်ခုအား အထပ်ငါးထပ်ပါဟိုတယ်တစ်ခုအဖြစ် ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် အသုံးပြုမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် UOB ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ ဟိုတယ်လုပ်ငန်းဖြစ်ကြောင်း UOB ၏ မဟာဗျူဟာနှင့် အပြည်ပြည်ဆိုင်ရာစီမံခန့်ခွဲရေးဌာနအကြီးအကဲ အန်ဝေါင်းက ပြောကြားသည်။ ရန်ကုန်တွင်ဟိုတယ်အသစ်တစ်လုံး တည်ဆောက်ရန်ငွေကြေးထောက်ပံ့ခြင်းသည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်လုပ်ဆောင်နေသော မိမိတို့၏ ချဉ်းကပ်မှုနည်းလမ်းနှင့်ကိုက်ညီပါကြောင်း၊ မိမိတို့ UOB အနေဖြင့် မြန်မာနိုင်ငံတွင် ဟိုတယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သော အဆောက်အအုံများကို တည်ဆောက်ရာတွင် Rangoon Excelsior Company ကဲ့သို့သော ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ရန် စိတ်အားထက်သန်ကြောင်း မစ္စတာဝေါင်ကပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလက စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ တရုတ်၊ ဂျပန်နှင့် ဩစတြေးလျမှ ဘဏ်ကိုးခုမှာ လုပ်ငန်းလည်ပတ်ရန် လိုင်စင်ရရှိခဲ့ပြီး ယင်းတို့အထဲတွင် UOB နှင့် OCBC ဘဏ်တို့လည်း ပါဝင်သည်။

**စိုးသူရ**

# ကျေးလက်ကျန်းမာရေးအထောက်အကူပြု အရေးပေါ်သုံး မြန်မာတိုင်းရင်းဆေးများဖြန့်ဝေ

**နေပြည်တော် မေ ၇**

ဆေးရုံဆေးခန်းများနှင့် လက်လှမ်းတမီမရှိသော ကျေးလက်ဒေသများတွင် ကျေးလက်နေပြည်သူများအား ကျန်းမာရေးအထောက်အကူပြု အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများ ဖြန့်ဝေပေးအပ်ပွဲကို နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပခဲ့သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး တက်ရောက်အမှာစကားပြောကြား၍ တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်အောင်က အရေးပေါ်သုံး မြန်မာတိုင်းရင်းဆေးသေတ္တာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း ကျေးရွာ ၆၅ ရွာအတွက် အရေးပေါ်သုံး မြန်မာတိုင်းရင်းဆေးသေတ္တာ ၆၅ လုံးကို နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးက ပေးအပ်၍ ကျေးရွာများကိုယ်စား ဇေယျာသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြသိန်းထွန်းက လက်ခံရယူသည်။

အဆိုပါ အရေးပေါ်သုံးတိုင်းရင်းဆေးသေတ္တာများကို ဂျပန်နိုင်ငံ Nipon Foundation ၏ ထောက်ပံ့ကူညီမှုဖြင့် မြန်မာတိုင်းရင်းဆေးပညာဦးစီးဌာနမှ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုကိုနေ**

လူမှုဘဝ
မြှင့်တင်ရေး
သမဝါယမဖြင့်
ဆောင်ရွက်ပေး

## မိုးလေဝသအခြေအနေ

**မေ ၈ ရက် နေ့အပူချိန်များ**

| တိုင်းဒေသကြီးနှင့် ပြည်နယ် | အမြင့်ဆုံး | အနိမ့်ဆုံး |
|---|---|---|
| နေပြည်တော်နှင့် အနီးတစ်ဝိုက် | ၃၉°C | ၂၂°C |
| ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် | ၃၈°C | ၂၅°C |
| မန္တလေးမြို့နှင့် အနီးတစ်ဝိုက် | ၃၉°C | ၂၄°C |
| ပဲခူးတိုင်းဒေသကြီး | ၄၁°C | ၂၄°C |
| ချင်းပြည်နယ် | ၃၁°C | ၁၆°C |
| မကွေးတိုင်းဒေသကြီး | ၄၁°C | ၂၅°C |

**မေ ၈ ရက် ရန်ကုန်ဆိပ်ကမ်း ရေတက်ရေကျ အခြေအနေ**

| | | | |
|---|---|---|---|
| ရေကျ | နံနက် | ၁၂:၁၆ နာရီ | ၃. ၅၁ ပေ |
| ရေတက် | နံနက် | ၅:၅၀ နာရီ | ၁၈. ၃၇ ပေ |
| ရေကျ | မွန်းလွဲ | ၁၂:၂၈ နာရီ | ၅. ၂၂ ပေ |
| ရေတက် | ညနေ | ၆:၀၀ နာရီ | ၁၉. ၄၉ ပေ |

**မေ ၈ ရက် ရန်ကုန်မြို့ နေဝင်နေထွက်ချိန်**

| | | |
|---|---|---|
| နေထွက် | နံနက် | ၅:၃၇ နာရီ |
| နေဝင် | ညနေ | ၆:၂၅ နာရီ |

## ရုပ်မြင်သံကြားအစီအစဉ်

၈ - ၅ -၂၀၁၅ (သောကြာနေ့)

### မြဝတီ

၆:၀၃ တရားတော်
၇:၂၀ မြန်မာပြည်တွင်ထုတ်လုပ်သည့် ကမ္ဘာတစ်ခွင်ဝယ်
၈:၁၀ စိုက်ပျိုးသုတ
၈:၂၅ DVD Hits
၈:၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၉:၂၀ သူနှင့်သူ၏သီချင်းများ
၄:၄၀ ဇာတ်လမ်းတို
၄:၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅:၂၀ လည်မယ် . . . စားမယ်
၆:၃၀ "ရွာ" ဟာသဇာတ်လမ်းတွဲ အပိုင်း(၂၉၉) ဒါရိုက်တာ မိုးဇော်ကို
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ရာဇဝင်ထဲကတော်ဝင်သမားတော် အပိုင်း(၄၁)
- VOA အင်္ဂလိပ်စာသင်ခန်းစာ
- သံစဉ်များနှင့်ကမ္ဘာ
- Lucky Door

### MRTV - 4

၅:၀၀ ပဌာန်းပါဠိတော်၊ အာဋာနာဋိယသုတ်
၈:၃၅ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၉:၄၀ အနုပညာမိုးကောင်းကင်
၁၀:၀၀ခေတ်သစ်ပျိုမေ
၁၁:၀၅ Food & Decor
၁၁:၃၅ MRTV-4 Stage
၁၂:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၂)
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိုက်သံ" (အပိုင်း-၂၇)
၃:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၃)
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၄)
၇:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိုက်သံ" (အပိုင်း-၂၈)
၈:၁၀ ရသစုံညွှန်းတမ်းများ
၈:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၆၂)
၉:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၃)
၁၀:၁၀ Movie Talk [ကလေးသရုပ်ဆောင်များအကြောင်း (အပိုင်း-၁၇)]
၄:၃၅ နှယဉ်ဆန်းထွင်ပန်းအလှဆင် (စိတ်ကြိုက်ပန်းစည်းထုပ်ပိုးနည်း)

### mitv

- Welcome To Naga Land
- Lawka Nandar Wildlife Sanctuary And Its Rare Star Tortoises
- Culture Shows: Theatrical Art
- Mon Traditional Wedding
- Pa O in the Union
- Ambassador's View: Korea-Myanmar Bilateral Ties
- Products Of Myanmar - Velvet Slipper
- Yathe Taung Township In A Nut-Shell
- Culture Show: Theatrical Make Up
- The Land of Silver Mountains (Kayah State)
- The Chef "Kyi Soe"
- Myanmar Traditional Instruments - Myanma Harp (Episode-1)
- Chaung Tha Souvenir Business
- MURAL PAINTING BAGAN
- The Art of Sand Painting And Its Creater's life
- Wet Markets in Yangon: Thirimingalar Market
- Myanmar Weaving
- A Way of Life: Karate-do
- Colonial Buildings and a New Yangon
- History And Mystery Behind The Caves
- Sagaing: Pe Kwel Kone Nat Festival

# ယှဉ်ကျေးမှုအနုသုခုမပညာရပ်များကို လက်ဆင့်ကမ်းအမွေပေးနိုင်မည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတင်ကျင်းပ



မန္တလေးတိုင်းဒေသကြီးမှ မောင်ဟန်ကိုကိုနှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။

**နေပြည်တော် မေ ၇**

ရိုးရာယဉ်ကျေးမှုအနုပညာရပ်များသည် လူမျိုးတစ်မျိုး၏ အဆင့်အတန်းကို ဖွင့်ဟပြနိုင်သောလက္ခဏာတစ်ခုဖြစ်သည်နှင့်အညီ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအနု သုခုမပညာရပ်များကို နောင်လာနောက်သားများအား လက်ဆင့်ကမ်းနိုင်ရန် ရည်ရွယ်၍ မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး



ဧရာဝတီတိုင်းဒေသကြီးမှ စတားဗိုလ်မနှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။

ပြိုင်ပွဲများကို နေပြည်တော်ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်များ နယ်မြေတွင် ရက်သတ္တ တစ်ပတ်ကြာ ကျင်းပနေပြီဖြစ်သည်။

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအသီးသီးကို မေ ၇ ရက် နံနက်ပိုင်းမှ စတင်ကျင်းပရာ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုမှ ပြိုင်ပွဲဝင် စုစုပေါင်း ၁၂၈၀ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ပြိုင်ပွဲများကို မေ ၁၃ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့ နံနက်ပိုင်းက မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲများကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့ရာ နံနက်ပိုင်းပွဲစဉ်များအဖြစ် ဝါသနာရှင်(ပထမတန်း)(အမျိုးသား) အဆင့်တွင် တနင်္သာရီတိုင်းဒေသကြီးမှ မောင်မင်းကိုအောင်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ရဲမင်းသွေးတို့က ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မွန်းလွဲပိုင်း၌ ဝါသနာရှင်(ပထမတန်း) အမျိုးသမီးအဆင့်တွင် တနင်္သာရီတိုင်းဒေသကြီးမှ မနှင်းယမုံဦး၊ မန္တလေးတိုင်းဒေသကြီးမှ မမြင့်မြင့်အေးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မအိဇင်မိုးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဝါသနာရှင်(ပထမတန်း)(အမျိုးသား)အဆင့် အကပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ရဲမင်းသွေးက “ကျွန်တော့်နာမည်က တက္ကသိုလ်ရဲမင်းသွေးပါ။ အပြင်မှာလည်း ဇာတ်ကပါတယ်။ ၂၀၁၃ ခုနှစ်တုန်းကလည်း ဝင်ပြိုင်တာ တတိယရပါတယ်။ ၂၀၁၄ ခုနှစ်တုန်းက ရန်ကုန်မှာလုပ်တဲ့ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲမှာတော့ ပထမဆုရရှိခဲ့ပါတယ်။ အကောင်းဆုံးကြိုးစားယှဉ်ပြိုင်သွားမှာဖြစ်လို့ ဆုရရှိဖို့တော့ မျှော်လင့်ထားပါတယ်။ အနုပညာအလုပ်တွေ လုပ်နေရရင် ပျော်နေတာပါပဲ” ဟု ဖွင့်ဟခဲ့သည်။



တနင်္သာရီတိုင်းဒေသကြီးမှ မောင်မင်းကိုအောင် ယှဉ်ပြိုင်စဉ်။

အတီးပြိုင်ပွဲများ၏ ပွဲစဉ်များဖြစ်သည့် ဆိုင်းတစ်ဦးချင်းနှင့် အဖွဲ့လိုက်ပြိုင်ပွဲများကို သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသမီး)အဆင့်တွင် ရန်ကုန်တိုင်းဒေသကြီးမှ မဝမ်းကေဇင်နှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ စတားဗိုလ်မနှင့်အဖွဲ့၊ ဝါသနာရှင်(ပထမတန်း) (အမျိုးသမီး)အဆင့်တွင် ရန်ကုန်တိုင်းဒေသကြီးမှ မဝင့်သဥ္ဇာစတင်းနှင့်အဖွဲ့၊ အဆင့်မြင့်ပညာအဆင့်တွင် ရန်ကုန်တိုင်းဒေသကြီးမှ မနော်နှင်းဝေဝေလူနှင့်အဖွဲ့တို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်ပြီး အတီးပြိုင်ပွဲ၏ ဝါသနာရှင်(ပထမတန်း) အိုးစည်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဦးမင်းခန့်ပိုင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ ဗိုလ်ရှိုင်းနှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးခိုင်လေးနှင့်အဖွဲ့၊ အဆင့်မြင့်ပညာအဆင့်တွင် မန္တလေးတိုင်းဒေသကြီးမှ မောင်ဟန်ကိုကိုနှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဝဏ္ဏ(ခေါ်)စိန်ရမ်ဘိုနှင့်အဖွဲ့တို့က လည်းကောင်း၊ ဝါသနာရှင်(ဒုတိယတန်း)အဆင့်တွင် မကွေးတိုင်းဒေသကြီးမှ ဗညားဟိန်းနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ချစ်တီးနှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးမြင့်ဝင်းနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ဒိုးပတ်အဖွဲ့တို့မှ အသီးသီးပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမတွင် အဆို(ကာလပေါ်) ဝါသနာရှင်(ပထမတန်း)(အမျိုးသား) အဆင့်ပြိုင်ပွဲကို ကျင်းပလျက်ရှိရာ



အတီး(စန္ဒရား)ပြိုင်ပွဲတွင် ယှဉ်ပြိုင်နေသူတစ်ဦးကို တွေ့ရစဉ်။

ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် ရှစ်ဦး၊ မွန်းလွဲပိုင်းတွင် အခြေခံပညာ (၁၅-၂၀)(အမျိုးသမီး) အဆင့်ပြိုင်ပွဲတွင်လည်း ပြိုင်ပွဲဝင် ၁၃ ဦးတို့က မိမိတို့မဲကျရာသီချင်းများဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ရှေးပဝေသဏီကတည်းက ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ထည်ထည်ဝါဝါရပ်တည်လာခဲ့သည့် မြန်မာ့ယဉ်ကျေးမှုရိုးရာအမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်မည့်တာဝန်မှာ လူငယ်များတွင် အပြည့်အဝရှိပါသည်။ ယခုကဲ့သို့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကျင်းပပေးခြင်းဖြင့် မြန်မာ့ရိုးရာ ဂီတ၊ အက၊ အလှများ လေ့လာလိုက်စားသည့် လူငယ်လူရွယ်များ ပေါ်ထွန်းလာပြီး လူငယ်ထုအတွင်း တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်ရာလည်း ရောက်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြ လိုက်ရပါသည်။

**သတင်း-ဖြိုးစန္ဒာမြင့်၊ ခင်ခင်သက်**
**ဓာတ်ပုံ-ကိုကိုနေ**

# (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

## နေ့ရက်အလိုက် ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအစီအစဉ်များ

**ရက်စွဲ၊ ၉-၅-၂၀၁၅(စနေနေ့)**

| စဉ် | ပြိုင်ပွဲကျင်းပသည့်နေရာ | ပြိုင်ပွဲဘာသာရပ် | ပြိုင်ပွဲအဆင့် | စတင်ကျင်းပမည့်အချိန် | |
|---|---|---|---|---|---|
| ၁။ | စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ) | အဆို(မဟာဂီတ)<br>အဆို(မဟာဂီတ)<br>အဆို(မဟာဂီတ) | ဝါသနာရှင်(ပထမတန်း) (အမျိုးသမီး)<br>အခြေခံပညာအသက် (၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း) (အမျိုးသမီး)<br>အဆင့်မြင့်ပညာ (အမျိုးသား) | နံနက်<br>မွန်းလွဲ | ၀၉း၀၀<br>၁၃း၀၀ |
| ၂။ | စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ) | အဆို(ကာလပေါ်)<br>အဆို(ကာလပေါ်)<br>အဆို(ကာလပေါ်) | ဝါသနာရှင်(ပထမတန်း) (အမျိုးသမီး)<br>အခြေခံပညာအသက် (၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း) (အမျိုးသား)<br>အဆင့်မြင့်ပညာ(အမျိုးသမီး) | နံနက်<br>မွန်းလွဲ | ၀၉း၀၀<br>၁၃း၀၀ |
| ၃။ | မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ) | အက<br>အက<br>အက | ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသမီး)<br>အခြေခံပညာအသက် (၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း) (အမျိုးသား)<br>အခြေခံပညာအသက် (၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း) (အမျိုးသား) | နံနက်<br>မွန်းလွဲ | ၀၉း၀၀<br>၁၃း၀၀ |
| ၄။ | စိုက်ပျိုးရေးသုတေသနဦးစီးဌာန (သင်တန်းခန်းမ-၁) | အရေး(တေးသီချင်း လေ့ကျင့်)<br>အရေး(တေးသီချင်း လေ့ကျင့်) | ဝါသနာရှင်(ဒုတိယတန်း)<br>အဆင့်မြင့်ပညာအဆင့် | နံနက်<br>မွန်းလွဲ | ၀၉း၀၀<br>၁၃း၀၀ |
| ၅။ | သစ်တောသုတေသနဌာန (စုဝေးခန်းမ) | အတီး (ဆိုင်းအဖွဲ့လိုက်)<br>အတီး (ဆိုင်းအဖွဲ့လိုက်)<br>အတီး (ဆိုင်းအဖွဲ့လိုက်) | ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသား)<br>အခြေခံပညာအသက် (၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး)<br>အခြေခံပညာအသက် (၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး) | နံနက်<br>မွန်းလွဲ | ၀၉း၀၀<br>၁၃း၀၀ |
| ၆။ | စိုက်ပျိုးရေးတက္ကသိုလ် (ပတ္တမြားခန်းမ) | အတီး(ပတ္တလား)<br>အတီး(ပတ္တလား)<br>အတီး(ပတ္တလား) | ဝါသနာရှင်(ပထမတန်း) (အမျိုးသား)<br>အဆင့်မြင့်ပညာ(အမျိုးသမီး)<br>အခြေခံပညာအသက် (၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး) | နံနက်<br>မွန်းလွဲ | ၀၉း၀၀<br>၁၃း၀၀ |
| ၇။ | စိုက်ပျိုးရေးသုတေသနဦးစီးဌာန (စုဝေးခန်းမ) | အတီး(တယော)<br>အတီး(တယော)<br>အတီး (တယော) | ဝါသနာရှင်(ပထမတန်း) (အမျိုးသား) (အမျိုးသမီး)<br>အဆင့်မြင့်ပညာ (အမျိုးသား)(အမျိုးသမီး)<br>အခြေခံပညာအသက် (၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး) | နံနက်<br>မွန်းလွဲ | ၀၉း၀၀<br>၁၃း၀၀ |
| ၈။ | သစ်တောတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ) | အတီး(မယ်ဒလင်)<br>အတီး(မယ်ဒလင်) | ဝါသနာရှင်(ပထမတန်း) (အမျိုးသား) (အမျိုးသမီး)<br>အခြေခံပညာအသက် (၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး) | နံနက်<br>မွန်းလွဲ | ၀၉း၀၀<br>၁၃း၀၀ |

# ပရီမီယာလိဂ် ရင်ခုန်သံ (၃၆)

ရှိုင်းမင်းမင်း

ပရီမီယာလိဂ်ပွဲစဉ်-၃၅ မှာ မန်ယူက ဝက်စ်ဘရွန်းကိုရှုံးပြီး လီဗာပူးက ကျူပီအာကိုအနိုင်ရခဲ့တဲ့အတွက် ဒီနှစ်သင်းကြား အမှတ်ကွာဟမှုက လေးမှတ်သာရှိပါတော့တယ်။ ဒါကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေး ဒီနှစ်သင်းရဲ့အားစိုက်ကစားမှုတွေနဲ့အတူ ဒီပွဲစဉ်(၃၆)ကလည်း အကြိတ်အနယ် ရှိမှာ သေချာပါတယ်။

### အဲဗာတန် VS ဆန်းဒါးလန်း

**ည ၆း၁၅ (၉-၅-၁၅)**

ပွဲစဉ်(၃၅)မှာ ဆန်းဒါးလန်းဟာ ဆောက်သမ်တန်ကိုအနိုင်ရရှိခဲ့ပေမယ့် တန်းဆင်းဇုန် ကမလွတ်သေးပါဘူး။ ဒါကြောင့် ဆန်းဒါးလန်းဟာ အားစိုက်ကစားလာမှာဖြစ်သလို လက်ရှိ ခြေစွမ်းလည်းကောင်းမွန်နေပါတယ်။ ဒါပေမယ့် အဲဗာတန်က အိမ်ကွင်းဖြစ်ပြီး နိုင်ပွဲလည်း ပြန်ရှာမှာဖြစ်လို့ ဆန်းဒါးလန်းသရေထက် မပိုဘူး။

### ဟားလ်စီးတီး VS ဘန်လေ

**ည ၈း၃၀ (၉-၅-၁၅)**

ဘန်လေဟာ ဝက်စ်ဟမ်းကိုရှုံးနိမ့်ခဲ့ပြီး တန်းဆင်းရဖို့ ပိုမိုနီးစပ်သွားပေမယ့် လက်ကျန် မျှော်လင့်ချက်အတွက် အားစိုက်ကစားလာမှာပါ။ ဒါပေမယ့် ဟားလ်ကလည်း တန်းမဆင်းရဖို့အမှတ်လိုနေသေးသလို အိမ်ကွင်းလည်းဖြစ်လို့ အမှားခံမှာမဟုတ်ဘူး။ ဟားလ်စီးတီး ခြေစွမ်းကလည်းမဆိုးတာကြောင့် ဟားလ်စီးတီးပဲ ကပ်နိုင်မှာပါ။

### ဗီလာ VS ဝက်စ်ဟမ်း

**ည ၈း၃၀ (၉-၅-၁၅)**

ဗီလာက အဲဗာတန်ကိုနိုင်ခဲ့ပေမယ့် တန်းမဆင်းရဖို့ အာမခံနိုင်လောက်တဲ့အမှတ်မရသေးလို့ အားစိုက်လာမှာပါ။ အိမ်ကွင်းဖြစ်တဲ့အပြင် ဗီလာရဲ့ကစားပုံကလည်း ကောင်းမွန်နေပါတယ်။ ဝက်စ်ဟမ်းကတော့ ဘန်လေကိုနိုင်ခဲ့ပေမယ့် ခြေစွမ်းပိုင်းသာမန်သာရှိပါတယ်။ ဗီလာပဲအိမ်ကွင်းမှာနိုင်ပွဲရမှာပါ။

### လက်စတာ VS ဆောက်သမ်တန်

**ည ၈း၃၀ (၉-၅-၁၅)**

ဆန်းဒါးလန်းကို ရှုံးနိမ့်ခဲ့မှုနဲ့အတူ ဆောက်သမ်တန်ဟာ ဥရောပဝင်ခွင့်မျှော်လင့်ချက်ပိုမိုအားနည်းသွားလို့ အမှားခံမှာတော့ မဟုတ်ဘူး။ ဒါပေမယ့် လက်စတာက တန်းမဆင်းရဖို့ကြိုးစားနေရာမှာ ရှန်းအားကောင်းမွန်နေသလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဆောက်သမ်တန်သရေလောက်ပဲရမယ်။

### နယူးကာဆယ် VS ဝက်စ်ဘရွန်း

**ည ၈း၃၀ (၉-၅-၁၅)**

လက်စတာကို ဂိုးပြတ်အရေးနိမ့်ခဲ့ရမှုနဲ့အတူ နယူးကာဆယ်ဟာ တန်းဆင်းရမယ့် အန္တရာယ်နဲ့ ပိုမိုနီးကပ်လာတာကြောင့် လက်ကျန်ပွဲတွေမှာ အမှားခံမှာမဟုတ်သလို ဒီပွဲမှာလည်း အားစိုက်လာမှာပါ။ ဒါပေမယ့် ဝက်စ်ဘရွန်းကလည်း ခံစစ်ကစားပုံကောင်းပြီး ခြေမဆိုးတာကြောင့် နယူးကာဆယ်တို့ သရေလောက်ပဲအမြင့်ဆုံးရမယ်။

### စတုတ် VS စပါး

**ည ၈း၃၀ (၉-၅-၁၅)**

စတုတ်က အိမ်ကွင်းကစားပုံမာကျောမှုရှိပြီး လက်ရှိခြေစွမ်းပိုင်းကလည်း မဆိုးဘူးဆိုပေမယ့် စပါးစ်ကိုတော့ ထိန်းချုပ်ဖို့ခက်နိုင်ပါတယ်။ အထူးသဖြင့် စပါးဟာ ဥရောပဝင်ခွင့်ရရှိဖို့အခွင့်အရေးတွေရှိနေတာကြောင့် အမှားခံမှာ မဟုတ်သလို အားစိုက်ကစားလာမှာပါ။ စပါးကပ်ပြီးသာနိုင်ခြေရှိတယ်။

### ပဲလေ့စ် VS မန်ယူ

**ည ၁၁း၀၀ (၉-၅-၁၅)**

ဝက်စ်ဘရွန်းကို ရှုံးနိမ့်ခဲ့တာကြောင့် မန်ယူဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေး အမှားမခံတဲ့ အခြေအနေ ရောက်သွားပါတယ်။ အထူးသဖြင့် လီဗာပူးက ချယ်လ်ဆီးနဲ့ဆုံတွေ့နေ ချိန်မှာ မန်ယူတို့နိုင်ပွဲရရှိရေးကို ပိုမိုအာရုံစိုက်ကစားမှာပါ။ ဒါကြောင့် ပဲလေ့စ်ရဲ့ ခံကစားပုံ မဆိုးပေမယ့် မန်ယူပဲကပ်နိုင်သွားမှာပါ။

### မန်စီးတီး VS ကျူပီအာ

**ည ၇း၀၀ (၁၀-၅-၁၅)**

မန်စီးတီးဟာ ခြေစွမ်းပိုင်းမတည်ငြိမ်မှုတွေရှိနေပေမယ့် အိမ်ကွင်းပွဲစဉ်မှာတော့ အမှားခံမှာမဟုတ်ဘူး။ ကျူပီအာကတော့ တန်းမဆင်းရဖို့ ရုန်းကန်နေပေမယ့် ခြေစွမ်းပိုင်းနဲ့ ခံစစ်ကစားပုံအားနည်းမှုတွေရှိနေပါတယ်။ ဒါ့အပြင် ကျူပီအာက အဝေးကွင်းလည်းပိုအားနည်းလို့ မန်စီးတီးပဲ နိုင်ပွဲရသွားဖို့ရှိတယ်။

### ချယ်လ်ဆီး VS လီဗာပူး

**ည ၉း၃၀ (၁၀-၅-၁၅)**

မန်ယူနဲ့ လေးမှတ်အကွာအနေအထားကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးမျှော်လင့်ချက်ပြန်ရှင်သန်လာတဲ့ လီဗာပူးဟာ အဆိုပါ အခြေအနေကို ဆက်ထိန်းနိုင်ဖို့ အမှားခံမှာမဟုတ်ဘူး။ ဒါပေမယ့် လီဗာပူးဟာ အခုနောက်ပိုင်းမှာ တိုက်စစ်ပိုင်းစွမ်းဆောင်ရည် အားနည်းနေတာကြောင့် ဒီပွဲမှာ သရေလောက်ပဲအမြင့်ဆုံးရမယ်။

### အာဆင်နယ် VS ဆွမ်ဆီး

**နံနက် ၁း၃၀ (၁၂-၅-၁၅)**

ဒုတိယနေရာမျှော်လင့်နေတဲ့ အာဆင်နယ်ဟာ အိမ်ကွင်းပွဲစဉ်ဖြစ်တဲ့ ဒီပွဲကိုလည်း ဂရုတစိုက်ကစားသွားမှာပါ။ လက်ရှိ အာဆင်နယ်ရဲ့အသင်းလိုက်စွမ်းဆောင်ရည်ကလည်း ကောင်းမွန်နေတာကြောင့် ဆွမ်ဆီးရဲ့ ခြေစွမ်းမဆိုးပေမယ့် ထိန်းချုပ်နိုင်မှာပါ။ အိမ်ကွင်းမှာ အာဆင်နယ်သာ နိုင်ပွဲရသွားဖို့ရှိပါတယ်။

## လူငယ်ကစားသမားများ ပေါ်ထွက်လာစေရေး ရည်ရွယ်လျက် လူရွေးချယ်မှုများပြုလုပ်

**နေပြည်တော် မေ ၇**

မြန်မာ့ဘောလုံးအားကစားလောက တိုးတက်မြင့်မားရေးနှင့် လူငယ်ကစားသမားပေါ်ထွက်လာစေရေးရည်ရွယ်လျက် ၂၀၁၅-၂၀၁၆ ခုနှစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာဘောလုံးအကယ်ဒမီမှ အသက် (၁၁)နှစ်အောက်နှင့် (၁၃)နှစ်အောက် လူငယ်ကစားသမားများကို နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ပြည်သူ့ပေါင်းလောင်းအားကစားကွင်းတွင် မေ ၅ ရက် နံနက် ၇ နာရီခွဲက လူရွေးချယ်ခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။



လူရွေးချယ်ပွဲသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ အားကစားဝါသနာရှင်များ လာရောက်ရွေးချယ်မှုခံယူလျက်ရှိပြီး မန္တလေးဘောလုံးအကယ်ဒမီ ကျောင်းအုပ်ကြီး ဦးစိုးညွန့်နှင့် နေပြည်တော်ကောင်စီနယ်မြေ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်တို့က လာရောက်ကြည့်ရှုကာလူရွေးချယ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လူရွေးချယ်ပွဲသို့ လာရောက်ရွေးချယ်ခြင်းခံယူကြသော ဘောလုံးအားကစားသမားလူငယ်များကို လျှောက်လွှာနှင့်အတူ ပတ်စ်ပို့ဓာတ်ပုံ သုံးပုံ၊ ပြင်ရာဖျက်ရာမပါသော မွေးဖွားစာရင်း(မူရင်း)၊ အိမ်ထောင်စုစာရင်း (မူရင်း)၊ (၁၀)နှစ်ပြည့် နိုင်ငံသားမှတ်ပုံတင်(မူရင်း) တို့ကို စစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် လူငယ်ကစားသမားများကို ခြေထောက်(ဘယ်၊ ညာ ဘောလုံးအတော့)၊ အလိမ်အခေါက်၊ အပေးအယူနှင့် 4 Vs 4 ကစားခြင်းစသည့် ဘောလုံးအခြေခံနည်းစနစ်များအပေါ် ရွေးချယ်မှုများပြုလုပ်ခဲ့ပြီး သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသော လူငယ်အားကစားသမားများကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

**(ဇင်ဘို)**

## ဘာစီလိုနာကိုဘိုင်ယန်မယှဉ်နိုင်ခဲ့ဘဲ မက်ဆီရဲ့ ပွဲဖြစ်ခဲ့တဲ့ ချန်ပီယံလိဂ်



ချန်ပီယံလိဂ်အကြို ဗိုလ်လုပွဲပထမအကျော့ပွဲစဉ်အဖြစ် ဘာစီလိုနာနှင့် ဘိုင်ယန်တို့တွေ့ဆုံခဲ့ရာမှာ ဘာကာက မက်ဆီရဲ့ သုံးမိနစ်အတွင်းသွင်းယူခဲ့တဲ့ နောက်ကျဂိုးနှစ်ဂိုးအပါအဝင် နေမာရဲ့နာကျင်အချိန်ပိုမှာ သွင်းယူခဲ့တဲ့ဂိုးတစ်ဂိုးကြောင့် ပွဲအပြီးမှာ သုံးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိသွားခဲ့ပါတယ်။

ဘိုင်ယန်အနေနဲ့ ယခုပွဲမှာဘောလုံးပိုင်ဆိုင်မှုအသာရခဲ့သလို ပထမပိုင်းမှာဘိုင်ယန်ကတောင် ခြေစွမ်းအသာနဲ့ ကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း မက်ဆီရဲ့ လျင်မြန်လှတဲ့ တိုးအားနဲ့ ဂိုးသွင်းသေသပ်မှုတွေကို ဘိုင်ယန်နောက်ခံလူများ မထိန်းချုပ်နိုင်ခဲ့တာကြောင့် ပွဲချိန် ၇၇ မိနစ်နဲ့ မိနစ် ၈၀ တွေမှာ နှစ်ဂိုးဆက်တိုက်ပေးခဲ့ရပါတယ်။ နေမာရဲ့သွင်းဂိုးကတော့ ဘိုင်ယန်ကစားသမားများ နှစ်ဂိုးပေးခဲ့ရပြီးနောက် ပွဲအပေါ်အာရုံစူးစိုက်မှုလျော့နည်းခဲ့လို့ မလိုအပ်ဘဲ နောက်ထပ်တစ်ဂိုးထပ်မံသွင်းယူခံခဲ့ရတာဖြစ်ပါတယ်။

ဘိုင်ယန်နည်းပြ ဂွါဒီယိုလာက ဘာကာ၏ ပထမသွင်းဂိုးနှစ်ဂိုးအပေါ်ငင်းအနေဖြင့် လက်ခံနိုင်သော်လည်း တတိယဂိုးမှာ ဘိုင်ယန်အတွက် ရှက်စရာပင်ကောင်းပြီး မက်ဆီကိုထိန်းချုပ်ရန်မှာ မလွယ်ကူသော အနေအထားတစ်ရပ်ဖြစ်ခဲ့ကြောင်း ဆိုခဲ့ပါတယ်။ မက်ဆီမှာ ကွင်းလယ်အဖျက်ကစားသမားနှစ်ဦးဖြစ်တဲ့ ရှဝိန်းစတိုင်ဂါနှင့် အလွန်ဆိုတို့နှစ်ဦး တားဆီးနေတဲ့ကြားကပဲ ဖောက်ထွက်သွားပြီး နောက်ခံကစားသမားနှစ်ဦးကိုလှလှပပဖြတ်ကျော်ကာ ဘာကာအတွက် သွင်းဂိုးနှစ်ဂိုးကို ဆက်တိုက်သွင်းယူပေးခဲ့ပါတယ်။

မက်ဆီရဲ့ဘာကာနှင့် အာဂျင်တီးနား အသင်းဖော် မာရှေယာနိုက "မက်ဆီလိုလူမျိုး ကျွန်တော်တို့အသင်းမှာရှိနေတာက တခြားအသင်းထက်တစ်ပန်းသာပါတယ်။ သူရဲ့စွမ်းဆောင်ရည်တွေကို ဘယ်လိုစကားလုံးနဲ့ ဖော်ပြရမလဲဆိုတာတောင် ကျွန်တော် မစဉ်းစားနိုင်လောက်အောင်ပါပဲ။ ဒါမျိုးက သူ့ရဲ့ကစားပုံကိုစောင့်ကြည့်ရင် ခင်ဗျားလည်း ဒီလိုခံစားချက်မျိုးဖြစ်လာမှာပါပဲ" လို့ချီးကျူးပြောကြားခဲ့ပါတယ်။

ဘိုင်ယန်ကစားသမားမူလာက ယခုပွဲအရှုံးကိုအလိုင်းယန့်ဇ်အရီနာကွင်းမှာပြန်ပြီး အစားထိုးဖြည့်ဆည်းသွားမယ်လို့ ဆိုခဲ့ပေမယ့် ဘာကာလိုအသင်းမျိုးကိုသုံးဂိုးပြန်လည်သွင်းဖို့ဆိုတာ အင်မတန်ခက်ခဲတဲ့အနေအထားတစ်ရပ်ဖြစ်ပါတယ်။ ဂွါဒီယိုလာကိုယ်တိုင်ကတောင်နှစ်ဂိုးအသာဆိုသောအနေအထားမှာ လိုက်နိုင်ရန်ဖြစ်နိုင်သော်လည်း နောက်ဆုံး နေမာရဲ့ ပွဲသိမ်းဂိုးခွင့်ပြုခဲ့ရခြင်းအပေါ်မှာ ဘိုင်ယန်ကစားသမားများကို အပြစ်တင်ခဲ့ပါတယ်။

ဒါကြောင့် မေ ၁၂ ရက်မှာကစားမယ့် ဒုတိယအကျော့ပွဲစဉ်မှာတော့ ဘိုင်ယန်အနေနဲ့ ဖိအားတွေနဲ့အတူ ဘာကာကို ရင်ဆိုင်ကစားရမှာဖြစ်ပါတယ်။

**(မေလွဲသင်း)**

## ဖယ်လ်ကာအိုအားအငှားစာချုပ်သက်တမ်းတိုးရန်မန်ယူစီစဉ်



မန်ယူသည် မိုနာကိုမှအငှားဖြင့် လာရောက်ကစားနေသော တိုက်စစ်မှူး ဖယ်လ်ကာအိုအား ၂၀၁၆ ဇန်နဝါရီလအထိ ထပ်မံသက်တမ်းတိုးရန်စီစဉ်နေသည်။ မန်ယူက မိုနာကိုအနေဖြင့် ဖယ်လ်ကာအိုအား ထပ်မံသက်တမ်းတိုးခွင့်ပြုမပြု စုံစမ်းနေပြီး အမြဲတမ်းစာချုပ်မချုပ်ဆိုမီ ပရီမီယာလိဂ်ကစားပုံနှင့်အံဝင်ရန် နောက်ထပ်ခြောက်လလောက်ထပ်မံအချိန်ယူရန်လိုအပ်နေသေးသည်ဟု ယူဆနေသည်။

မန်ယူသည် လက်ရှိတွင်တိုက်စစ်ကို ထိထိရောက်ရောက်ကစားပေးနိုင်မည့် ကစားသမားလိုအပ်နေကာ နောက်ဆုံးကစားခဲ့သည့် သုံးပွဲတွင် သွင်းဂိုးတစ်ဂိုး သာသွင်းယူနိုင်ခဲ့သည်အထိတိုက်စစ်စွမ်းရည်ကျဆင်းနေသည်။

မန်ယူအနေဖြင့် ဖယ်လ်ကာအိုအား အပြီးသတ်ခေါ်ယူချင်လျှင်ပြောင်းရွှေ့ကြေးပေါင် ၄၃သန်းအသုံးပြုရမည်ဖြစ်ရာ လက်ရှိခြေစွမ်းပိုင်းကျဆင်းနေသော တိုက်စစ်မှူးကို ယခုလောက်များပြားသော ပြောင်းရွှေ့ကြေးဖြင့် ချက်ချင်းမခေါ်ယူလိုပေ။ အသက်(၂၉) နှစ်ရှိပြီဖြစ်သော ဖယ်လ်ကာအိုမှာ မန်ယူအတွက် ပြိုင်ပွဲအရပ်ရပ် ၂၇ပွဲဝင်ရောက်ကစားခဲ့ပြီး စုစုပေါင်း လေးဂိုးသာသွင်းယူထားနိုင်ခဲ့ကာ ၎င်း၏ ပေါ်တို၊ အက်သလက်တီကိုတို့၌ ပြသခဲ့သောခြေစွမ်းမျိုးပျောက်ဆုံးနေသည်။

**(မေလွဲသင်း)**

# ရွှေစင်စကြာ ကုမ္ပဏီလီမိတက်မှ Forever Group Co.,Ltd. MRTV-4 နှင့် 4TV(4 Digital) အပေါ် လျော်ကြေးတောင်းခံကြေညာခြင်းအား ၂၇-၄-၂၀၁၅ရက်နေ့ထုတ် သတင်းစာတွင် ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခဲ့ပြီးဖြစ်ကြောင်းနှင့် ၂၉-၄-၂၀၁၅ရက်နေ့ထုတ် ကြေးမုံသတင်းစာပါအတိုင်း Forever Group Co.,Ltd. အား တောင်းပန်ကြောင်း ပြေရှင်းကြေညာခြင်း

ရွှေစင်စကြာကုမ္ပဏီလီမိတက်သည် ၂၄-၄-၂၀၁၅ရက်နေ့ထုတ် The Daily Eleven သတင်းစာမှ MNTV ၏ ရွှေ့လျားစာတန်းထိုးခြင်းကိစ္စအပေါ် လျော်ကြေးတောင်းခံသည့် နို့တစ်စာထုတ်ပြန်ရာတွင် 4 Digital နှင့် MRTV-4 တို့အား ထည့်သွင်းကြေညာခဲ့ပါသည်။

ယင်းနို့တစ်စာထုတ်ပြန်ချက်အပေါ် ၂၇-၄-၂၀၁၅ရက်နေ့ထုတ် The Daily Eleven သတင်းစာမှတစ်ဆင့် ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂၉-၄-၂၀၁၅ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် Forever Group Co.,Ltd. က ယင်းသို့ နစ်နာကြေးတောင်းခံခြင်းအပေါ် ပြန်လည်ရုပ်သိမ်း၍ ကျေနပ်သည်အထိ တောင်းပန်ရန် တုံ့ပြန်ကြေညာခဲ့ခြင်းအပေါ်

(က) ယင်းကြေညာချက်မပါရှိမီကတည်းက ရုပ်သိမ်းပြီးဖြစ်ပါကြောင်းနှင့်

(ခ) ရွှေစင်စကြာကုမ္ပဏီလီမိတက်အနေဖြင့် Forever Group Co.,Ltd.အား မူလကပင် လျော်ကြေးတောင်းခံတရားစွဲဆိုရန် ရည်ရွယ်ချက်မရှိခဲ့ကြောင်း အနူးအညွတ်တောင်းပန်ပါကြောင်း ပြန်လည်ဖြေရှင်းကြေညာအပ်ပါသည်။

**ရွှေစင်စကြာကုမ္ပဏီလီမိတက်**

---

# Forever Group Co.,Ltd. နှင့် ရွှေစင်စကြာကုမ္ပဏီလီမိတက်တို့အကြား ညှိနှိုင်းပြေလည်မှု ရရှိသွားပြီဖြစ်ကြောင်း ကြေညာချက်

ရွှေစင်စကြာကုမ္ပဏီလီမိတက်သည် ၂၄-၄-၂၀၁၅ရက်နေ့ထုတ် The Daily Eleven သတင်းစာပါ 4 Digital နှင့် MRTV-4 တို့အပေါ် နစ်နာမှုလျော်ကြေးတောင်းခံခြင်း နို့တစ်ကြေညာစာ ထုတ်ခဲ့ပါသည်။

ထို့နောက် ရွှေစင်စကြာကုမ္ပဏီလီမိတက်က ၎င်းသဘောဆန္ဒအလျောက် နစ်နာကြေးတောင်းခံခြင်းနို့တစ်စာကို ၂၇-၄-၂၀၁၅ရက်နေ့ထုတ် The Daily Eleven သတင်းစာမှ ပြန်လည်ရုပ်သိမ်းခဲ့ပြီးဖြစ်သည်။

၂၉-၄-၂၀၁၅ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် Forever Group Co.,Ltd.က ရွှေစင်စကြာကုမ္ပဏီလီမိတက်အနေဖြင့် အထွေထွေနစ်နာမှုလျော်ကြေးတောင်းခံခြင်းကို ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် Forever Group Co.,Ltd. MRTV-4 နှင့် 4TV(4Digital) မှ တာဝန်ရှိသူအား ကျေနပ်သည်အထိ တောင်းပန်ရန် ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။

ရွှေစင်စကြာကုမ္ပဏီလီမိတက်သည် ၎င်း၏ကြေညာချက်ကို ၎င်းသဘောဆန္ဒအလျောက် ရုပ်သိမ်းခဲ့ပြီးဖြစ်ကြောင်းနှင့် Forever Group Co., Ltd. အား မူလကပင် တရားစွဲဆိုရန် ရည်ရွယ်ချက်မရှိကြောင်းဖြင့် ရွှေစင်စကြာကုမ္ပဏီလီမိတက်က တောင်းပန်ကြောင်း ညှိနှိုင်းခဲ့ကြပါသည်။

ထိုသို့ ညှိနှိုင်းမှုအပေါ် နှစ်ဖက်အမှုသည်ကျေနပ်ကြသည့်အလျောက် နှစ်ဦးနှစ်ဖက်ပြေလည်မှုရရှိသွားပြီဖြစ်ကြောင်း ပူးတွဲကြေညာချက်ထုတ်ပြန်အပ်ပါသည်။

**ရွှေစင်စကြာကုမ္ပဏီလီမိတက်ညွှန်ကြားချက်အရ-**
**ဦးနေလ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၆၂)**
**၅၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ရန်ကုန်မြို့။**
**email:nlandassociate@gmail.com**

**Forever Group Co.,Ltd. ၏ ညွှန်ကြားချက်အရ-**
**ဦးတက်ဝင်းမြိုင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၅၃)**
**၁၀/၁၂၊ ပထမထပ်၊ အခန်း(ဘီ)၊**
**၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**email:tetwynnmyaing@gmail.com**

# ကန့်ဘလူမြို့နယ် ရွက်ကြမ်းကျေးရွာအုပ်စုတွင် နွေစပါးသီးနှံ ၆၈၅ ဧကစိုက်ပျိုးရန်လျာထားကာ သီးနှံစုံ ၆၃၀ ဧကစိုက်ပျိုးနိုင်ခဲ့

**ကန့်ဘလူ ဧပြီ ၇**

ကန့်ဘလူမြို့နယ် ရွက်ကြမ်းကျေးရွာအုပ်စုတွင် နွေစပါးသီးနှံ စိုက်ပျိုးမှုအနေဖြင့် OMC လက်ဝဲတူးမြောင်းရေဖြင့် နွေနှမ်းလေးဧက၊ ပဲတီစိမ်း ၁၀၁ ဧက၊ မြေအောက်ရေဖြင့် ပဲတီစိမ်း ၅၂၀ ဧက၊ နွေစပါးငါးဧကကို ဧပြီ ၃၀ ရက်ထိ သီးနှံစုံ ၆၃၀ စိုက်ပျိုးနိုင်ခဲ့ပြီး ယင်းကျေးရွာအုပ်စုတွင် ၆၈၅ ဧကစိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူနယ် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနသည် ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းစားသုံးရန်ကုန်ထုတ်လုပ်မှုအဆင့်မှ စီးပွားဖြစ်ကုန်ထုတ်လုပ်မှုအဆင့်သို့ရောက်ရှိအောင် မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုက်ခင်းအခြေအနေသည် ယခင်နှစ်ထက် ပဲတီစိမ်းစိုက်ခင်းများမှာ အပင်အားကောင်းမှုကြောင့် အထွက်နှုန်းကောင်းနိုင်ကြောင်း ဒေသခံတောင်သူများက သုံးသပ်ပြောသည်။

စိုက်ခင်းကြိုတင်ပြင်ဆင်ရာတွင် ပဲတီစိမ်းစိုက်ပျိုးရန် စပါးရိတ်သိမ်းပြီး လယ်ယာမြေများ၌ ရေသွယ်ယူ၍ ၂ ရက် ၁ ညခန့်မြေကြီးအား ရေဝအောင်စိမ်ပြီး ရေဖောက်ချကာ မြေသားဖွေးလာမှ လယ်ထွန်စက်ဖြင့်ထွန်ယက်ကြပက်ရကြောင်းနှင့် လယ်မြေတစ်ကွက်ထွန်ယက်လုပ်ကိုင်သည့် ဝန်ဆောင်မှုနှုန်းကို တစ်နာရီလျှင် ကျပ် ၁၀၀၀ ပေးရကြောင်း တောင်သူဦးကျော်နိုင်က ပြောသည်။

ပဲတီစိမ်ကြဲပက်ပြီး ၁၅ ရက်ခန့်မှစ၍ စတင်ဆေးဖျန်းနိုင်ကြောင်း၊ ပဲတီစိမ်းမကောက်ခင် နှစ်လအတွင်း လေးကြိမ်ခန့်ဆေးဖျန်းရကြောင်း၊ သုံးစွဲသောဆေးများမှာ ပိုးသတ်ဆေးအဖြစ် ကလိုဆိုက် ၅၀၅ EC တစ်ဘူးကျပ် ၅၆၀၀၊ အဆီဖိတ်နှင့်ဂျက်ဂွါဆေးများကို အသုံးပြုကြကြောင်း ၎င်းကဆက်လက်ပြောသည်။

အားဆေးအဖြစ် ဂလိုဘယ်၊ဇီတာ၊မိုရယ်မုန်းနှင့် ကောမက်ရွက်ဖျန်းအားတိုးဆေးများကို သုံးစွဲကြပြီး လယ်ကန်သင်းပေါ်တွင်ပေါက်

## အထွက်နှုန်းကောင်းသောစိုက်ကွက်မှ မျိုးကိုသာ အဓိက. . . .

ရောက်သော သက္ကယ်ပင်၊ ကိုင်းပင်၊ ပေါင်းမြက်များနှင့် အခြားအပင်ငယ်များသေစေသော တောရှင်းဆေးခေါ် ဂလက်ဆီဆေးကို သုံးကြကြောင်း၊ ယင်းဆေးသည် တစ်ဂါလန်ငွေကျပ် ၁၈၀၀၀ ပေးရကြောင်း တောင်သူဦးကျော်လင်းက ရှင်းပြသည်။

၎င်းဆေးများကို မြန်မာ့ဩဘာ၊ မြန်မာကောင်းသုခ၊ အနော်ရထာနှင့် ရွှေခြသေ့ကုမ္ပဏီများက ကျေးရွာအရောက်ကိုယ်စားလှယ်များ လာရောက်ဖြန့်ဖြူးရောင်းချ၍ ဆေးသုံးစွဲနည်းများ ပညာပေးဟောပြောပေးကြောင်းနှင့် ငွေလက်ငင်းမဝယ်နိုင်ပါက ပဲတီစိမ်းပေါ်ချိန်ပေးနိုင်သည့် ပုံစံမျိုးဖြင့်လည်း ရောင်းချပေးကြောင်း သိရသည်။

ပဲတီစိမ်းမျိုးကို ဒေသတောင်သူမျိုးနှင့် ရေဆင်း ၁၁ မျိုးများကို အများဆုံးအသုံးပြုကြပြီး စိုက်ခင်း၌ ပိုးမွှားရောဂါကင်းပြီး အထွက်နှုန်းကောင်းသောစိုက်ကွက်မှ မျိုးကိုသာ အဓိကရွေးချယ်စိုက်ပျိုးကြကြောင်းသိရသည်။

ရွက်ကြမ်းကျေးရွာအုပ်စုတွင် တောင်သူတိုင်းနီးပါး ပဲတီစိမ်းတစ်ဧကမှ ၁၀၊ ၁၅ ဧကထိစိုက်ပျိုးကြပြီး ယခင်နှစ်က ပဲတီစိမ်းတင်း ၁၀၀ ကျော်မှ ၁၂၀ ကျော်ရရှိကြသူများရှိကာ တင်း ၃၀ မှ ၆၀ ရရှိကြသူများလည်း အများအပြားရှိကြကြောင်း သိရသည်။

ရောင်းဝယ်ဖောက်ကားရာတွင် ကျေးရွာနှင့်နီး၍ လမ်းပန်းဆက်သွယ်ရေးကောင်းသော ထန်းကုန်း၊ ဇီးကုန်းကျေးရွာများမှ ပွဲစားများ ကျေးရွာအရောက် ကွင်းဆင်းဝယ်ယူကြပြီး ပွဲရုံအရောက် လိုင်းကားများဖြင့် ရောင်းချသူများလည်းရှိကြောင်း သိရသည်။

အရောင်းအဝယ်ပြုလုပ်ရာတွင် လက်ငင်းငွေချေခြင်း၊ ပဲတီစိမ်းမခူးဆွတ်မီ ကြိုတင်ငွေပေး၍ တောင်သူများအဖို့ ကုန်ပစ္စည်းသာထွက်ရှိအောင်ဆောင်ရွက်ရန် အဓိကဖြစ်ပြီး ဈေးကောင်းပေးဝယ်ယူမည့်သူများ အသင့်ရှိကြောင်း သိရသည်။

ယခင်နှစ်က ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၃၅၀၀၀ မှ ကျပ် ၄၀၀၀၀ ထိရောင်းချခဲ့ရကြောင်း၊ တစ်ရွာလုံးတွင် ပဲတီစိမ်းဧက ၃၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ပြီး ယခုပဲတီစိမ်းတစ်တင်းကျပ် ၄၁၀၀၀ ကျော်ရှိကြောင်း ဒါန်းပင်ကျေးရွာမှ တောင်သူဦးမျိုးက ပြောသည်။

ဒေသတွင်းစာသုံးကုန်ထုတ်လုပ်မှုအဆင့်မှ စီးပွားဖြစ်ကုန်ထုတ်လုပ်မှုအဆင့်သို့ရောက်ရှိအောင် မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်းများ၊ တောင်သူများ လက်ရှိအခြေအနေထက် ဖွံ့ဖြိုးတိုးတက်ရန် မျိုးကောင်းမျိုးသန့်များ ရှာဖွေပေးခြင်းလုပ်ငန်းများ၊ ကုန်စည်ရောင်းဝယ်ပြုလုပ်ရာတွင် အကျိုးအမြတ်ရရှိမှုနည်းလမ်းများကို မြို့နယ်ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနမှတာဝန်ခံ ဦးစောမောင်က ကျေးရွာများ အရောက်ကွင်းဆင်း၍ အကြံပြုဆွေးနွေးခဲ့ ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မြိတ်မြို့ ရှမ်းတောင်-မင်းသန်း ကတ္တရာလမ်း ဖောက်လုပ်မှုပြီးစီး



**မြိတ် မေ ၇**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဖောက်လုပ်လျက်ရှိသော တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ရှမ်းတောင်ကျေးရွာနှင့် မင်းသန်းကျေးရွာအုပ်စုသို့ ဆက်သွယ်သွားလာနိုင်စေရန်အတွက် ကျေးရွာချင်းဆက်ကတ္တရာလမ်းဖောက်လုပ်မှုလုပ်ငန်းများ ပြီးစီးနေပြီဖြစ်သောကြောင့် ကျေးလက်နေပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယင်းရှမ်းတောင်-မင်းသန်း ကျေးရွာချင်းဆက်ကတ္တရာလမ်းမှာ အရှည် ၂မိုင် ၂ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထုကိုးလက်မ၊ ကတ္တရာလမ်းအမျိုးအစားဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၉၁ ဒသမ ၇၃ သန်းဖြင့် ရိုးမာန်အားကုမ္ပဏီက ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ စတင်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ရှမ်းတောင်-မင်းသန်း ကျေးရွာချင်းဆက်ကတ္တရာလမ်းတွင် အရှည် ၃၅ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ၁၂ ပေ သံကူကွန်ကရစ်တံတားတစ်စင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးခွင့်ပြုငွေကျပ် ၃၃ ဒသမ ၂၂ သိန်းဖြင့် ရိုးမာန်အားကုမ္ပဏီက ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ စတင်ဆောက်လုပ်ခဲ့ရာ ယခုအခါအဆိုပါသံကူကွန်ကရစ်တံတား ပြီးစီးသွားပြီဖြစ်သောကြောင့် ဒေသခံပြည်သူများ အသုံးပြုသွားလာနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရှမ်းတောင်ကျေးရွာအုပ်စုနှင့် မင်းသန်းကျေးရွာအုပ်စုသို့ ကျေးရွာချင်းဆက်ကတ္တရာလမ်းနှင့် သံကူကွန်ကရစ်တံတားလုပ်ငန်းတို့ ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်အတွက် မြိတ်မြို့နယ် မင်းသန်းကျေးရွာမှတစ်ဆင့် ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော မောင်းလျော်၊ မင်းဂုတ်၊ ဝါရစ်၊ ဇေကမိ၊ ညောင်ဘီးကျေးရွာအုပ်စုများမှ ကျေးရွာပေါင်း ၂၀ ခန့်က ကျေးလက်နေပြည်သူများသည် အချိန်တိုအတွင်း အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယခင်က ရေလမ်းခရီးသာ အသုံးပြုသွားလာရာမှ ယခုအခါကုန်းလမ်းခရီးဖြင့် ရာသီမရွေးသွားလာနိုင်ပြီဖြစ်သောကြောင့် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကျေးလက်နေပြည်သူများ၏ လူမှုဘဝတိုးတက်မြင့်မားလာပြီဖြစ်ကြောင်း မင်းသန်းကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။ **မြင့်ဦး(မြိတ်)**


**ဓမ္မဒါနလှူဒါန်းရန်အတွက် စာလုံးကြီးဆိုဒ်ကြီး၊ စက္ကူအကောင်းစားဖြင့် ထုတ်ဝေထားသော ဓမ္မစာအုပ်ကောင်းများ**

| | | | | | |
|---|---|---|---|---|---|
| လာဘ်ပွင့်စေမည့်တစ်သက်တာ<br>အခါကောင်းနေ့ကောင်းတပါးများနှင့်<br>မဟာပဋ္ဌာန်း၊ မေတ္တာသုတ်<br>ရွတ်ဖတ်ပူဇော်နည်း<br>ပညာဒီပက<br>၅၀၀/-ကျပ် | လာဘ်ပွင့်စေမည့်တစ်သက်တာ<br>အခါကောင်းနေ့ကောင်းများနှင့်<br>ကလေးဝအဘိုးဆရာတော်ချီးမြှင့်သော<br>ဒီရေအလားစီးပွားတက်စေသောပရိတ်တော်<br>(ပါဠိ+အသံထွက်+မြန်မာပြန်)<br>ပညာဒီပက<br>၅၀၀/-ကျပ် | ကံဆင့်ကံမြင့်ကံပွင့်စေမည့်<br>မဟာသမယသုတ်တော်<br>အဓိဋ္ဌာန်ကျင့်စဉ်<br>(ပါဠိ+အသံထွက်+မြန်မာပြန်)<br>ဓမ္မာစရိယဦးအောင်ကျော်မိုး<br>၈၀၀/-ကျပ် | အက်ပေါင်းနှံ့ ကောင်းကျိုးလိုရာများ ပြည့်စေမည့်<br>ပရိတ်တော်(၁၁)သုတ်နှင့်<br>ဓမ္မစကြာကျင့်စဉ်<br>(ပါဠိ+အသံထွက်+မြန်မာပြန်)<br>ဓမ္မာစရိယဦးအောင်ကျော်မိုး<br>၁၅၀၀/-ကျပ် | ကြောင်အနှံ့ သာလွန် ကြီးကျယ် မြင့်မြတ်သော<br>ပဋ္ဌာန်းပစ္စယ ဝါရပါဠိတော်<br>အဓိဋ္ဌာန်ကျင့်စဉ်<br>(ပါဠိ+အသံထွက်)<br>ဓမ္မာစရိယဦးအောင်ကျော်မိုး<br>၁၀၀၀/-ကျပ် | လောကီလောကုတ္တရာအမြင့်ဆုံးအမြတ်ဆုံး<br>အနတ္တလက္ခဏာသုတ်နှင့်<br>အဘိဏှသုတ်<br>ရွတ်ဖတ်ပူဇော်နည်း အဓိဋ္ဌာန်ကျင့်စဉ်<br>ဓမ္မာစရိယဦးအောင်ကျော်မိုး<br>၈၀၀/-ကျပ် |
| လာဘ်ပွင့်စေမည့်တစ်သက်တာ<br>အခါကောင်းနေ့ကောင်းတပါးများနှင့်<br>ရှင်သီဝလိဂါထာများ<br>(ပါဠိ+အသံထွက်+မြန်မာပြန်)<br>ပညာဒီပက<br>၅၀၀/-ကျပ် | လာဘ်ပွင့်စေမည့်တစ်သက်တာ<br>အခါကောင်းနေ့ကောင်းများနှင့်<br>ကံပွင့်လာဘ်ပွင့်ဂါထာများ<br>(ပါဠိ+အသံထွက်+မြန်မာပြန်)<br>ပညာဒီပက<br>၁၀၀၀/-ကျပ် | ဘုန်းပွင့်ကံပွင့်<br>ပဋ္ဌာန်းဒါနကျင့်စဉ်<br>မြေလတ်မြတ်သူ<br>၁၅၀၀/-ကျပ် | ကုသိုလ်ကံပွင့်<br>ဂုဏ်တော်ပဋ္ဌာန်းကျင့်စဉ်<br>မြေလတ်မြတ်သူ<br>၁၅၀၀/-ကျပ် | ဆေးတော်မြတ် မဟာမန္တန်<br>ဟေရှင်သုတ်<br>အဓိဋ္ဌာန်ကျင့်စဉ်<br>(ပါဠိ+အသံထွက်+မြန်မာပြန်)<br>မြေလတ်မြတ်သူ<br>၁၀၀၀/-ကျပ် | ဦးဝါယာမာဘိဝံသ<br>ထက်မြက်ရွှမ်းအားဂါထာမန္တန်မန္တရားများ<br>ဂုဏ်ထူးဆရာလှမျိုး (B.Sc)<br>၁၀၀၀/-ကျပ် |

**မဇ္ဈိမစာပေ** အမှတ်(၂၃၇)၊၃၉လမ်း(ထက်)၊ကျောက်တံတားမြို့နယ်။ ဖုန်း-၃၉၂၈၃၅၊ ၀၉၅၀၅၆၈၄၃၊ ၀၉၇၃၀၅၉၉၃၅

ကြော်ငြာခွင့်ပြုချက်အမှတ်၊ တအဝက ၀၀၁/ ၁၁၁၃ TMR 008847(0217)

ထူး ပါဝါ
ကျောက်ကြေဆေး
သည်းခြေအိတ်၊ ကျောက်ကပ်၊ ဆီးအိမ်၊ ဆီးပြွန်၊ ဆီးသွားလမ်းကျောက်တည်ခြင်းနှင့် ဆီးကျိတ်၊ ဆီးရောဂါများအတွက် သောက်သုံးနိုင်ပါသည်။
ကျောက်တည်ရင် ပျောက်လွယ်တဲ့ "ပါဝါ" ကျောက်ကြေဆေး
ရန်ကုန်ဆေးဆိုင်ကြီးများနှင့် အမြို့မြို့ဆေးဆိုင်တိုင်းတွင်ရနိုင်ပါသည်။


**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ဗဟန်းမြို့နယ်နေ အဖ ဦးသောင်းညွှန့်[၉/အမရ(နိုင်)၀၆၂၄၆၂]-အမိဒေါ်သောင်းသောင်း[၉/အမရ(နိုင်)၀၆၂၄၆၃]တို့၏ သမီးဖြစ်သူ မသူဇာ[၉/အမရ(နိုင်)၀၈၆၇၈၉]သည် မိဘတို့၏ ဆိုဆုံးမမှုများကို မနာခံဘဲ မိမိ၏ဆန္ဒသဘောအလျောက် အိမ်မှဆင်းသွားပါသဖြင့် မသူဇာနှင့် ပတ်သက်သောကိစ္စအဝဝအား (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ယနေ့ ကြော်ငြာပါသည့်နေ့မှစ၍ အများသိ စေရန် ကြေညာအပ်ပါသည်။

ဦးသောင်းညွှန့်-ဒေါ်သောင်းသောင်း

သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်သည် ၁၉၉၉ ခုနှစ်က မန္တလေးနေ့စဉ်သတင်းစာတွင် ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်ဟူသော ခေါင်းစဉ်ဖြင့် မန္တလေးမြို့ရပ်ကွက် သမိုင်းများ၊ လေးပြင်လေးရပ်ရှိ ရပ်ကွက်ဝင်းများအကြောင်းကို ကွင်းဆင်းသုတေသန ပြုလုပ်ကာ အပတ်စဉ်ဆောင်းပါးများ ရေးသားခဲ့သည်။ တစ်နှစ်ကျော်ခန့် ရေးသားပြီး ၂၀၀၀ ခုနှစ်တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန မန္တလေးနေ့စဉ် သတင်းစာတိုက်မှ လုံးချင်းစာအုပ်အဖြစ် ရိုက်နှိပ်ခဲ့သည်။ တစ်နှစ်ကျော်အတွင်း အုပ်ရေ ၉၀၀၀ ကုန်သွားသည်။ ယင်းစာအုပ်သည် ၂၀၀၁ ခုနှစ်တွင် အမျိုးသားစာပေဆု (သုတပဒေသာ ဝိဇ္ဇာဘာသာရပ်) ဖြင့် ဆုရွေးချယ်ချီးမြှင့်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ရန်ကုန်မြို့ "ဖြိုး" စာပေမှ ဒုတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ထို့နောက် ၂၀၀၉ ခုနှစ်တွင် တစ်ဖန် မန္တလေးမြို့ မင်းမဟော်စာပေတိုက်မှ တတိယအကြိမ် အုပ်ရေ ၁၀၀၀ ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

ဆရာနတ်မောက်ထွန်းရှိန်သည် သတင်းစာဆောင်းပါးများနှင့် အကျိုးပေးသည်ဟု ဆိုရပေမည်။ ၂၀၁၀ ခုနှစ်တွင် ရတနာပုံမန္တလေးနိပါတ်ပန်းချီကျော်များနှင့် ဗုဒ္ဓဝင်ပညာပေးမြန်မာ့နိပါတ်ပန်းချီလက်ရာများ ဆောင်းပါးပေါင်းချုပ်ဆက်လက်ရေးသားထုတ်ဝေခဲ့ရာ ၂၀၁၁ ခုနှစ်တွင် အမျိုးသားစာပေဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု) ရွေးချယ်ချီးမြှင့်ခံခဲ့ရသည်။ ဒုတိယအကြိမ် အမျိုးသားစာပေဆုရရှိခြင်းဖြစ်သည်။ ထို့နောက် မန္တလေးနေ့စဉ် သတင်းစာတွင် မန္တလေးခေတ် ပိဋကတ်ပုံနှိပ်တိုက်များနှင့် မန္တလေးခေတ် ပိဋကတ်စာအုပ်ဆိုင်များအကြောင်း ဆက်လက်ရေးသားခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ရတနာစာပေမှ ထုတ်ဝေခဲ့ရာ ၂၀၁၄ ခုနှစ် ထွန်းဖောင်ဒေးရှင်းစာပေဆု (သုတပဒေသာဘာသာရပ်) စာပေဆု ရွေးချယ်ချီးမြှင့်ခံခဲ့ရသည်။ ဆက်လက်၍ မန္တလေးနေ့စဉ်သတင်းစာတွင် လှူတန်းကြ မန္တလေးမြို့က ကျောင်းအမများ ခေါင်းစဉ် ဖြင့် ဘာသာသာသနာဆိုင်ရာ လှူဒါန်းကြသူများ ပရဟိတ လုပ်ငန်းများတွင် ကြိုးပမ်းလှူဒါန်းနေကြသူ ကျောင်းဒကာ ကျောင်းအမများ ဘဝတစ်စေ့တစ်စောင်းအကြောင်းရေးသားလျက်ရှိသည်။

ဆရာ၏ ရှားပါးနေသော ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်စာအုပ်ကို စာဖတ်ပရိသတ်များအတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြသွားမည်ဖြစ်သည်။ (ကြေးမုံ)

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

နတ်မောက်ထွန်းရှိန်



ယခင်အပတ်မှအဆက်

ကျွန်ုပ်သည်ကျွန်ုပ်တို့၏ သံအမတ်များ ရေးသားထားကြသော မြန်မာရေမြေ့ရှင်ဘုရင်မင်းမြတ်၏ မင်းခမ်း၊ မင်းနားအကြောင်းကို ဖတ်ဖူးသည်။ ထို့ကြောင့် အိမ်ကထွက်လာစဉ် ကျွန်ုပ်ထင်မိသည်မှာ ကျွန်ုပ်တွေ့ရမည့်သူသည် ရုပ်ပွားဆင်းတုကြီးနှင့် တူပေလိမ့်မည်။ ထိုရုပ်ပွားဆင်းတုကြီး၏ ရှေ့တွင်လူအပေါင်းတို့သည် ပုဆစ်ဒူးတုပ်ကာ ရှိညွှတ်နေကြပေလိမ့်မည်။ ထိုသူသည် ကြီးမားသော ဘုန်းတော်၊ တန်ခိုးတော်နှင့် ပြည့်စုံသူဖြစ်သဖြင့် အလွန်ခက်မာသူ ဖြစ်ပေလိမ့်မည်။ ဤသို့လျှင် ထင်မိသည်။ တစ်ဖန်ကျွန်ုပ်သည် ဤတစ်ကြိမ်သာလျှင် ဝင်ခွင့်ရပေလိမ့်မည်ဟုထင်မိသည်။

ဤအတွေး၊ ဤအထင်တို့ဖြင့် ကျွန်ုပ်သည်ဝင်းတံခါးကို ရောက်လာ၏။ မင်းခမ်းမင်းနားသည် အလွန်ခံ့ညားလှ၏။ မင်းတရားသည် ရာဇဣန္ဒြေနှင့် ပြည်စုံလှကြောင်း ရေးကြသောစာများကို ဖတ်ခဲ့ရသော ကျွန်ုပ်မှာ မင်းတရာကြီးသည် အစဉ်ထာဝရပင်ခန့်ညား၍ အစဉ်ထာဝရပင် ရာဇဣန္ဒြေနှင့်ပြုမူနေလိမ့် မည်လော။ ပုထုဇဉ်လူသားတို့၏သဘောမ ရှိပါမည်လော့ဟု သံသယဖြစ်မိသည်။ ကျွန်ုပ်သံသယဖြစ်မိသည်မှာ မှားလေစွ။ အကန်တော့ခံ ခန်းမဆောင်ကြီး ထဲဝင်သွားသောအခါ နန်းကြမ်းခင်းအဆုံးအစွန်းနေရာတွင် အသက် ၃၀ မျှလောက်သာ ရှိဦးမည်ဖြစ်သောသူကို မြင်ရသည်။ ထိုသူသည် ရွှေကုလား ထိုင်ပေါ်တွင် တင်ပျဉ်ခွေထိုင်သည်။ သူ၏ မျက်နှာသည် ကျက်သရေရှိလှသည်။ စိတ်နှလုံးနူးညံ့သော လက္ခဏာနှင့်ပြည့်စုံသည်။ သူဝတ်ဆင်ထားသော ဝတ်လဲတန်ဆာများသည် တော်သုံးဖြစ်သော အချိတ်ပုဆိုးနီနီမှတစ်ပါး အခြားနန်းတော်သားများ ဝတ်ဆင်ထားသော အဝတ်တန်ဆာတို့နှင့် ဘာမျှမခြားနားချေ။

သူ၏ ထိုင်မသိမ်းအင်္ကျီသည်ပိုးပကတိဖြစ်သည်။ သူ၏ ဦးခေါင်းမှာ ကိုးဖော့လုံးကို ဆင်ယင်ထားသည်။ သူ၏ ရှေ့ရှိကြမ်းပြင်ဝယ် လူလေး၊ ငါး၊ ဆယ်ယောက် သည် ခေါင်းငုံ့ဝပ်တွား၍ လက်အုပ်ချီကာ ခစားနေကြသည်။ မင်းတရားကြီးသည် အချို့သော အရာရှိများနှင့် ရွှင်လန်းကြည်ဖြူစွာ စကားပြောနေဟန်ရှိသည်။

စသည်ဖြင့် မြန်မာမင်းတစ်ပါး၏အဆောင်အယောင်နှင့် နန်းတော်မြင်ကွင်းများ အမရပူရမြို့နေထိုင်မှု မြို့ပြမြင်ကွင်းများရေးထားပုံကို အသေးစိတ်ဖတ်ရ၏။ ထိုဘုရင်မှာ ဘကြီးတော်မင်းတရားပင်ဖြစ်သည်။ ဘုရင်နှင့်အတူ မိဖုရားကြီး နန်းမတော်မယ်နု၏ အနေအထားကိုလည်း ရေးဖွဲ့ထားပေသည်။

အမရပူရမင်းနေပြည်တော်သို့ ဘကြီးတော်ဘုရားလက်ထက်၌သာမက ဘိုးတော်ဗဒုံမင်းလက်ထက်ကစ၍ နိုင်ငံခြားသားကုန်သည်များ၊ သံတမန်များ အဝင်အထွက်ရှိနေသည်။ ဘိုးတော်ဗဒုံမင်းလက်ထက်တွင် သံတမန်များတည်းခိုရန် တောင်သမန်တွင် သံတဲများဆောက်လုပ်ပေးထားသည်ကို တွေ့နိုင်သည်။ အမရပူရ သံတဲနေရာသည် ယခုကျောက်တော်ကြီးဘုရား အရှေ့ဘက်ရှိ ထန်းတောရွာမြောက်ဘက်နေရာဖြစ်သည်ဟု မြေပုံအရ သိရှိရပေသည်။ ထိုသံတဲများ၌ တရုတ်သံ၊ ယွန်းကြီးသံ၊ ယိုးဒယားသံ ဗြိတိသျှသံတမန်များဝင်ရောက်တည်းခိုကြသည်။

ဗြိတိသျှအဖွဲ့ဝင် ဟင်နရီယူးလ်ကလည်း သူ၏ မှတ်တမ်းများ၌ အမရပူရသံတဲများမြင်ကွင်းကို ဤသို့ရေးဖွဲ့ထားသည်။

"ကျွန်ုပ်တို့ တည်းခိုရသော သံတဲများမှာ အလျားပေ ၈၀ အနံ ပေ ၈၀ ခန့်ရှိသော အဆောက်အအုံဖြစ် သည်။ စတုရန်းပုံ မြေကွက်အတွင်း ဝါးထရံဖြင့် ဝင်းခတ်ထား၏။ အရှေ့အနောက်ဝင်ပေါက်ထွက်ပေါက်များလည်း ရှိ၏။ သံတဲအဆောက်အအုံသည် ကျယ်ဝန်းပြီး တိုင်၊ ထုပ်၊ လျောက်၊ ရက်မတို့ကို ကျွန်းသစ်ဖြင့် တည်ဆောက်ထား၏။ အကာနှင့်အခင်းကိုမူ ဝါးကြမ်းခင်း၍ ဇလီသတ် ဝါးထရံကာထား၏။

စားပွဲ၊ ကုလားထိုင် ပရိဘောဂများနှင့် မျက်နှာကြက်တွင် ဆွဲယပ်များ တပ်ဆင်ထားပေး၏။ နံရံတွင် တရုတ်မီးအိမ်၊ အိန္ဒိယမီးအိမ်များချိတ်ဆွဲထား၏။ ညာဘက်တွင် မှန်အိမ်များမှ ဖယောင်းတိုင်မီးများ ထွန်းညှိ၏။"

စသည်ဖြင့် ထိုခေတ်မြေကျယ်ကျယ်နှင့်ဆောက်ထားသော အမရပူရမြို့တော်၏ အဆင့်မြင့်အဆောက်အအုံများကို ခန့်မှန်းရ၏။ ထိုသံများသည် အမရပူရမြို့တော်အကြောင်းရေးဖွဲ့မှတ်တမ်းတင်သကဲ့သို့ နန်းတော်၊ ကျုံးတော်၊ လမ်း၊ အဆောက်အအုံ၊ လူနေရပ်ကွက်တို့ကိုလည်း ပန်းချီပုံတူရေးဆွဲမှတ်တမ်းတင်ခဲ့ကြဟန်တူ၏။

ဆက်လက်ဖော်ပြပါမည်။

[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]

လေ ယာဉ် မျှ လက် မှတ် ကို လံ ဘတ်(စ်)

ဘဏ်မှငွေပေးချေသည့်စနစ်ဖြင့်လေယာဉ်လက်မှတ်ဝယ်ယူပြီး
TG လက်မှတ်ကံစမ်းခွင့်များ ရယူလိုက်ပါ။

မည်သည့်ပြည်ပလေယာဉ်လက်မှတ်မဆို သင့်ရဲ့ CB/KBZ mobile banking (သို့)
အနီးဆုံးဘဏ်ခွဲများမှငွေပေးချေပြီးဝယ်သူတိုင်း TG လက်မှတ်ကံစမ်းနိုင်မည့်အခွင့်အရေး

TG PROMOTION လက်မှတ်များကိုလည်း ယခုမှစ၍ ၂၀၁၅ ဇွန်လ (၃၀)ရက်နေ့ အထိ
ဝယ်ယူနိုင်ပြီး ဝင်ရောက်ကံစမ်းနိုင်မည့် လက်မလွှတ်သင့်သည့်အထူးအခွင့်အရေး

ငွေလွှဲခ အခမဲ့

ကံစမ်းမဲ RGN-BKK-RGN လက်မှတ် ၁၅ စောင်

ကံစမ်းမဲကာလ 5 May-20 Jun 2015

*** Budget Airlines နှင့် Domestic Ticket များ မပါဝင်ပါ။

229245, 216245, 378535, 378549
columbuspromotion@gmail.com
09 976330878, 09 261007319
columbustravelsandtours

Download COLUMBUS TRAVEL
A smart flight app right in your hand

WE CARE YOUR TRIP
THE LINS
Travels & Tours Co., Ltd

အမှတ်(၄၇) မြေညီထပ်၊ ရေကျော်လမ်းမကြီး၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
PH : 01-296531, 01-201784, 01-201785,
09-73006060,09-250358089

ဖန်ကောက် - ပတ္တရား ခရီးစဉ် 630 USD

◆ (၄)ည - (၅)ရက် ◆ Flight+Visa ပါပြီး

ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မလေးရှား၊ တရုတ်၊ ကိုရီးယား ခရီးစဉ်များကို
ဈေးနှုန်းချိုသာစွာဖြင့် လူကြီးမင်းတို့စိတ်တိုင်းကျ စီစဉ်ပေးနေပါသည်။

LADY WHITE
လက်ဖက်ခြောက်

UAB
Air Ticketing
09-7345 3456

တေးရေး - စိုင်းခမ်းလိတ်၊ မင်းဇော်၊ မင်းသု (Lyrics)၊ အောင်နိုင်စန်း၊
ဗိုကြီး ဝင်းမော်(ရွှေသံစဉ်)၊ June, Featuring — ကျော်သီဟ၊ ကိုကိုမောင်၊
စိုင်းလမင်းအောင်၊ စိုးပြည့်သဇင်၊ ရွှေရည်မြိုးမောင်

ဗိုကြီး @ ကြေးမုံကော်ဂို
နှောင်းဘဝ DVD Live Show & MTV , Audio CD

ရန်ကုန် - မန်းသီရိ ၊ ရတနာမြိုင်၊ Master, City Mart, ဂမုန်းပွင့်၊ စိန်ဂေဟာ၊ မန္တလေး - မန်းသီရိ၊ လှိုင်း၊ ထင်းရှူးရိပ်၊ လပြည့်ဝန်း၊ Music Lover, FMM, နေပြည်တော် - သဇင်၊ ပျဉ်းမနား - ထိပ်တန်း၊ မိတ္ထီလာ - လှိုင်း၊ ပခုက္ကူ - လျှပ်ပန်း၊ မုံရွာ - မိဘားစု၊ တောင်ကြီး - လှမိုးရိ၊ ရွှေပြည်စံ၊ မော်လမြိုင် - ရတနာမြိုင်၊ ပြည် - သမြေ၊ တောင်ငူ - တေးကမ္ဘာ၊ ဟားခါး - ဦးဆောက်ပန်း၊ စစ်တွေ - ပုဏ္ဏမီ၊ ပုသိမ် - ကျင်စု၊ မကွေး - နီနီ၊ မြစ်ကြီးနား - ဆောင်း၊ လှိုင်ကော် - သံလွင်၊ တောင်ကြီး - ဆောင်းဟေမာန်၊ လားရှိုး - စိန်လင်း၊ အင်းဝ ဆိုင်တို့တွင် ဝယ်ယူ ရရှိနိုင်သည်။

မူပိုင်စီစဉ်ထုတ်လုပ်ဖြန့်ချိရေး UAB Music & Video Production
အမှတ်(၈၆)၊ အခန်း(၀၁)၊ ၁၂၄ - လမ်း၊ မင်္ဂလာဈေးတောင်ဘက်၊ 09 975 200 111

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄FG၊ မြေကွက်ကြီးအမှတ်၁၁၄၃၊ မြေကွက် တည်နေရာအမှတ်၁၁၄၃၊ မာလာနှယ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ဦးအောင်သိန်း+၆အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအားတာမွေမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၁၂/၂၀၁၁၊ တရားမဇာရီမှုအမှတ် ၃/၂၀၁၂ အရောင်းအဝယ်စာချုပ်၁၅၁/၁၅ (၂၂.၁.၂၀၁၅)တို့ကိုတင်ပြ၍ဦးမြင့်ဆွေ (၁၂/လမတ(နိုင်)၀၁၃၃၃၉၁)မှပိုင်ဆိုင်လာပြီး ဂရန်ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ/ သက်ဆိုင်ရာရပ်ကွက်နှင့်ရဲစခန်းထောက်ခံစာတို့ကိုတင်ပြ၍ ဂရန်မိတ္တူနှင့်အမည်ပြောင်း လျှောက်ထားရာ(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Glory Hope Education Centre

အစိုးရတရားဝင် ကိုရီးယား အလုပ်ဝင်Professional
ကျွမ်းကျင်သင်တန်းကျောင်း Better Tomorrow
EPS - TOPIK
(ကိုရီးယားဘာသာစကားအရည်ချင်းစစ် စာမေးပွဲ)
ပညာအရည်ချင်းမလိုဘဲ
သင်လည်း ကိုရီးယားမှာ ပိုက်ဆံရှာဖို့ သွားကြစို့

- လစာ(၁၅)သိန်း ဝန်းကျင်ရရှိနိုင်သော အာမခံချက်။
- မြန်မာစကား ကျွမ်းကျင်သော ကိုရီးယားလူမျိုးဆရာကိုယ်တိုင် သင်ကြားပို့ချချက်များ
- ကိုရီးယား ဘာသာစကားကို လုံးဝမတတ်သူများအတွက် အခြေခံမှစာမေးပွဲအောင်မြင်သည်ထိတာဝန်ယူ သင်ကြားပေးနေပါသည်။
- တန်းခွဲသစ်များကို (၁၀.၅.၂၀၁၅)နေ့နောက်ဆုံးလက်ခံပါမည်။

တွေဝေမနေဘဲ အရင်ဆုံး ဖုန်းဆက်ပြီး တိုင်ပင်ဆွေးနွေးကြည့်လိုက်ပါ။

လိပ်စာ ချမ်းသာပလာဇာ(ပုဇွန်တောင်)၃ထပ်၊ အထက်ပုဇွန်တောင်လမ်း
ဖုန်း ၃၉၇၅၀၂၊ ၂၉၉၁၃၃၊ ၀၉၅၁၅၀၅၈၂
ကမာရွတ် ၅၁၂၈၀၄၊ ၀၉၃၀၀၉၃၅၉၂၊ ၀၉၇၉၅၈၃၂၁၀၀
(ကနီးဆုံး အရည်ချင်းစစ် စာမေးပွဲ ဖြေဆိုနိုင်ရန်အတွက် တန်းခွဲသစ် စတင်လက်ခံနေပါပြီ)

အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

မြိုင်က သတိရဟန် ကျွန်တော့်အား လှည့်တောင်းပန်သည်။

"မောင်ရေ. . . ခွင့်လွှတ်နော် . . . မမမြိုင် အရေးကြီးတာလေးရှိလို့ ခဏလေးပါ။ ကိုအေးသော် . . . ခဏ . . ."

ပွဲရုံတစ်ဖက်စွန်း စားပွဲမှ စာရေးနှင့်တူသူတစ်ဦး မြိုင့်ဆီ လာသည်။

" ကိုအေးသော် . . . ဟသ်ာတက ကိုကိုလေးတို့ လယ်ဂျာပြီးပြီလား . . ."

" ပြီးပါပြီ ခင်ဗျာ၊ ဒါပေမယ့် သူတို့က ထောင်မလဲ သဲကော် လိုချင်တယ်ဆိုလို့ နက်ဖြန်ဘဏ်ဖွင့်ပြီးမှ ငွေလဲရှင်းပေးပါ့မယ် "

" နက်ဖြန်ခါကို ဆက်ဆက်ပေးလိုက်။ ဒါထက် ဦးလေးထွန်းမောင် . . . ဟို ကြက်သွန်ပုံက ဘယ်နှစ်ပိဿာကျန်သေးလဲ "

" ခွက်နှစ်ဆယ်ကျော် ကျန်မယ် မြိုင် . . ."

မြိုင်သည် ကိုအေးသော်ဘက်သို့ လှည့်၍ အမိန့်ပေးသည်။

" ကိုအေးသော် . . . ခွက်နှစ်ဆယ်ကို ပွဲရုံကပဲ ဖြတ်ယူလိုက်တော့။ လယ်ဂျာ ဒီနေ့အပြီးလုပ်။ နက်ဖြန် ညနေ ငွေရှင်းပေးမယ် ကြားလား . . ."

" ဟုတ်ကဲ့ . . ."

စာရေးကိုအေးသော် သူ့နေရာသူ ပြန်သွား၏။ မြိုင်က ကူလီများကို ဆက်အမိန့်ပေးသည်။

"ဆာမိ . . . ကြက်သွန်ပုံကို အနောက်ဘက်ရွှေ့။ နှစ်ယောက်ပဲလုပ်၊ ကျန်တဲ့လူတွေက ကမ်းနားကကို လှဆောင်တို့လှေက ဆီပေပါတွေ တင်တော့ . . ."

မြိုင့်အမိန့်များသည် ဤမျှနှင့် မပြီးသေး။ ကတ္တားနားမှ အသက် ၁၄ နှစ်ခန့် အရွယ် လူငယ်တစ်ဦးကို လှမ်းပြောသည်။

" မောင်သန်းအေး၊ ပွဲရုံရှေ့က ကျောက်သင်ပုန်း ဖျက်ပစ်။ ကျန်တာတွေ ပြန်ရေး။ ကြက်သွန်နဲ့ ဖက်ချန်ထား။ ပဲဆီနဲ့ ကွမ်းရာဆေး ထပ်ရေး . . ."

ကျွန်တော်က မြိုင် စီမံနေသည်ကို စိတ်ဝင်စားစွာ ကြည့်နေမိ၏။ ဤပွဲရုံ အကြီးအကဲသည် မည်သူဖြစ်ကြောင်း သံသယ မရှိတော့။

ကျွန်တော်သည် ကြိုင်ကိုသာ ကျွန်တော် မေးလိုသော မေးခွန်းကို မေးရသည်။

"ဒါထက် . . . မမကြိုင် . . . ခိုင်နဲ့ လှိုင်ကော . . ."

" ခိုင်နဲ့ လှိုင် . . . သန်လျင်မှာ "

ကြိုင့်အဖြေကြောင့် ကျွန်တော် ဘာပြန်ပြောရမှန်းမသိ။ စိတ်တွင်း၌ မသိမသာ ထိခိုက်သွားသည်။

" အစကတော့ ခိုင်တို့လည်း ဒီမှာပါပဲ။ ဒါပေမယ့် လေယာဉ်ပျံတွေကလည်း ခဏခဏ ဗုံးလာကျဲတော့ ဖေဖေ့ရောဂါနဲ့ မဖြစ်ဘူးလေ။ ဒါကြောင့် ဖေဖေနဲ့ မေမေ့ကို သန်လျင်မှာ ပြန်ထားတယ်။ ခိုင်နဲ့လှိုင်လည်း လိုက်သွားရတာပေါ့။ မလိုက်လို့ မဖြစ်ဘူး။ မေမေကလည်း ကြီးပြီမဟုတ်လား။ ခိုင်နဲ့ လှိုင်ပဲဖေဖေ့ကို ပြုစုနိုင်တယ် . . ."

ကျွန်တော် ငိုင်နေခိုက် ကိစ္စများ ပြီးဟန်တူသော မြိုင်က အနီးသို့ လာထိုင်သည်။

" ဘာလဲ . . . မောင်က ခိုင်နဲ့ တွေ့ချင်လို့လား . . . ဟုတ်လား . . ."

ကျွန်တော်က မဖြေ။ ကြိုင်ကသာ ဝင်ပြော၏။

" အဲဒါ . . . မမကြိုင် ပြောပြနေတာပေါ့။ မောင် . . . ခိုင်တို့နဲ့ တွေ့ချင်ရင် သန်လျင်လိုက်သွားပါလား "

ကြိုင်၏ အကြံပေးချက်ကို မြိုင်က ကန့်ကွက်သည်။

"ဒီနေ့ ဘယ်အချိန်ရှိတော့မလဲ။ ဒီလိုလုပ် မောင်။ ဒီည မမမြိုင်တို့နဲ့ လိုက်အိပ်။ မနက်ကျမှ သန်လျင်ဘက်ကူး "

" ကျွန်တော် ခွင့်သုံးရက်ပဲ ရတယ် မမမြိုင်။ သန်လျင်နဲ့ ဒီ နေ့ချင်းပြန် သွားလို့ရလား "

" သမ္ပာန်နဲ့ သွားရမှာ မောင် . . .။ နေ့ချင်းပြန်တော့ မရဘူး။ တစ်ညအိပ်ဆိုရင်တော့ ဖြစ်တယ် "

ကျွန်တော် ခေတ္တ စဉ်းစားလိုက်သည်။ ထို့နောက်မှ သေချာရန် ထပ်မေးသည်။

" တစ်ညအိပ်ဆိုရင် တကယ်ရသလား . . ."

" ဒီလိုပဲ သွားနေကြတာပဲ . . . မောင်သွားချင်ရင် မမမြိုင် ဦးလေးထွန်းမောင်ကြီး ထည့်ပေးလိုက် မယ်လေ . . ."

" ကိစ္စမရှိပါဘူး မမမြိုင် . . .။ မောင်က သန်ဘက်ခါ ညနေ နောက်ဆုံးထားပြီး စစ်ဝန်ကြီးရုံးမှာ တာဝန် သတင်းပို့ရမယ်။ အချိန်မီ ပြန်ရောက်နိုင်တယ်ဆိုရင် တော်ပါပြီ "

ကျွန်တော်သည် နံနက်စာကို နေ့မွန်းလွဲ၌ မြိုင်တို့ ပွဲရုံတွင်ပင် စားသည်။ ထမင်းစားသောက်ပြီး မြိုင်တို့အလုပ်ကို အနှောင့်အယှက် မဖြစ်စေလိုသောကြောင့် ဗဟန်းဘက်သို့ ထွက်လာခဲ့သည်။

အခြားလည်း လည်ပတ်စရာ မရှိသောကြောင့် လွင်လွင်ရုံ၌ ပြနေသော ပြဇာတ်ကို ကြည့်ဖူးသည်ရှိအောင် တစ်ဝက်တစ်ပျက်မှ ဖြတ်ဝင်ကြည့်ရသည်။ ပြဇာတ်အမည်မှာ " တစ်ဝါတွင်း " ဖြစ်၍၊ ကျော်အေးနှင့် မေမေဝင်းတို့က ခေါင်းဆောင်သည်။

မေမေဝင်းကို တော်လေးဝ၊ အချစ်ဆုံး၊ ဗိုလ်အောင်ဒင် စသောကားများကြောင့် အသည်းစွဲဖူးသည်။ ပြဇာတ်စင်ပေါ်၌ လူကိုယ်တိုင် မြင်ရသောအခါ ပို၍ကြိုက်နှစ်သက်သည်။ ကျော်အေးကို ယခင်က စတန့် မင်းသားအဖြစ်သာ သိခဲ့သည်။ စိမ်းရွှေရွှေ၊ ဒွေးညီနောင်၊ လက်မည်းကြီး၊ ဗိုလ်ကျော်ဇောစသည့် ကားများမှ သူ၏ စွန့်စားခန်းများကို ရင်တဖိုဖိုဖြင့် အားကျဖူးသည်။ ယခု ပြဇာတ်စင်ပေါ်၌ အလွမ်းပိုင်သော သဘာဝမင်းသားတစ်ဦးအဖြစ် တွေ့နေရသည်။ လွမ်းခန်းတွင် ဆရာဦးစိန်းမောင်၏ ဂီတာနှင့် တွဲလျက်၊ ခုနစ်သံချီဆိုပုံမှာ ပိုင်နိုင်ပြောင်မြောက်လှ၏။ ကျွန်တော့်ဘေးမှ မိန်းမပျိုသုံးဦးသည် ကျော်အေး လွမ်းတိုင်း လက်ကိုင်ပဝါဖြင့် မျက်ရည်တို့နေကြ၏။

ပြဇာတ်ပြီး၍ ကြည့်မြင်တိုင်သို့ မြင်းလှည်းနှင့် ပြန်လာစဉ် ကျွန်တော့် ရင်တွင်းတွင် ကျော်အေးဆိုသွားသော လွမ်းချင်းသည် ပဲ့တင်ထပ် ပေါ်နေ၏။

" ဒီအချစ်နဲ့ နှစ်ဖြာယွင်း တစ်ဝါတွင်း အောင့်အင်းခဲ့တယ်။ မျက်စိမြင်ပြန်တော့ရင် အချစ်ခြင်း ကွေကွင်းရတယ်။ စိတ်ထဲ ခဲလေသမျှ သဲရေကျဖြင့် . . . ဖြစ်ပါပြီကွယ် "

ပြဇာတ်ကြောင့် အလွမ်းပိုပိုတွင် နေညိုညို၌ ကြည့်မြင်တိုင်ပွဲရုံသို့ ပြန်ရောက်ခဲ့သည်။ မြိုင်တို့ကပွဲရုံဆင်းသွားပြီဖြစ်သည်။ ဦးထွန်းမောင်ကြီးက ကျွန်တော့်ကို စောင့်ကြိုနေ၍ အိမ်သို့ ခေါ်ခဲ့သည်။ လမ်းတွင် ကျွန်တော်က မေးသည်။

" ဦးလေးထွန်းမောင်ကြီး ဘယ့်နှယ် မြိုင်တို့ဆီ ရောက်နေသလဲ "

ဦးထွန်းမောင်ကြီးက မပြုံးတပြုံးနှင့် ဖြေသည်။

" မောင့်ကိုကိုက တာဝန်ပေးထားလို့ပေါ့ . . ."

မြိုင်တို့ အိမ်လေးမှာ မီးရထားလမ်းတစ်ဖက်ရှိ ပုသိမ်လမ်းတွင် ဖြစ်သည်။ အိမ်သားဟူ၍ မြိုင်နှင့် ကြိုင်တို့ ညီအစ်မ၊ မြိုင်တို့ အဒေါ်တစ်ဦး၊ အိမ်ဖော် မိန်းမပျိုတစ်ဦးနှင့် ဦးထွန်းမောင်ကြီးသာ ရှိသည်။

ထိုညက ထမင်းစားသောက်ပြီး ကျန်လူများက စော စော အိပ်ရာဝင်ကြသည်။ မြိုင်၊ ကြိုင်နှင့် ကျွန်တော်က စားပွဲတွင် အတန်ကြာ ရှေးဟောင်းနှောင်းဖြစ် ထိုင်ပြောနေကြသည်။ ည ၉ နာရီခန့်၌ ကြိုင်က ထသွား၍ ဘုရားရှိခိုး၊ ပုတီးစိပ်သည်။ ကာလမကောင်းစဉ်ဖြစ်၍ တံခါးတိုင်း အလုံပိတ်ထားသည်။ လေကြောင်းရန်လည်းရှိသဖြင့် ရေနံဆီ မီးအိမ်ကို မှိန်မှိန်သာ ထွန်းထားသည်။ မြိုင့်အသားလေးမှာ အရင်ကလိုပင် ဝါဝါဝင်းလေး ဖြစ်သည်။ နှာတံသည် သွယ်မြသွယ်၍ မျက်လုံးများက ကြည်မြကြည်သည်။ တောင့်တင်းကြော့ရှင်းသော ကိုယ်လေးသည် အရပ်ပိုရှည်လာသဖြင့် ပို၍သွယ်သွယ်လွင်လွင် ဝင့်ဝင့်ကြွားကြွားနိုင်သည်။ အမူအယာသွက်လက်ဖျတ်လတ်ခြင်းတွင် သိက္ခာဝင်ခဲ့သဖြင့် ရဲရင့်တည်ကြည်ခြင်းမှာ ပိုထင်ရှားလာ၏။

"မမမြိုင်တို့ ဘယ်လို ပွဲစားဖြစ်လာကြတာလဲ "

မြိုင်သည် စဉ်းစားရင်း ပြုံးသည်။

"မမမြိုင်ကြောင့်ပဲ ဆိုပါတော့ . . . ဂျပန်ဝင်စကတော့ ရှိတာလေးတွေ ထုခွဲစားကြသေးတယ်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## ဝန်ထမ်းအလိုရှိသည်

CRYSTAL DIAMOND LIVESTOCK CO.,LTD.

(Diamond Quality Chick & Feed)

CRYSTAL DIAMOND LIVESTOCK CO.,LTD.(Diamond Quality Chick & Feed)သည် မြန်မာနိုင်ငံ၏ မွေးမြူရေးရှေ့ဆောင်ကုမ္ပဏီတစ်ခုဖြစ်ပြီး အရည်အသွေးမြင့် မွေးမြူရေးအစားအစာများ၊ မွေးမြူရေး အသားစားကြက်မျိုးရင်းများ၊ ကြက်သားပေါက်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန် သွက်လက်၊ နိုးကြားတက်ကြွသော အောက်ပါဝန်ထမ်းများ အလိုရှိသည်။

1. Supervisor (မျိုးရင်းကြက်ခြံ၊ ရန်ကုန်) B.V.Sc Male(5)Posts
2. Engineer (မျိုးရင်းကြက်ခြံ၊ ရန်ကုန်) B.E, B.Tech, AGTI Male(3)Posts
3. Accountant CPA, ACCA, B.Com, D.A,L.C.C.I(Level-III) Female(3)Posts

လုပ်ငန်းအတွေ့အကြုံရှိသူများကို ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အပြည့်အစုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ ဘွဲ့လက်မှတ်မိတ္တူ၊ ဓာတ်ပုံ(၁)ပုံတို့နှင့်အတူ ၃၀-၅-၂၀၁၅ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာများအတိုင်း ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

လျှောက်လွှာလက်ခံမည့်နေရာများ

ရန်ကုန်-စ(၄၁)၊ စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်။

ဖုန်း-၀၁-၆၈၂၉၈၅၊ ၀၉-၇၃၀၄၉၃၇၉၊ ၀၉-၃၁၀၆၂၅၂၉

မန္တလေး-၃၅လမ်း၊ ၇၄×၇၅ကြား၊ ချမ်းအေးသာဇံမြို့နယ်။

ဖုန်း-၀၂-၆၁၅၀၉၊ ၀၂-၃၆၃၀၉

နေပြည်တော်-ပ(၁၅၇)၊ ပွဲရုံတန်း၊ ဘောဂသီရိကားဝင်း။

ဖုန်း-၀၆၇-၂၇၀၀၈၊ ၀၉-၃၁၀၀၅၉၄၅



## ကျေးဇူးတော်ရှင် တောင်မော်သာသနာ့ရိပ်သာ ဆရာတော်ကြီး၏ (၂)နှစ်ပြည့် ဒုတိယအကြိမ် ဂုဏ်ပူဇော်ပွဲ ဖိတ်ကြားခြင်း

ကျေးဇူးတော်ရှင် မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ တောင်မော်သာသနာ့ရိပ်သာ ဆရာတော်ကြီး ဘဒ္ဒန္တဝိသုဒ္ဓါစာရမထေရ်မြတ်ကြီး ခန္ဓာဝန်ချသည့် (၂)နှစ်ပြည့်သော ၁၃-၅-၂၀၁၅ရက်၊ (၁၃၇၇ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ရက်) (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီမှစ၍ ဆရာတော်ကြီး၏တပည့် ရဟန်းရှင်လူ ဒါယကာ၊ ဒါယိကာမများမှ လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ဖြင့် ဒုတိယအကြိမ် ဂုဏ်ရည်မှန်းဆ ဂုဏ်ပူဇော်ပွဲကျင်းပမည်ဖြစ်ပါသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ တောင်မော်ရွာ၊ မဟာဝိသုဒ္ဓါရာမကျောင်းတော်ကြီးသို့ ကြွရောက်၍ အတူတကွ ကုသိုလ်အမျှ ရယူနိုင်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ဂုဏ်ပူဇော်သဘင်ဖြစ်မြောက်ရေးကော်မတီ



## ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် (Starlets' Sky)

ဝါသနာရှင်ကလေးငယ်များအား ခေါ်ယူခြင်း

၁။ ဒဂုံအဖျော်ယမကာ ကုမ္ပဏီလီမိတက်၏ အဓိကကူညီ ပံ့ပိုးပေးမှုဖြင့်ကျင်းပလျက်ရှိသော **"ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်"** မြဝတီရုပ်မြင်သံကြားသီချင်းဆိုပြိုင်ပွဲအတွက် **အသက်(၈)နှစ်မှ (၁၅) နှစ်**အတွင်းရှိ ဝါသနာရှင်များ အမြန်အလိုရှိပါသည်။ စာရင်းပေးသွင်းပြီး အသံစစ်ဆေးမှုအောင်မြင်သော ကလေးများအား အောက်ပါအတိုင်းအခမဲ့ပံ့ပိုး ဆောင်ရွက်ပေးပါမည်-

(က) နယ်/မြို့တွင်းခရီးစဉ် ကြို/ပို့

(ခ) ပြိုင်ပွဲကာလနေထိုင်စားသောက်မှု

(ဂ) သီချင်းနည်းပြဖြင့် လေ့ကျင့်သင်ကြားပေးခြင်း

(ဃ) မိတ်ကပ်နှင့် ဆင်ယင်ထုံးဖွဲ့မှု

၂။ သို့ဖြစ်ပါ၍ ပြည်နယ်နှင့်တိုင်းအသီးသီးရှိဝါသနာရှင်များအား နီးစပ်ရာမြို့နယ်များတွင် စာရင်းပေးသွင်းခြင်းနှင့် အသံစစ်ဆေးခြင်းများအားဆောင်ရွက်ပေးမည်ဖြစ်၍ ယှဉ်တွဲပါဖုန်းနံပါတ်များသို့ အမြန်ဆုံးဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

➢ ရန်ကုန်– ၀၁– ၅၅၅၆၉၆ (Emperor Media)

➢ အမြို့မြို့ အနယ်နယ်ရှိဆက်သွယ်ရန် ရုံးခွဲများ

| | | |
|---|---|---|
| ၁၊ နေပြည်တော်–၀၆၇–၂၁၉၂၄ | ၄၊ မော်လမြိုင်–၀၅၇–၂၆၁၁၁ | ၇၊ မန္တလေး–၀၂–၄၅၅၅၅ |
| ၂၊ ပြည်–၀၅၃–၂၅၄၅၉၊ | ၅၊ မကွေး–၀၆၃–၂၅၉၃၀ | ၈၊ တောင်ကြီး–၀၈၁–၂၅၀၅၉ |
| ၃၊ တောင်ငူ–၀၅၄–၂၅၄၅၆ | ၆၊ ပခုက္ကူ–၀၆၂–၂၃၆၈၅ | ၉၊ မုံရွာ–၀၇၁–၃၀၄၂၂ |



## ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့ မော်တော်ယာဉ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနခွဲများ၊ မြို့နယ်စည်ပင်သာယာရေးဌာနများတွင် စည်ပင်သာယာရေးလုပ်ငန်းသုံး အုပ်ချုပ်မှုယာဉ်များ ဝယ်ယူလိုပါသည်။

| စဉ် | ယာဉ်အမည် | အမျိုးအစား | အရေအတွက် |
|---|---|---|---|
| (က) | TOYOTA Hilux Vigo | Smart Cab | (၁၂)စီး |
| (ခ) | TOYOTA Hilux | Extra Cab(အနိမ့်) | (၉)စီး |

၂။ မော်တော်ယာဉ်များ၏ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများသည် လျှောက်လွှာနှင့်အတူ ယာဉ်များထုတ်လုပ်သည့်နိုင်ငံ၊ အမည်၊ ယာဉ်ဈေးနှုန်း၊ မော်တော်ယာဉ်ဆိုင်ရာ အသေးစိတ်အချက်အလက်များ၊ ပုံစံများ၊ ကုမ္ပဏီ Profile များနှင့်အတူ လျှောက်ထားနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများအား အောက်ပါအတိုင်းတင်သွင်းနိုင်ပါသည်-

(က) တင်ဒါလျှောက်လွှာရယူနိုင်မည့်

နေ့ရက်- ၈-၅-၂၀၁၅ ရက် (သောကြာနေ့)

အချိန်- နာရီ- နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀ နာရီအထိ

နေရာ- ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့။

(ခ) တင်ဒါလျှောက်လွှာပိတ်မည့်

နေ့ရက်- ၁၄-၅-၂၀၁၅ ရက် (ကြာသပတေးနေ့)

အချိန်၊ နာရီ- ညနေ ၁၆း၃၀ နာရီအထိ

(ဂ) တင်ဒါလျှောက်လွှာတင်သွင်းရမည့်

နေ့ရက်- ၁၅-၅-၂၀၁၅ ရက် (သောကြာနေ့)

အချိန်၊နာရီ- နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီအထိ

နေရာ- ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့။

ယာဉ်ဈေးနှုန်းပေးချေခြင်းနှင့်ပတ်သက်၍ ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးချေရမည့် (With Holding Tax)ကို ခုနှိမ်ပြီး ကျန်ငွေအား အရစ်ကျပေးချေမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့ ဖုန်းနံပါတ် (၀၈၁-၂၁၂၃၉၁၅)သို့ဖြစ်စေ၊ တင်ဒါတင်သွင်းသူကိုယ်တိုင်လာရောက်၍ဖြစ်စေ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့

ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ



# ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားဖြစ်ထွန်းရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် သမဝါယမ

အမှတ်စဉ်(၁၁)

**ကြိုးစားတိုးပွား**

- အလုပ်ကြိုးစား တိုးပွားဥစ္စာ၊
- လိုအပ်တာသုံး အပိုမဖြုန်းနဲ့၊
- ကျင့်သုံးသေချာ စုဆောင်းပါက၊
- နောင်မှာတစ်နေ့ ချမ်းသာပေလိမ့်။

သမဝါယမကဏ္ဍမှဆောင်ရွက်နေသည့် အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းနှင့် Hire Purchase လုပ်ငန်းများအောင်မြင်ရေးအတွက် တာဝန်ယူဆောင်ရွက်ကြသည့် သမဝါယမဦးစီးဌာနအဆင့်ဆင့်ရှိဝန်ထမ်းများ၊ သမဝါယမအသင်းအဆင့်ဆင့်ရှိအသင်းအမှုဆောင်များနှင့် အသင်းဝန်ထမ်းများအတွက် အရည်အသွေးမြှင့်တင်မှုသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းပေါင်း ( ၆၈၄ ) ကြိမ် ဖွင့်လှစ်၍ သင်တန်းသားဦးရေ (၄၅၆၉၆) ဦးအား ဖွံ့ဖြိုးမြင့်မားစေရေး လေ့ကျင့်ပေးခဲ့ပြီးဖြစ်သည်။

## ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်အတွင်း သမဝါယမမွမ်းမံသင်တန်း ဖွင့်လှစ်ပေးနိုင်မှုအခြေအနေ

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | ဖွင့်လှစ်ခဲ့သည့်အကြိမ်အရေအတွက် | သင်တန်းသားအဆင့် | စုစုပေါင်းသင်တန်းသားဦးရေ | ဖွင့်လှစ်သည့်နေရာ |
|---|---|---|---|---|---|---|
| ၁ | အရာထမ်းများအဆင့်မြင့်သမဝါယမသင်တန်း | (၁၄)ရက် | (၁) ကြိမ် | သမဝါယမဦးစီးဌာနအဆောင့်အဆင့်မှ ဦးစီးအရာရှိနှင့် ဦးစီးမှူးများ | ၄၀၃ | သမဝါယမတက္ကသိုလ်/ကောလိပ်များ |
| ၂ | အမှုထမ်းများအဆင့်မြင့်သမဝါယမသင်တန်း | (၁၄)ရက် | (၂) ကြိမ် | ဌာနခွဲစာရေးများ | ၃၁၄ | သမဝါယမသင်တန်းကျောင်းများ |
| ၃ | အမှုထမ်းများအခြေခံသမဝါယမသင်တန်း | (၁၄)ရက် | (၂) ကြိမ် | အကြီးတန်းစာရေးများ | ၁၀၉ | သမဝါယမတက္ကသိုလ်ရောင်းဝယ်ရေးသင်တန်းကျောင်းများ |
| ၄ | တိုင်းဒေသကြီး/ ပြည်နယ်အသင်းအမှုဆောင်နှင့် အသင်းဝန်ထမ်းများသမဝါယမမွမ်းမံသင်တန်း | (၁၀)ရက် | (၂) ကြိမ် | တိုင်းဒေသကြီး/ပြည်နယ်အသင်းစုချုပ်များနှင့် မြို့နယ်အသင်းစုများရှိအသင်းအမှုဆောင်များ၊အသင်းသားများနှင့် အသင်းဝန်ထမ်းများ | ၅၀၀ | သမဝါယမတက္ကသိုလ်/ကောလိပ်များနှင့် သမဝါယမသင်တန်းကျောင်းများ |
| ၅ | တိုင်းဒေသကြီး/ပြည်နယ်ဌာနဝန်ထမ်းများသမဝါယမမွမ်းမံသင်တန်း | (၃)ရက် | (၄၄) ကြိမ် | တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနအဆင့်ဆင့်ရှိဝန်ထမ်းများ | ၁၀၇၅ | တိုင်းဒေသကြီး/ပြည်နယ်များ |
| ၆ | တိုင်းဒေသကြီး/ပြည်နယ်အသင်းအမှုဆောင်နှင့်အသင်းဝန်ထမ်းများလုပ်ငန်းခွင်ပညာပေးသင်တန်း | (၃)ရက် | (၆၃၃) ကြိမ် | အသင်းအမှုဆောင်များအသင်းသားများနှင့်အသင်းဝန်ထမ်းများ | ၄၃၃၀၀ | တိုင်းဒေသကြီး/ပြည်နယ်များ |
| စုစုပေါင်း | | | ၆၈၄ ကြိမ် | | ၄၅၆၉၆ | |



အမှုထမ်းများ အဆင့်မြင့်သမဝါယမ သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်

ဆက်လက်၍ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်း သမဝါယမဦးစီးဌာနအဆင့်ဆင့်ရှိဝန်ထမ်းများ၊ သမဝါယမအသင်းအဆင့်ဆင့်ရှိ အသင်းအမှုဆောင်များနှင့် အသင်းဝန်ထမ်းများအတွက် အရည်အသွေးမြှင့်တင်မှုသင်တန်းများကို အောက်ပါအတိုင်းဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ပါသည်-

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဖွင့်လှစ်ပို့ချမည့်အစီအစဉ်

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | ဖွင့်လှစ်မည့်အကြိမ်အရေအတွက် | တစ်ကြိမ်လျှင်တက်ရောက်မည့်သင်တန်းသားဦးရေ | ဖွင့်လှစ်မည့်စုစုပေါင်းအကြိမ်အရေအတွက် | စုစုပေါင်းတက်ရောက်မည့်သင်တန်းသားဦးရေ | သင်တန်းသားအရည်အချင်း | ဖွင့်လှစ်မည့်နေရာ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| ၁ | အရာထမ်းများအဆင့်မြင့်သမဝါယမသင်တန်း | (၁၄) ရက် | ၂ ကြိမ် | ၄၀၀ ဦး | ၂ ကြိမ် | ၈၀၀ ဦး | ဦးစီးအရာရှိများနှင့်သတ်မှတ်ထားသည့်ညွှန်ကြားရေးမှူးများ | သမဝါယမတက္ကသိုလ်/ကောလိပ်များ | |
| ၂ | အရာထမ်းများအခြေခံသမဝါယမသင်တန်း | (၁၄) ရက် | ၂ ကြိမ် | ၁၆၀ ဦး | ၂ ကြိမ် | ၃၂၀ ဦး | ဦးစီးမှူးများ | သမဝါယမသင်တန်းကျောင်းများ | |
| ၃ | အမှုထမ်းများအဆင့်မြင့်သမဝါယမသင်တန်း | (၁၄) ရက် | ၃ ကြိမ် | ၁၆၀ ဦး | ၃ ကြိမ် | ၄၈၀ ဦး | ဌာနခွဲစာရေး | သမဝါယမသင်တန်းကျောင်းများ | |
| ၄ | အမှုထမ်းများအခြေခံသမဝါယမသင်တန်း | (၁၄) ရက် | ၃ ကြိမ် | ၆၀ ဦး | ၃ ကြိမ် | ၁၈၀ ဦး | အငယ်တန်းစာရေးများအကြီးတန်းစာရေးများ | သမဝါယမတက္ကသိုလ်ရောင်းဝယ်ရေးသင်တန်းကျောင်းများ | |
| ၅ | စာရင်းစစ်များထိရောက်စွာစစ်ဆေးနိုင်ရေးမြှင့်တင်မှုသင်တန်း | (၁၄) ရက် | ၂ ကြိမ် | ၅၀ ဦး | ၂ ကြိမ် | ၁၀၀ ဦး | သမဝါယမတက္ကသိုလ်/ကောလိပ်များရှိဆရာ/ဆရာမများ | သမဝါယမတက္ကသိုလ်များ | |
| ၆ | စာရေး/စာရင်းများလုပ်ငန်းခွင်အကြိုသင်တန်း | (၁၄) ရက် | ၁ ကြိမ် | ၅၀ ဦး | ၁ ကြိမ် | ၅၀ ဦး | အသစ်ခန့်မည့်နည်းပြဆရာ/ဆရာမများ | သမဝါယမတက္ကသိုလ်များ | |
| ၇ | ကွန်ပျူတာသင်တန်း | (၁) လ | ၂ ကြိမ် | ၁၀ ဦး | ၂ ကြိမ် | ၂၀ ဦး | သမဝါယမဦးစီးဌာနရှိဝန်ထမ်းများ | သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ရုံး | |
| ၈ | အသင်းအမှုဆောင်နှင့်အသင်းဝန်ထမ်းများ သမဝါယမမွမ်းမံသင်တန်း | (၃) ရက် | ၁၂ ကြိမ် | ၅၀ ဦး | ၁၈၀ ကြိမ် | ၉၀၀၀ ဦး | အခြေခံသမဝါယမအသင်းအမှုဆောင်များနှင့်ဝန်ထမ်းများ | တိုင်းဒေသကြီး/ပြည်နယ်မြို့နယ်သမဝါယမဦးစီးဌာနများ | တိုင်းဒေသကြီး/ပြည်နယ်တစ်ခုလျှင် ၁၂ ကြိမ်နှုန်းထားဖွင့်မည် |
| ၉ | သမဝါယမအသင်းများလုပ်ငန်းပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း | (၃) ရက် | ၁၂ ကြိမ် | ၅၀ ဦး | ၁၈၀ ကြိမ် | ၉၀၀၀ ဦး | အသင်းအမှုဆောင်အသင်းသားများနှင့်အသင်းဝန်ထမ်းများ | တိုင်းဒေသကြီး/ပြည်နယ်သမဝါယမဦးစီးဌာန | တိုင်းဒေသကြီး/ပြည်နယ်တစ်ခုလျှင် ၁၂ ကြိမ်နှုန်းထားဖွင့်မည် |
| ၁၀ | သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်ကျွမ်းကျင်လုပ်သားအရည်အသွေးမြှင့်မှုများ | (၃) ရက် | ၆ ကြိမ် | ၁၆၀ ဦး | ၉၀ ကြိမ် | ၁၄၄၀၀ ဦး | အသင်းအမှုဆောင်အသင်းသားများနှင့်အသင်းဝန်ထမ်းများ | သမဝါယမသင်တန်းကျောင်းများ၊ သမဝါယမတက္ကသိုလ်ရောင်းဝယ်ရေးသင်တန်းကျောင်းများ | တိုင်းဒေသကြီး/ပြည်နယ်တစ်ခုလျှင် ၆ ကြိမ်ဖွင့်လှစ်ပါမည် |
| | စုစုပေါင်း | | | | ၄၆၅ ကြိမ် | ၃၄၃၅၀ ဦး | | | |

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းသင်တန်း (၄၆၅) ကြိမ်ဖြင့် သင်တန်းသား (၃၄၃၅၀) ဦးတို့ကို သင်တန်းပို့ချပေးသွားမည်ဖြစ်ပါသည်။



နိုင်ငံတော်သမ္မတဦးသိန်းစိန် ဆောင်းဖါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်းသို့ လာရောက်ကြည့်ရှုစဉ်

## အသက်မွေးဝမ်းကျောင်းပညာသင်တန်း ( Vocational Training ) များအရှိန်မြှင့်တင် ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိ

၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏လူဦးရေမှာ (၅၁) သန်းကျော်ရှိရာ သန်း (၃၀) ခန့်သည် အလုပ် လုပ်ကိုင်နိုင်သောလူဦးရေ Working Population ဖြစ်၍ ထိုအင်အားထုကြီးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်များထမ်းရွက်နေကြပါသည်။ ထိုအင်အားထုကြီးကို အရေအတွက်မှအရည်အချင်းသို့ ရောက်ရှိနိုင်ရန် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး Human Resource Development သည် လွန်စွာအရေးပါသည့်ကဏ္ဍဖြစ်၍ နိုင်ငံတော်မှ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးလာစေရန်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ယွန်းပညာကောလိပ် (ပုဂံ)၊ ဆောင်းဖါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံကျောင်းနှင့် ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း (၁၃) ကျောင်းတို့က မြန်မာ့ရိုးရာယွန်းပညာများ၊ ရက်ကန်း၊ စက်ချုပ်ဒီဇိုင်းနှင့် ချည်မျှင်ဆိုင်ရာအတတ်ပညာများ၊ အခြားအသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများဖြစ်သည့် စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်ထုတ်လုပ်နည်းသင်တန်း၊ စက်မောင်းစက်ပြင်သင်တန်း၊ လျှပ်စစ်သံဂဟေဆက်သင်တန်း၊ မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်း၊ ဓါတုနှင့်ဇီဝဓါတ်ခွဲခြင်းအခြေခံနည်းပညာလွှဲပြောင်းသင်တန်း၊ အခြေခံပရိဘောဂသင်တန်းများစသည်ဖြင့် အသက်မွေးဝမ်းကျောင်းသင်တန်း များစွာပို့ချပေးလျက်ရှိသည်။ ထိုသင်တန်းများသည် နိုင်ငံတွင်းရှိပြီးဖြစ်သော သယံဇာတပစ္စည်းများကို အဓိကအသုံးပြု၍ စက်မှုလက်မှုကုန်ချော များထုတ်လုပ်နိုင်ရန်၊ မြန်မာ့ရိုးရာလက်မှုအနုပညာများဖွံ့ဖြိုးတိုးတက်စေရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်ပေါ်ထွန်းလာစေရန်၊ မိသားစုဝင်ငွေများ တိုးပွားရရှိစေရန်နှင့် စံချိန်စံညွှန်းမီသည့် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်စေရန် ရည်ရွယ်သည်ဖြစ်ရာ သင်တန်းတက်လိုသူများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနများနှင့် သင်တန်းကျောင်းများသို့ဆက်သွယ်၍ မိမိတက်ရောက်လိုသည့် သင်တန်းများသို့ တက်ရောက်နိုင်ကြပြီဖြစ်သည်။

## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် ဖွင့်လှစ်ပေးခဲ့သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများနှင့် ၂၀၁၅ - ၂၀၁၆ ခုနှစ်တွင် လျာထားဖွင့်လှစ်မည့် နည်းပညာသင်တန်းများ

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | ၂၀၁၄ - ၂၀၁၅ | | ၂၀၁၅ - ၂၀၁၆ (လျာထားချက်) | |
|---|---|---|---|---|---|---|
| | | | ကြိမ်ရေ | ဦးရေ | ကြိမ်ရေ | ဦးရေ |
| ၁။ | သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ်လုပ်နည်းသင်တန်း | ၃ ရက် | ၄၁ | ၁၀၂၀ | ၆၄ | ၁၂၈၀ |
| ၂။ | လူသုံးကုန်နှင့်အလှကုန်ထုတ်လုပ်နည်းသင်တန်း | ၃ ရက် | ၈ | ၃၂ | ၂၇ | ၅၄၀ |
| ၃။ | အခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်း | ၄၅ ရက် | ၂ | ၂၀ | ၅ | ၁၀၀ |
| ၄။ | ရက်ကန်းပညာရပ်ဆိုင်ရာ ကာလတိုသင်တန်း | ၁ လ/၁၀ ရက် | ၁၄ | ၂၄၂ | ၃၈ | ၇၆၀ |
| ၅။ | ဝါးအခြေခံလက်မှုထည်ထုတ်လုပ်မှုသင်တန်း | ၁၅ ရက် | ၁၄ | ၃၁၅ | ၂၆ | ၅၂၀ |
| ၆။ | အခြေခံစက်ချုပ်သင်တန်း | ၄၅ ရက် | ၅ | ၁၅၀ | ၄ | ၈၀ |
| ၇။ | မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်း | ၄၅ ရက် | ၉ | ၂၀၄ | ၂၂ | ၄၄၀ |
| ၈။ | အခြေခံပရိဘောဂ၊ သံချည်သံကွေးနှင့်ပန်းရံသင်တန်း | ၂၄ ရက်/၁လ | ၃ | ၈၀ | ၆ | ၁၂၀ |
| ၉။ | ဓါတုနှင့်ဇီဝဓါတ်ခွဲခြင်းအခြေခံနည်းပညာလွှဲပြောင်းသင်တန်း | ၃ ရက် | ၁ | ၅ | - | - |
| ၁၀။ | နီနှင့်နီထွက်ပစ္စည်းထုတ်လုပ်မှုသင်တန်း | ၅ ရက် | ၁ | ၁ | - | - |
| ၁၁။ | စားသုံးဆီဓါတ်ခွဲနည်းပညာသင်တန်း | ၅ ရက် | ၁ | ၂ | - | - |
| ၁၂။ | အခြေခံထွန်စက်မောင်းသင်တန်း | ၁ လ | - | - | - | - |
| ၁၃။ | ချည်ထည်သင်တန်း | ၁ လ | - | - | - | - |
| ၁၄။ | ယွန်းနည်းပညာဆိုင်ရာ ကာလတိုသင်တန်း | ၃ လ | - | - | ၂ | ၄၀ |
| | စုစုပေါင်း | | ၉၉ ကြိမ် | ၂၀၇၂ ဦး | ၁၉၄ ကြိမ် | ၃၈၈၀ ဦး |

## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများပြဂရပ်




## သမဝါယမစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ( Substainable Development ) ရှိလာစေရန် မျှော်မှန်းဆောင်ရွက်လျက်ရှိ

သမဝါယမဝန်ကြီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားမြှင့်တင်ရေး ဆင်းရဲမှုလျှော့ချရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာန၏လုပ်ငန်းစဉ် ( ၅ ) ရပ်တွင် " လူမှုစီးပွားဘဝမြင့်မားစေရေးအထောက်အကူပြုရန်နှင့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ဖက်တစ်လမ်းမှအထောက်အပံ့ဖြစ်စေရန်ရည်ရွယ်၍ သမဝါယမအသင်းများကို ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုထိထိရောက်ရောက်ဆောင်ရွက်နိုင်သော သမဝါယမအသင်းများအဖြစ် အဆင့်မြှင့်တင်ရန်" ဟူသော လုပ်ငန်းစဉ်တစ်ရပ်ထည့်သွင်းထားရှိပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ သမဝါယမအသင်းများအဆင့်မြှင့်တင်ရာတွင် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှု သမဝါယမအသင်းများအတွက် အခြေခံကျသောငွေကြေးအရင်းအမြစ် (Financial Sources) များတိုးတက်ရရှိစေရန် အသင်းသားများ၏အစုငွေ၊ စုဆောင်းငွေများကိုအခြေခံပြီး သမဝါယမအသင်းများအချင်းချင်း ငွေကြေးဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်း ( Financial Network တည်ဆောက်ခြင်း )၊ China Exim Bank ချေးငွေများရယူခြင်းဖြင့် အသင်းသားစုဆောင်းငွေတိုးမြှင့်ခြင်းနည်းလမ်းများဖြင့် အသင်းများ၏ငွေကြေး အရင်းအနှီးများတိုးတက်စေလျက်ရှိသည်။ ထို့ပြင် အသင်းသားများအတွက်လိုအပ်သော လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် ပံ့ပိုးပေးခြင်းလုပ်ငန်းကိုလည်း တိုင်းဒေသကြီး/ ပြည်နယ် သမဝါယမအသင်းစုချုပ်နှင့် မြို့နယ်သမဝါယမအသင်းစုများကို အခြေခံထားပြီး သက်ဆိုင်ရာဌာနများ၊ CB Bank , China Exim Bank , Daedong Co., Ltd. စသည့် ပုဂ္ဂလိကကုမ္ပဏီများ၊ ပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့လုပ်ငန်းဆောင်ရွက်မှုများ တိုးတက်အောင်မြင်လာသည်နှင့်အမျှ သမဝါယမအသင်းများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရှိလာပြီး၊ အသင်းများ၏ ကုန်ထုတ်ခြင်း၊ အရည်အသွေးစစ်ဆေးထုတ်ပိုးခြင်း၊ ထိုက်တန်သောဈေးရရှိအောင် ဈေးကွက်တည်ဆောက်ခြင်း၊ ဈေးကွက်သို့ တင်ပို့ရောင်းချခြင်း လုပ်ငန်းစဉ် ( Production , Quality Grading , Packaging , Marketing and Selling Network ) တည်ဆောက်ခြင်းအတွက် သမဝါယမအသင်းသားများ၏ထုတ်လုပ်မှု၊ မြို့နယ်သမဝါယမအသင်းများ၏ ဝန်ဆောင်မှု၊ မြို့ကြီးများရှိ သမဝါယမအသင်းစုချုပ်များ၏ ဈေးကွက်တည်ဆောက်ရောင်းချမှု (Wholesales Market) တို့စုစည်းပြီး (Retail) ရောင်းချသူများ ( Super Market) များ၊ ဟိုတယ်များ၊ ပြည်ပတင်ပို့မှုများနှင့်ဆက်စပ်ကာ တည်ဆောက်သွားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်သည်။ အောင်မြင်နေသော အခြားနိုင်ငံများ၏ သမဝါယမများကဲ့သို့ မြန်မာနိုင်ငံသမဝါယမအသင်းများနှင့် အသင်းသားများကိုလည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု (Substainable Development) ရှိလာစေရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## လူမှုဘဝမြှင့်တင်ရေး သမဝါယမဖြင့် ဆောင်ရွက်ပေး


ဘိုးဘွားပိုင်မြေ
Prices from MMK 230,000 PSF*
C
THE CENTURY
A Timeless Experience
No. 218 Yangon-Insein Road,
Myanmar
Book Now
to grab the best units!
• Luxurious 24-storeys full facilities condominium
• 426 well-designed apartments
• မိမိရဲ့ အနာဂတ်မျိုးဆက်သစ်များအတွက် အဖိုးတန်အမွေအနှစ်
• မိသားစုတိုင်းအတွက်ပြီးပြည့်စုံသောအပန်း
ဖြေအနားယူစရာစုံလင်စွာဖြင့်လူတိုင်း၏အေး
ချမ်းသာယာမှုရရှိစေနိုင်မည့်နေရာကောင်း
မိသားစုတိုင်းအတွက် နှစ်လိုဖွယ်ပတ်ဝန်းကျင် | အဖိုးတန်ဆုံး ရင်းနှီးမြှုပ်နှံမှု | သင့်လျော်သည့် ဈေးနှုန်း | အကောင်းဆုံး ငွေပေးချေမှုစနစ်
• ရန်ကုန်မြို့၏ အချက်အချာကျသော (၆)လမ်းသွား ရန်ကုန် - အင်းစိန်လမ်းမ
ကြီးပေါ်တွင် တည်ရှိခြင်း၊
• ၁.၈ ဧကရှိ ဘိုးဘွားပိုင်မြေပေါ်တွင် နိုင်ငံခြားပညာရှင်များ တည်ဆောက်ထားသော
၂၄ထပ်နှင့် Basement ၂ထပ်ပါ Twin Tower အဆောက်အဦ
• မိသားစုများနှင့် အပန်းဖြေနိုင်ရန် အတွက် The Century Condo ၏ ၄ လွှာတွင်
- လူကြီးနှင့်ကလေးရေကူးကန်
- ပန်းဥယျာဉ် နှင့် ကလေးကစားကွင်း
- ကော်ဖီဆိုင် (Cafe)
- Gym & Yoga Room
- Sauna
- ခန်းမကျယ် (Function Hall)
- B.B.Q နေရာ
Inya Lake
Club House
Underground Carpark
Cafe
THA MAING BU TAR YONE RD.
PARAMI RD.
Future CBD
PARAMI RD.
PYAY RD.
PARAMI RD.
HLAING UNIVERSITY
THE CENTURY
BAHO RD.
MICT PARK
SALES GALLERY
YANGON-INSEIN RD.
BAYINT NAUNG RD.
INTERNATIONAL SCHOOL OF MYANMAR (ISM)
PYAY RD.
INYA LAKE
Gym Room
Mini Mart
3rd Floor Garden
BBQ Pit
Swimming Pool
Size from
1105 sq.ft. - 4130 sq.ft.
Room type
2/3/4 BEDROOMS & PENTHOUSES
HMA
Htun Myat Aung Co., Ltd
Sales Hotline:
09 431 25 582 & 09 301 66 888
အရောင်းပြခန်း - အမှတ် (၁၈၆)၊ ရန်ကုန် - အင်းစိန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
www.218century.com fb.com/218century
*Terms & Conditions Apply




## ကြော်ငြာလုပ်ငန်းများနှင့်ပတ်သက်၍ဆက်သွယ်ရန်

MOL MYANMAR ONLINE CO., LTD.
01-204013, 204107, 256726
advertisingmol@gmail.com

FAMILY Entertainment Group
01-557078, 09-5102878, 09-5077762
5plustvc@gmail.com



ကြော်ငြာ




















# ကျေးဇူးတင်လွှာ

## Coca-Cola Summer Festival

၁၃၇၇ ခုနှစ် မြန်မာ့အတာသင်္ကြန်မဏ္ဍပ်၏
Presenter Sponsor အဖြစ် ပံ့ပိုးကူညီပေးသော
**Coca-Cola Myanmar** အားလည်းကောင်း၊
Main Sponsor အဖြစ်ကူညီပံ့ပိုးပေးပါသော **Enervon-C** နှင့်
အရည်အသွေးမြင့်ရုပ်သံလိုင်း **4TV** အားလည်းကောင်း၊
အချိန်နှင့်တပြေးညီ ရိုက်ကူးထုတ်လွှင့်ပြသပေးသော
**MRTV-4** (Free To Air) နှင့် **Channel-7**(Free To Air) တို့အားလည်းကောင်း၊
Coca-Cola Summer Festival 2015 မဏ္ဍပ်တွင် လာရောက်
ဖျော်ဖြေတင်ဆက်ပေးကြသော **အနုပညာရှင်၊ အတတ်ပညာရှင်များအား**
လည်းကောင်း၊ MRTV-4, Channel-7, 4TV မှ
စောင့်မျှော်ကြည့်ရှုခဲ့ကြသော မြန်မာပြည်တစ်ဝှမ်းလုံးရှိ
4TV ကြည့် ပရိသတ်များအားလည်းကောင်း၊
လုံခြုံရေးနှင့်မဏ္ဍပ်စည်ကားရေးအတွက် တာဝန်ယူကူညီ
ဆောင်ရွက်ပေးပါသောဌာန ဆိုင်ရာအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်
**Coca-Cola Summer Festival 2015** မဏ္ဍပ်ရှေ့သို့
လေးရက်တိုင်တိုင်လာရောက်အားပေးကြသော ပရိသတ်များကို
**Forever Group** နှင့် **FG Entertainment** တို့မှ
အထူးကျေးဇူးတင်ရှိပါသည်။

















SAPPHIRE
A55

အပို Back Cover (၂)နှစ်ခု လက်ဆောင်ပါဝင်သည် ။
FREE GIFT
MEDIATEK
ချိုသာသော ဈေးနှုန်း နှင့်
စိတ်ကျေနပ်မှု ရစေမည် ...
Hot Line : 09-25 33 80008
09-25 33 80009
SINGTECH

SiES ENGLISHSCHOOL
အင်္ဂလိပ်စကားပြော
(၂)လအတတ်သင်တန်း
တန်းခွဲသစ်များ 9May မည်
* (၁၀)တန်းဖြေထားသူများအတွက်အထူး BASIC 4-SKILL ENGLISH
* လုပ်ငန်းခွင်ဝင်မည့်သူများအတွက် SPOKEN ENGLISH CLASS
* BAND-7 ရည်မှန်းထားသူများအတွက် IELTS preparation course
လှည်းတန်းမီးပွိုင့်အနီး 09 5406533

**အမည်ပြောင်းလဲခေါ်ပါရန်**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ကလုံမှော်ကျေးရွာနေ ဦးခင်မောင်သန်း-ဒေါ်လှလှအေးတို့၏သား မောင်သက်ဖြိုးဇော်ကို မောင်သက်ဖြိုးမောင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**သက်ဖြိုးမောင်**

သင့် သွေး ဖြင့် အ သက် ကယ် ပါ

KrisPLAZA
NAY PYI TAW
PRESTIGIOUS CONDOMINIUM AND COMMERCIAL PLAZA

နေပြည်တော်၏
အချက်အချာကျသော
နေရာတွင် တည်ရှိပြီး
ဆိုင်ခန်းများပါဝင်သော
အဆင့်မြင့်ကွန်ဒို
STARTING FROM US$ 116,100
1 Bed room
NAY PYI TAW


နေပြည်တော်ရှိ KrisPLAZA အရောင်းပြခန်းအား
မေလ(၈)ရက်နေ့မှစတင်၍ ဖွင့်လှစ်မည်ဖြစ်ကြောင်း
ဝမ်းမြောက်စွာဖြင့် သတင်းကောင်းပါးအပ်ပါသည်။
Yangon Sales Gallery
KYAIK KHAUK PAGODA ROAD, THANLYIN TOWNSHIP, YANGON, MYANMAR.
TELEPHONE: (056) 23150 ~ 3 EXT: 1126 (OR) 09 250 684 203
EMAIL :SALES@KRISPLAZANAYPYITAW.COM
Naypyitaw Sales Gallery (Near Gems Museum)
NO.(ZF-008), TAUNG HTEE SPECIAL LAND, THA PYAY GONE QUARTER, ZABU THIRI TOWNSHIP, NAY PYI TAW, MYANMAR.
TEL: (067) 8108281 MOBILE: 09 250 684203, 09 861 3659
www.krisplazanaypyitaw.com
A PRESTIGIOUS JOINT VENTURE OF
FMI
krislite LIGHTING SPECIALIST CO LTD

ပဲနွယ်ကုန်းအသင်း(ရန်ကုန်)ဖွဲ့စည်းနိုင်ရေးအတွက် တွေ့ဆုံညှိနှိုင်းအစည်းအဝေးအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ပဲနွယ်ကုန်းဒေသသူ/သားများ အားကြိုးမာန်တက်ဖြင့် တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။(ဖိတ်စာသီးခြားမပို့ပါ)

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၁၀-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | - | နံနက် ၁၁း၀၀နာရီမှ ၁၃း၀၀နာရီအထိ |
| ကျင်းပမည့်နေရာ | - | သစ်လုပ်ငန်းခမ္ဘာရုံ (ရွှေတိဂုံဘုရားတောင်ဘက်မုခ်) |

ကျွေးမွေးမည့်အစီအစဉ် - အလှူရှင်များမှ နေ့လယ်စာဖြင့် ဧည့်ခံပါမည်။

**ပဲနွယ်ကုန်းအသင်း(ရန်ကုန်)ဖြစ်မြောက်ရေးကော်မတီ**

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V GOLDEN FAN V.26 သင်္ဘောသည် ၉-၅-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
## ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မီးသတ်ဦးစီးဌာန၏ လှည်းကူး-နေပြည်တော်(အမြန်လမ်း)၊ ကျောက်တန်း(တံတား)၊ တိုက်ကြီး (ဥက္ကံ)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ကျောက်တန်း၊ ထန်းတပင်၊ မင်္ဂလာတောင်ညွန့်၊ ဆိပ်ကြီးခနောင်တို စသည့်မြို့နယ်များတွင် အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအတွက် လိုအပ်သော မီးငြိမ်းသတ်ယာဉ်၊ မီးသတ်ရေသယ်ယာဉ်၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ၊ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါလုပ်ငန်းများအတွက် ပြည်တွင်း မြန်မာနိုင်ငံသားပုဂ္ဂလိက လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများကို ၆-၅-၂၀၁၅ရက်မှစတင်၍ ဝယ်ယူနိုင်ပြီး ၁၅-၅-၂၀၁၅ရက်၊ ညနေ ၁၆း၃၀နာရီနောက်ဆုံးထား၍ ပေးပို့တင်သွင်းသွားရန်ဖြစ်ပြီး တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင်ပါဝင်ရမည့် အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံး၊ အမှတ်(၁၃၇)၊ ဆူးလေဘုရားလမ်းတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်နှင့်အညီ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာ တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profileတို့ ကိုတင်ပြရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံး၊ အမှတ် ၁၃၇၊ ဆူးလေဘုရားလမ်း၊ ဖုန်း ၀၁-၃၈၄၄၂၀သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

SiES
ဧည့်လမ်းညွှန်
ဝန်ဆောင်မှုအတတ်ပညာသင်တန်း
TOURISM RUNNING COMMENTARY
tourist guide တစ်ယောက်အနေဖြင့် သင်အိမ်ရှင်သည်ကို
- attraction များ Culture များ Historical
Background များ ...
monuments ...
Note များ
ENGLISH GERMAN CHINESE
MAY+JUNE+JULY (၃လသင်တန်း)
9 MAY 2015 ...
လှည်းတန်းမီးပွိုင့်ထောင့်ရန်ကုန် - အင်းစိန်လမ်းမကြီး 09-5406533

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

| | | | | |
|---|---|---|---|---|
| (၁) | ၃၉ လမ်း | (မြေညီ) | ၁၂½'×၄၀' | (ပြင်ပြီး) |
| (၂) | မကြီးကြီးလမ်း | (၆)လွှာ | ၂၀'×၆၀' | (ကားပါကင်ပါ) |
| (၃) | သီရိမင်္ဂလာလမ်း | (၆)လွှာ | ၁၅'×၆၀' | (ပြင်ပြီး) |
| (၄) | သီရိမင်္ဂလာလမ်း | (ဒါဘာ) | ၃၀'×၆၀' | |
| (၅) | ညောင်နှစ်ပင်ဇုန်-၃ | (၁၀ဧကေ) | ဂရန်ပါ | |
| (၆) | တွံတေးမြို့ | (၂. ၂၈ ဧက) (စက်ရုံဆောက်ရန်သင့်တော်) | | |

**ဖုန်း - ၀၉-၂၆၂၀၇၂၉၆၂၊ ၀၉-၇၃၂၄၉၅၉၇၊ ၀၉-၂၅၁၀၂၃၀၀၃၊ ၀၉-၂၆၁၂၈၅၀၂၇၊ ၀၉-၄၄၈၀၂၁၆၂၀**

ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

**ဦးယုစိန်(ရေကြည်)**

**အသက်(၈၆)နှစ်**

Max Myanmar Holding Co.,Ltd ဥက္ကဋ္ဌ ဦးဇော်ဇော်-ဒေါ်ဌေးဌေးခိုင် တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးယုစိန်သည် စင်ကာပူနိုင်ငံ Mount Elizabeth Hospital တွင် ၅-၅-၂၀၁၅ရက်(အင်္ဂါနေ့) Singapore ဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Max Myanmar Holding Co.,Ltd.**

**ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဒါယကာကြီး**

**ဦးယုစိန်(ရေကြည်)**

**အသက်(၈၆)နှစ်**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်-ဒေါ်ဌေးဌေးခိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးယုစိန်သည် စင်ကာပူနိုင်ငံ Mount Elizabeth Hospital တွင် ၅-၅-၂၀၁၅ ရက် (အင်္ဂါနေ့) Singapore ဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်**

**ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**သရေစည်သူဦးသိန်းထိုက်**

**ပြည်ထောင်စုစာရင်းစစ်ချုပ်**

**ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)**

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၃၀)ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၂၄၄)နေ (ဦးမြငွေ-ဒေါ်သန်းမြင့်)တို့၏သား၊ ဒေါ်မြမြဦး၏ချစ်လှစွာသောခင်ပွန်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) သရေစည်သူဦးသိန်းထိုက်သည် ၃-၅-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁း၂၀ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှမြင့်နှင့်ဇနီးဒေါ်ခင်အေးနွယ်**

**ရန်ကုန်မြို့တော်ဝန်နှင့် စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

**ဦးယုစိန်(ရေကြည်)**

**အသက်(၈၆)နှစ်**

Max Myanmar Holding Co.,Ltd ဥက္ကဋ္ဌ ဦးဇော်ဇော်-ဒေါ်ဌေးဌေးခိုင် တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးယုစိန်သည် စင်ကာပူနိုင်ငံ Mount Elizabeth Hospital တွင် ၅-၅-၂၀၁၅ရက်(အင်္ဂါနေ့) Singapore ဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Ayeyar Myanmar Insurance Co.,Ltd.**

**ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်ကျော်ထူး**

**အသက်(၆၅)နှစ်**

Galaxy Developers Co.,Ltd တွင် တာဝန်ထမ်းဆောင်နေသော HR Officer ဒေါ်ဖူးယုကျော်ကျော်၏ဖခင် ဦးကျော်ကျော်ထူးသည် ၄-၅-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**CEO နှင့်ဝန်ထမ်းများ Galaxy Developers Co.,Ltd**

## ဝမ်းနည်းကြေကွဲခြင်း

**သရေစည်သူ ဦးသိန်းထိုက်**

**ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)**

**အသက်(၆၄)နှစ်**

ဒေါ်မြမြဦး၏ ခင်ပွန်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးသိန်းထိုက်သည် ၃-၅-၂၀၁၅ ရက် နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ACCA(Myanmar) Office**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်ဝင်း**

**(အောင်ဝင်းနှင့်ညီများ စက်သုံးဆီရောင်းဝယ်ရေး)**

**အသက်(၆၁)နှစ်၊ (မိတ္ထီလာ)**

ဒေါ်ညွန့်ရီ၏ခင်ပွန်း ဦးအောင်ဝင်းသည် ၂-၅-၂၀၁၅ရက် မွန်းလွဲ ၂း၄၅နာရီတွင် ကွယ်လွန်ခဲ့ပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မဟာဒုတ်အဖွဲ့(သူငယ်ချင်းများ)**

## အထူးဝမ်းနည်းကြေကွဲခြင်း

စိတ်နှလုံးဖြူစင်တဲ့ကျေးဇူးရှင်ဆရာ ဦးအောင်ကျော်စိုး အသက်(၅၂)နှစ် (မြန်မာ့စီးပွားရေးဘဏ်၊ ရုံးချုပ်)သည် ၂၄-၄-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် နှမြောတသ ယူကျုံးမရ ဖြစ်ရပါသည်။

**ကိုမြင့်ဦး[မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်ခွဲ(၁)]**

**အောင်ဇင်မင်း(မြန်မာ့စီးပွားရေးဘဏ်၊ မူဆယ်မြို့)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**မောင်စံမင်းမောင်**

**အသက်(၂၃)နှစ်**

ဦးဝဏ္ဏမောင်-ဒေါ်ခင်ပပတို့၏သားကြီး မောင်စံမင်းမောင် အသက်(၂၃)နှစ်သည် ၂၃-၄-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၅နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၊ Samitivej Hospital ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမန်းဝင်းတင်-ဒေါ်နန့်ကြင်ကြင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**သရေစည်သူ ဦးသိန်းထိုက်**

**ပြည်ထောင်စုစာရင်းစစ်ချုပ်**

**ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)**

**အသက်(၆၄)နှစ်**

ပြည်ထောင်စုစာရင်းစစ်ချုပ် သရေစည်သူ ဦးသိန်းထိုက် (ဒုတိယဗိုလ်ချုပ်ကြီး-ငြိမ်း)အသက်(၆၄)နှစ်သည် ၃-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

**ဦးယုစိန်(ရေကြည်)**

**အသက်(၈၆)နှစ်**

ဧရာဝတီဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးဇော်ဇော်-ဒေါ်ဌေးဌေးခိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးယုစိန်သည် စင်ကာပူနိုင်ငံ Mount Elizabeth Hospital တွင် ၅-၅-၂၀၁၅ရက်(အင်္ဂါနေ့) Singapore ဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဧရာဝတီဘဏ်လီမိတက်**

**ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

သားဖွားမီးယပ်အထူးကု ဒေါက်တာဒေါ်မေသူမျိုးညွန့်၏ဖခင် ဦးမျိုးညွန့် အသက်(၈၅)နှစ်သည် ၂၉-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဝမ်းနည်းကြေကွဲရပါသည်။

**SAKURA HOSPITAL အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့်**

**ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

**ဦးယုစိန်(ရေကြည်)**

**အသက်(၈၆)နှစ်**

ဧရာဝတီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဇော်ဇော်-ဒေါ်ဌေးဌေးခိုင်တို့၏ ကျေးဇူးရှင် ဖခင်ကြီး ဦးယုစိန်သည် စင်ကာပူနိုင်ငံ Mount Elizabeth Hospital တွင် ၅-၅-၂၀၁၅ရက်(အင်္ဂါနေ့) Singapore ဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဧရာဝတီဖောင်ဒေးရှင်း**

**ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဒါယကာကြီး**

**ဦးယုစိန်(ရေကြည်)**

**အသက်(၈၆)နှစ်**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်-ဒေါ်ဌေးဌေးခိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးယုစိန်သည် စင်ကာပူနိုင်ငံ Mount Elizabeth Hospital တွင် ၅-၅-၂၀၁၅ ရက် (အင်္ဂါနေ့) Singapore ဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Max Energy Co.,Ltd**

**ဝန်ထမ်းမိသားစုများ**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဒါယကာကြီး

## ဦးယုစိန်(ရေကြည်)

## အသက်(၈၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နေ ဒေါ်စိန်စိန်၏ခင်ပွန်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၏ ကျေးဇူးရှင်ဖခင် ဦးယုစိန်သည် ၅-၅-၂၀၁၅ရက် (အင်္ဂါနေ့) စင်ကာပူ ဒေသစံတော်ချိန် ၁၂း၅၂ နာရီတွင် စင်ကာပူနိုင်ငံ Mount Elizabeth ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဧရာဝတီယူနိုက်တက် FC ဘောလုံးအသင်းအနေနှင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဧရာဝတီယူနိုက်တက် FC အသင်းပိုင်ရှင်များ၊**

**ဘောလုံးသမားများနှင့် ဝန်ထမ်းများ**

Hot Line No-0930500100

# (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်




အနုပညာရှင်များက ထိန်းသိမ်းစို့လေ၊ တို့အမွေ တေးသီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေတင်ဆက်စဉ်။

သတင်း စာမျက်နှာ » ၉

ယနေ့ **မာတိကာ**

ထားဝယ်အထူး စီးပွားရေးဇုန် လုပ်ငန်းသဘောတူ စာချုပ် ဇွန်လတွင် ချုပ်ဆိုမည်

စာမျက်နှာ - ၁၀

ဘာစီလိုနာကို ဘိုင်ယန်မယှဉ်နိုင်၊ မက်ဆီရဲ့ပွဲ ဖြစ်ခဲ့တဲ့ ချန်ပီယံလိဂ်

စာမျက်နှာ - ၁၃

## ထိုင်းနိုင်ငံ SPCG ကုမ္ပဏီက ၂၀၁၅နှစ်ကုန်တွင် မြန်မာနိုင်ငံ၌ လျှပ်စစ်ကွန်ရက်စနစ် အကောင်အထည်ဖော်မည်

**ရန်ကုန် မေ ၇**

ထိုင်းနိုင်ငံ၏ အကြီးဆုံးနေရောင်ခြည်စွမ်းအင်ကုမ္ပဏီ SPCG သည် မြန်မာနိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျော့ကျစေရန်အတွက် ၂၀၁၅ ခုနှစ်အကုန်တွင် အရွယ်အစားသေးငယ်သည့် နေရောင်ခြည်စွမ်းအင်အသုံးပြုလျှပ်စစ်ကွန်ရက်စနစ်ကို စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့လုပ်ဆောင်ခြင်းအားဖြင့် မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများဖြစ်သည့် ရန်ကုန်နှင့် မန္တလေးအပါအဝင် အခြားသောမြို့များရှိ စက်ရုံအလုပ်ရုံများနှင့် လူနေအိမ်များသို့ လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ၏ အကြီးဆုံးနေရောင်ခြည်စွမ်းအင်ကုမ္ပဏီ SPCG မှ အမှုဆောင်အရာရှိချုပ် Wandee Khunchornyakong က ပြောကြားခဲ့သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❒

## ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မြန်မာနှင့် ဩစတြေးလျ ဆုံတွေ့

သတင်းနှင့်ဓာတ်ပုံ - ချစ်ကိုကို



အာဆီယံအမျိုးသမီးဘောလုံး ချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ဗီယက်နမ်နိုင်ငံဟိုချီမင်းမြို့ရှိ Thing Nhat ကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ဩစတြေးလျအသင်းနှင့်ဆုံတွေ့နေပြီး မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲ၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အခြားပွဲစဉ်အဖြစ် ဗီယက်နမ်နှင့်ထိုင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များအပြီးတွင် နာမည်ကြီးအသင်းလေးသင်းစလုံး တက်ရောက်နိုင်ခဲ့ပြီး အုပ်စု(က)မှ ဩစတြေးလျ ယူ-၂၀ အသင်းနှင့်ထိုင်းအသင်း၊ အုပ်စု(ခ) မှ ဗီယက်နမ်အသင်းနှင့် မြန်မာအသင်းတို့ တက်ရောက်နိုင်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် အုပ်စုပွဲစဉ်များတွင် ပထမပွဲ၌ ဗီယက်နမ်အသင်းကို

**စာမျက်နှာ ၈ ကော်လံ ၅ သို့** ○




themirror.npt@gmail.com
www.facebook.com/themirrordaily